မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၃၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၃ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအလုပ်သမားဝန်ကြီးများအား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအလုပ်သမားဝန်ကြီးများအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအလုပ်သမားဝန်ကြီးများအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ နေပြည်တော်၌ကျင်းပလျက်ရှိသည့် (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ဘရူနိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Pehin Dato Haji Awang Halbi Yusof၊ ကမ္ဘောဒီးယားနိုင်ငံ အလုပ်သမားဝန်ကြီး H.E.Dr. Ith Sam Heng၊ အင်ဒိုနီးရှားနိုင်ငံအလုပ်သမားဝန်ကြီး Mr. Aboul Muhaimin Iskandar၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mrs. Baykham Khattiya၊ မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီး H.E.Dato Sri Richard Riot Jeam၊ ဖိလစ်ပိုင်နိုင်ငံအလုပ်သမားဝန်ကြီး H.E. Mrs. Rosalinda Dimapilis-Baldoz၊ စင်ကာပူနိုင်ငံ ခေတ္တအလုပ်သမားဝန်ကြီး H.E. Mr. Tan Chuan-Jin၊ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ

စာမျက်နှာ ၁၀ ကော်လံ ၁

အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်လျက်ရှိသော မြစ်သာမြစ်(ဒုဋ္ဌဝတီမြစ်)ကို ကျောက်မဲမြို့တောင်ဘက် မိုင် ၂၀ အကွာ၌ တွေ့ရစဉ်။

သတင်း၊ စာမျက်နှာ-၇

ဆန္ဒပြမှုများအဆုံးသတ်ရေး ဆွေးနွေးပွဲများ မအောင်မမြင်ဖြစ်ပွားပြီးနောက် ထိုင်းစစ်ဘက်က အာဏာသိမ်းယူ

စာမျက်နှာ » ၅

သီပေါမြို့ကို ဒုဋ္ဌဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် နိုင်ငံတော်မှ ရေကာတာတည်ဆောက်ပေး၍ ဝမ်းမြောက်

စာမျက်နှာ » ၆

ပြည်သူ့အားမာန်ဟိုင်းလပ်ယာဉ် ပဲခူးတွင်တိမ်းမှောက်

စာမျက်နှာ » ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆင်းရဲခြင်းလွတ်ကင်းအောင်

ကျွန်ုပ်တို့နိုင်ငံ၌ လာမည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ တစ်နည်းဆိုလျှင် ပြည်သူလူထု၏ ဆင်းရဲမှုနှုန်း ၁၀ ရာခိုင်နှုန်းတိတိ လျှော့ချသွားနိုင်ရန် ယခု ၂၀၁၄ ခုနှစ်သည် အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့်နှစ်ဖြစ်ပါသည်။ ယင်းအတွက် အစီအမံများဖြင့် ထိထိရောက်ရောက်ဆောင်ရွက်နေသည်ဟုလည်း ယူဆမိပါသည်။

အမှန်ဆိုရလျှင် ဆင်းရဲမှုနှုန်းလျှော့ချရေးသည် အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ စားဝတ်နေရေးခက်ခဲကျပ်တည်းနေသူများကို အဆင်ပြေအောင်တိုးတက်သည့် လူမှုအသိုက်အဝန်းအဖြစ် ထူထောင်ရန် စိန်ခေါ်မှုများစွာရှိနေသည်က အမှန်ပင်ဖြစ်ပါသည်။ သို့သော်ငြားလည်း ထိုစိန်ခေါ်မှုအကျပ်အတည်းများကြားမှ ရုန်းကန်ကြိုးစားပြီး ဆင်းရဲခြင်းလွတ်ကင်းအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။

ဤသို့ ဆင်းရဲမှုလျှော့ချရာတွင် အဓိကအားဖြင့် အချက်ကြီးနှစ်ချက်ရှိပါသည်။ ရေ၊ မီး၊ ကျောင်း၊ ဆေးရုံဆေးခန်း၊ လမ်းများ အဆင့်မြှင့်တင်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ငန်းများ ထူထောင်နိုင်ရန် ငွေကြေးအရင်းအနှီးများ မတည်ဖန်တီးပေးခြင်းတို့ပင်ဖြစ်ပါသည်။ ဤအချက် နှစ်ချက်ကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဆိုလျှင် ဆင်းရဲမှုနှုန်းသည် သိသိသာသာလျော့ကျလာမည်ဖြစ်ပါသည်။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ထိုအချက်ကြီးနှစ်ချက်ကို ပီပီပြင်ပြင်ဖော်ဆောင်လျက်ရှိပါသည်။ ဖွံ့ဖြိုးမှုနောက်ကျနေသောနယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်းကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ တိုးမြှင့်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါသည်။ ထို့အပြင် ကျေးလက်သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးလင်းရေးတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း သိရသည်။

တစ်ဖန် သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသများနှင့်ဝင်ငွေနည်းမိသားစုများအား ငွေကြေးအရင်းအနှီးများ ထုတ်ချေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ စပါးခြွေလှေ့စက်၊ အပ်ချုပ်စက်၊ မော်တော်ကား၊ ဆိုင်ကယ်နှင့် ဆိုက်ကားပါမကျန် အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏အရင်းအနှီးအတွက် ငွေကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းထုတ်ချေးခဲ့သည့်အပြင် တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုးအရေအတွက် ၄၇၆၅ ခုကို အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးထားပြီဖြစ်ကြောင်း သိရသည်။ ဤသည်မှာ ငွေကြေးအရင်းအနှီးနှင့် လုပ်ငန်းများ ထူထောင်ပေးခြင်းပင်ဖြစ်ပါသည်။

သို့ပါ၍ အထက်ကဆိုခဲ့သည့်အချက်ကြီးနှစ်ချက်ကို ဟန်ချက်ညီညီသွက်လက်မြန်ဆန်စွာ ဖော်ဆောင်ပေးလာနိုင်သည်နှင့်အမျှ ဆင်းရဲမှုနှုန်းသည်လည်း တဖြည်းဖြည်းလျော့ကျလာမည်ဖြစ်ပါသည်။ သို့သော် မည်သည့်ကိစ္စမဆို အခက်အခဲအကျပ်အတည်းများ ရှိတတ်ပါသည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဇွဲရှိခြင်းတို့ဖြင့် ဆင်းရဲခြင်းလွတ်ကင်းအောင် ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် အသင်းအဖွဲ့ဆိုင်ရာဥပဒေကြမ်းများကို စိစစ်အတည်ပြု

နေပြည်တော် မေ ၂၂

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအစည်းအဝေးကို ၂၀၁၄ ခုနှစ် မေ ၂၀ ရက် နံနက် ၁၀ နာရီက လွှတ်တော်ရုံး အိုင်ဆောင်အမှတ် (၂) အပေါ်ထပ်ရှိ ဥပဒေကြမ်းကော်မတီရုံး၌ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့်နှင့်တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ပြင်ဆင်ချက် ၂၀ ချက်ကိုစိစစ်အတည်ပြုခဲ့ကြောင်း သိရှိရသည်။

မွန်းတည့် ၁၂ နာရီတွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့လာသော ပြင်ဆင်ချက် (၅၈)ချက်အနက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူသည့်အချက်(၃၆) ချက်ရှိပြီး ထပ်မံပြင်ဆင်သည့် အချက် (၂၂) ချက်အပေါ်တွင် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့်ကော်မတီဝင်များ တက်ရောက်ကြပြီး ပြင်ဆင်ချက်များကို စိစစ်အတည်ပြုခဲ့ကြောင်း သိရသည်။

အတည်ပြု

မွန်းလွဲ ၂ နာရီတွင် အသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဥပဒေကြမ်းကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် အချက် (၅၇) ချက်ပေါ်တွင် ပြင်ဆင်ပေးပို့လာသည့် အချက်များကို ပြည်သူ့လွှတ်တော်တွင် အတည်ပြုနိုင်ရန် စိစစ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းတွင် လူမှုကူညီရေးအသင်းများနှင့်ဆေးရုံဝန်ထမ်းများ လက်တွဲ မြို့နယ်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်

ကျောက်ပန်းတောင်း မေ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လူမှုကူညီရေးပရဟိတအသင်းများစုပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ပေါင်းမြက်အမှိုက်များရှင်းလင်းခြင်း၊ လူနာဆောင်များ ရေဆေးသန့်စင်ခြင်းလုပ်ငန်းများကို မေ ၂၀ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ကူညီဆောင်ရွက်

ကျောက်ပန်းတောင်းမြို့နယ်တွင် သုဂတိရှင်နာရေးကူညီမှုအသင်းက ဦးဆောင်၍ လစဉ် ၁၅ ရက်တိုင်း၊ မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပလေ့ရှိပြီး မေ ၁၅ ရက်တွင်ပြုလုပ်ခဲ့သည့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ မြို့နယ်ပြည်သူ့ဆေးရုံ၏ လိုအပ်ချက်များကို ဆေးရုံတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်သွားရန်နှင့် လစဉ်လိုအပ်ချက်ရှိနေသည့် ဆေးဝါး/အာဟာရနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို လူမှုကူညီရေးအသင်းများနှင့်စေတနာရှင် အလှူရှင်များ၏အားကိုရယူ၍ ဖြည့်ဆည်း ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုသန့်ရှင်းရေးလုပ်ငန်းလေးတွေကို မြို့ပေါ်နဲ့ နီးစပ်ရာကျေးရွာ လူမှုကူညီရေးအသင်းတွေ စုပေါင်းပြီး ဆေးရုံဝန်ထမ်းတွေနဲ့ လက်တွဲပြီးတော့ အလျဉ်းသင့်သလို ဆောင်ရွက်သွားကြဖို့ရှိပါတယ်။ ရည်ရွယ်ချက်ကတော့ ဆေးရုံဝန်ထမ်းတွေနဲ့ မြို့ပေါ်မှာရှိတဲ့ လူမှုရေးအသင်းတွေ ချစ်ချစ်ခင်ခင် ပူးပေါင်းပြီး မြို့နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အောင်မြင်အောင်ဆောင်ရွက်သွားဖို့နဲ့ဆေးရုံရဲ့လိုအပ်ချက်တွေကို တတ်နိုင်သမျှဝိုင်းဝန်းဖြည့်ဆည်းသွားဖို့ပါ" ဟု ဆွေသဟာလူမှုကူညီရေးအသင်းမှ ဦးသက်လှိုင်ကပြောသည်။

ယနေ့ပြုလုပ်သော စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ မုဒိတာ၊ ဆွေသဟာ၊ သီရိပရဟိတ၊ မေတ္တာရောင်ပြန်၊ မာဃလုပ်၊ မေတ္တာရေကြည်၊ စိတ်လှသူ၊ သစ္စာကာရီ၊ မေတ္တာရိပ်နှင့် ဝေနေယျပဉ္စအစရှိသည့်လူမှုကူညီရေးအသင်း ၁၀ သင်းမှအသင်းသူ/အသင်းသား ၂၁၅ ဦးတို့သည်၊ သုဂတိရှင်နာရေးကူညီမှုအသင်းအမှုဆောင်နာယကဒေါက်တာ စောယုရှိန်၏ဦးဆောင်မှုဖြင့်ဆေးရုံကြီးအနောက်ဘက်ရင်ခွဲရုံဝန်းကျင်၊ ဝန်ထမ်းများနေအိမ်တန်းလျားဝန်းကျင်၊ သံဃာဆောင်ဝန်းကျင်တို့တွင် ပေါင်းမြက်များ ရှင်းလင်းမီးရှို့ခြင်း၊ လူနာဆောင်များကို ရေဝတ်တိုက်သန့်ရှင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေအောင်(မြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

E-government ဆက်ကြောင်းအတွက် လိုအပ်သည့်ပစ္စည်းများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နေပြည်တော်ရှိ အစိုးရဌာနများတွင် E-government ဆက်ကြောင်းများဆောင်ရွက်ရာ၌ လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **ဖိုင်ဘာကေဘယ်နှင့်ဆက်စပ်ပစ္စည်းများ**
- ၁။ F.O.C 12 Core Single Mode (U/G Armoured Cable) 46 Km
- ၂။ F.O.C 12 Core Single Mode (SS O/H Cable) 42 Km
- ၃။ F.O.C Accessories 1 lot

(ခ) **ဖိုင်ဘာကေဘယ်လိုင်းတည်ဆောက်ခြင်းဆက်စပ်ပစ္စည်းများ** 1 lot

(ဂ) **DATA Network နှင့်ဆက်စပ်ပစ္စည်းများ**
- ၁။ Cisco Layer 3 Switch WS-C3750X-24T-S 5 nos
- ၂။ C3KX-NM-10G 9 nos
- ၃။ SFP-10G-L-R 18 nos
- ၄။ Network Cable and Accessories 1 lot
- ၅။ Wi-Fi Point to Point Long Range (Turrn Key Solution) 8 sets
- ၆။ Network Management System for Wi-Fi Network 1 lot

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/- နှုန်းဖြင့်ဝယ်ယူနိုင်ပြီး ၂၃-၆-၂၀၁၄ရက် ၁၅း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသောတင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော် ဒုတိယအထွေထွေမန်နေဂျာရုံးရှိ အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နေပြည်တော်ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်

ဖုန်း-၀၆၇-၅၀၁၇၇၇၊ ၀၆၇-၅၀၁၁၀၄၊ ၀၉-၈၆၃၀၀၁၁၊ ၀၉-၆၈၀၀၀၄၁

အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ S-12 အိတ်ချိန်း

ဖုန်း-၀၆၇-၄၂၁၁၁၀၊ ၀၉-၄၅၀၀၀၀၀၇၀၊ ၀၉-၄၅၀၀၀၀၀၈၄

ဓာတ်အားခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးရန်ကုန်အရှေ့ပိုင်းခရိုင်၊မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းတွင် ရေမြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဦးဖိုးကျားလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ ရေမြောင်းနှင့်မလွတ်ကင်းသော ဓာတ်တိုင်များကို ပြောင်းရွှေ့ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၃-၅-၂၀၁၄ရက် (သောကြာနေ့) ၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် ဓာတ်အားခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

(က) မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်/ရှေ့ရပ်ကွက်၊ ကန်/တောင်ရပ်ကွက်၊ ကန်/နောက်ရပ်ကွက်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း ဆိုင်ခန်းများ၊ မောင်ဝိတ်+ဝါဝါဝင်းအိမ်ရာ။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ယာဉ်မောင်းအလိုရှိသည်

Pyei Taw Moe Co.,Ltd.တွင် လိုင်စင်(အနီ) ယာဉ်မောင်း(၂)ဦး အလိုရှိသည်။ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၈)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေအပိုင်းလေး ဘောက်ထော်

ဖုန်း-၀၉-၅၁၁၃၄၀၁၊ ၅၄၈၂၉၇၊ ၅၄၃၆၉၆၊ ၄၀၀၄၇၈

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

၂၀၁၄ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်များစတင်ဖွဲ့စည်းခဲ့သည်မှာ သက်တမ်း ၃ နှစ်နှင့် ၅ လရှိခဲ့ပြီး အစည်းအဝေး (၉) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ ရက်ပိုင်းအတွင်း ဒသမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်၊ သွားလာ၊ စားသောက်မှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဌာနအသီးသီးက စေတနာထားလုပ်ဆောင် စီစဉ်ပေးခဲ့၍အဆင်ပြေမှုရှိကြောင်း၊ နဝမအကြိမ် ပုံမှန်အစည်းအဝေး အထိအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လုပ်ဆောင် ပေးစေလိုပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး အသီးသီးဘက်က အားနည်းချက်၊ လိုအပ်ချက်များ ရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်း၊ သက်ဆိုင်ရာ ကော်မတီများကလည်း လိုအပ်မှုများကို ညှိနှိုင်းပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးကြစေလို ကြောင်း။

ကျန်ရှိသည့်လွှတ်တော် သက်တမ်းကာလအတွင်း အစည်းအဝေးများဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ယခုနှစ်တွင်(၂)ကြိမ်၊ လာမည့်နှစ်တွင် (၃) ကြိမ်ခန့်ရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့နှင့် ညှိနှိုင်းဆွေးနွေးမှုအရ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန် ဥပဒေပေါင်း ၁၅၀ ခန့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း ၅၀ ခန့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ ဥပဒေများ မြန်မြန်ဆန်ဆန်ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်အပိုင်းက အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများတွင်လည်း တာဝန်ရှိသည့်အလျောက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

လွှတ်တော် အစည်းအဝေး မကျင်းပမီ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ အပိုင်းကလည်း ကြိုတင်ညှိနှိုင်းပြီး လိုအပ်မှုများကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များပြားသလောက် ပံ့ပိုးမှုပေးရန်လိုကြောင်း၊ လာမည့် လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေပြုရေး လုပ်ငန်းများဆောင်ရွက်ရန် အားလုံးတက်ညီလက်ညီ ဆောင်ရွက်မည်ဆိုလျှင် အဆင်ပြေမည်ဖြစ်ကြောင်း၊ လွှတ်တော်အပိုင်းက လိုအပ်ချက်များ ရှိပါကလည်း တင်ပြပေးရန်နှင့် မိမိတို့အပိုင်းကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လုံခြုံရေး၊ ပြန်ကြားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုရေးနှင့်နေရာချထားရေး၊ ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေး၊ ဧည့်ခံကျွေးမွေးရေး၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စု လွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးအောင်ကြည်၊ ဦးကျော်လွင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန
(က)	ဦးခင်မောင်မော်	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
(ခ)	ဦးလှမော်ဦး	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(ဂ)	ဦးတိုးအောင်မြင့်	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(ဃ)	ဦးမင်းထွဋ်	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန
(င)	ဒေါ်ယဉ်ယဉ်မြ	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍အစမ်းခန့်ထားလိုက်သည်-

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးဝင်းဆွေထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဦးကျော်မြင့် အထွေထွေမန်နေဂျာ (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ်(၄)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန်ကြေညာအပ်ပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏အလံပုံစံ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၀ ရက်တွင် **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၁) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေဘိုခရိုင်/မြို့နယ်များအတွင်းရှိ လမ်း-တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	၆"-၉" ကျောက်	၅၆၁၃ ကျင်း
၂။	၂"-၄" ကျောက်	၁၂၅၂၃ ကျင်း
၃။	၃" အောက်ခွဲကျောက်	၅၅၅ ကျင်း
၄။	၁"-၂"ကျောက်	၂၉၄၃ ကျင်း
၅။	၁/၂"-၃/၄" ကျောက်	၁၆၇၃ ကျင်း
၆။	၃/၈" ကျောက်	၄၇၈ ကျင်း
၇။	ဂျင်းကျောက်	၅၃၇၅ ကျင်း
၈။	သဲ	၇၃၁ ကျင်း
၉။	အုတ်	၆၀၀၇၅ ချပ်
၁၀။	အင်ခွဲသား	၅၄ ဒသမ ၆၃ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၆-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရွှေဘိုခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ၂၆-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ရွှေဘိုခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၇၅-၂၁၀၀၇
Fax- ၀၇၅-၂၂၉၃၇



ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဇာလင်း ၁၂/ဥကမ(နိုင်) ၀၂၈၇၃၁ ၏ မော်တော်ယာဉ်သွင်းကုန်ပါမစ်အမှတ် ISP IDVB 13-14 49530 09/01/14 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၄၀၀၄၇၈**

နိုင်ငံတကာသတင်း

ယူကရိန်းအရေး အနောက်နိုင်ငံများနှင့် တင်းမာနေချိန် ရုရှားက တရုတ်နှင့် နှစ် ၃၀ ဓာတ်ငွေ့အရောင်းစာချုပ်

ရှန်ဟိုင်း မေ ၂၂

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်နှင့်အတူ ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိ နှစ် ၃၀ ဓာတ်ငွေ့စာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါစာချုပ်ကို ရုရှားမှ ဂတ်ပရွန်နှင့် တရုတ်အမျိုးသား ရေနံဓာတုကော်ပိုရေးရှင်း၏ (စီအင်န်ပီစီ)တို့က လက်မှတ်ရေးထိုးခဲ့သည်။

ရုရှားအနေဖြင့် ယူကရိန်းအကျပ်အတည်းနှင့် ပတ်သက်၍ ဥရောပ၏ အရေးယူပိတ်ဆို့မှုကို ရင်ဆိုင်နေရချိန် ၎င်း၏ဓာတ်ငွေ့စွမ်းအင် ဈေးကွက်ရှာဖွေရန် ကြိုးစားလျက်ရှိသည်။ အဆိုပါစာချုပ်နှင့် ပတ်သက်၍ တရားဝင် ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ တန်ဖိုးရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ဓာတ်ငွေ့ဈေးနှုန်းသည် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သည့် ဈေးနှုန်းဖြစ်ကြောင်း ရုရှားသမ္မတပူတင်၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ယင်းကဲ့သို့စာချုပ်နိုင်မှုကြောင့် အနောက်နိုင်ငံများနှင့် ချုပ်ဆိုထားသော နိုင်ငံတကာစာချုပ်များ ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အနောက်မိတ်ဖက်နိုင်ငံများနှင့် ချုပ်ဆိုထားသော စာချုပ်များ ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ယင်းစာချုပ်မှုကြောင့် ဂတ်ပရွန်၏ ရှယ်ယာများ နှစ်ရာခိုင်နှုန်းမြင့်တက်လာသည်။

ရှန်ဟိုင်း၌ချုပ်ဆိုသော ယင်းစာချုပ်အရ တစ်နှစ်လျှင် တရုတ်သို့ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၃၈ ဘီလီယံခန့်ကို ၂၀၁၈ ခုနှစ်မှ စတင်ကာ ပို့လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က တရုတ်နိုင်ငံက အဓိကဓာတ်ငွေ့တင်သွင်းနိုင်ငံသည် တာ့ခ်ျမင်နစ္စတန် နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏ အကြီးဆုံးပြည်ပဓာတ်ငွေ့တင်သွင်းနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့်နှစ်မှ စတင်ကာ မြန်မာနိုင်ငံမှ ဓာတ်ငွေ့ ပိုက်လိုင်းဖြင့် စတင်တင်ပို့လျက်ရှိသည်။

အဆိုပါ စာချုပ်သစ်သည် USSR နှင့် ဂတ်ပရွန်တို့၏ သမိုင်းတစ်လျှောက်အကြီးဆုံး ကန်ထရိုက်စာချုပ်ဖြစ်ပြီး ကန်ထရိုက်စာချုပ်တစ်ခုလုံးအနေဖြင့် ဓာတ်ငွေ့ တစ်ထရီလီယံ ကုဗမီတာရှိမည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၃ ခုနှစ်က နှစ်နိုင်ငံ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ ဖိုးရှိသည်။ ယင်းအိမ်နီးချင်း နှစ်နိုင်ငံသည် ၁၀ နှစ်အတွင်း ကုန်သွယ်မှုနှစ်ဆတိုးလာရန် ရည်မှန်းထားပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရှိလာနိုင်သည်။

(ဘီဘီစီ)

အီဂျစ်သမ္မတဟောင်း မူဘာရက်နှင့်သားများကို ပြည်သူ့ဘဏ္ဍာငွေ အလွဲသုံးစားမှုဖြင့် ထောင်ဒဏ်များချမှတ်

ကိုင်ရို မေ ၂၂

အီဂျစ်တရားရုံးက သမ္မတဟောင်း ဟော့စ်နီမူဘာရက်အား ပြည်သူ့ဘဏ္ဍာငွေများ အလွဲသုံးစားမှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထောင်သုံးနှစ်ချမှတ်လိုက်သည်။

၎င်း၏ သားနှစ်ဦးဖြစ်သည့် အလားလ်နှင့် ဂါမဲလ်တို့ကိုလည်းထောင်လေးနှစ်စီချမှတ်စီရင်ခဲ့သည်။ ယင်းတို့သုံးဦးအား ဒေါ်လာ သုံးသန်းပေးဆောင်ရန်လည်း ဒဏ်ရိုက်လိုက်ပြီး အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၆ သန်း ခိုးယူခဲ့ခြင်းကိုလည်း ပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

အသက် ၈၆ နှစ်ရှိ မူဘာရက်သည် ၂၀၁၁ ခုနှစ်အတွင်း ၎င်းအား နုတ်ထွက်ပေးရန် တောင်းဆိုသည့် ဆန္ဒပြနိုင်ငံရေးသမားများအား သတ်ဖြတ်မှုနှင့် အာဏာအလွဲသုံးစားမှုဖြင့် စစ်ဆေးခံရမည်ဟု ဆိုသည်။ ၎င်းသည် ၂၀၁၂ ခုနှစ်က ဆန္ဒပြသူများအား အကြမ်းဖက်မှုအပေါ် ပြည်ထဲရေးဝန်ကြီးဟောင်း ဟာဗစ် အယ်လ်အက်ဒလေနှင့်အတူ အပြစ်ရှိကြောင်း စွပ်စွဲခံထားရသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလက တရားရုံးမှ ယင်းတို့နှစ်ဦး၏ လျှောက်လဲချက်များကို ပယ်ချခဲ့သည်။ ဩဂုတ်လတွင် တရားရုံးက မူဘာရက်အား အကျဉ်းထောင်မှ ပြန်လွှတ်ပေးပြီး စစ်ဆေးရုံသို့ လွှဲပြောင်းပေးကာ ယင်းနေရာ၌ နေအိမ်အကျယ်ချုပ်ထားခဲ့သည်။

ဂါမဲလ်သည် တစ်ချိန်က သမ္မတ၏ အမွေစားအမွေခံသားဖြစ်ပြီး အလားလ်မှာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ယင်းတို့သည် စွဲချက်များကို သီးခြားစီကျခံစေရန် ကြိုးစားခဲ့ကြသည်။ ဖေဖော်ဝါရီလက မူဘာရက်အား ကိုင်ရိုနှင့် ပင်လယ်နီဆိပ်ကမ်းရှိ ကိုယ်ပိုင်အိမ်များပြုပြင်ရန် သမ္မတနန်းတော်နေရာများ ပြုပြင်ရေး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ သန်း အလွဲသုံးမှုပြုခဲ့ကြောင်းစွပ်စွဲခံရသည်။ သို့သော် မူဘာရက်က ယင်းစွပ်စွဲချက်များအပေါ် ငြင်းဆိုထားသည်။

(ဘီဘီစီ)

ပျောက်ဆုံးနေသော အမေရိကန်အမျိုးသမီးတစ်ဦး ၁၀ နှစ်ကျော်ကြာပြီးနောက် ပြန်လည်တွေ့ရှိ

ဝါရှင်တန် မေ ၂၂

လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလက ကယ်လီဖိုးနီးယားပြည်နယ်ထဲတွင် ပျောက်ဆုံးသွားသူ လက်ရှိတွင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ယခုအခါ ပြန်လည်တွေ့ရှိစဉ် ၎င်းအနေနှင့်ဖမ်းဆီးသူက အတင်းအဓမ္မလက်ထပ်ခြင်းကိုခံခဲ့ရပြီး ကလေးပါမွေးပေးရသည်ဟု ရဲတပ်ဖွဲ့သို့ ပြောကြားခဲ့သည်။

အမည်မဖော်လိုသူ ၎င်းအမျိုးသမီးသည် ဖေ့စ်ဘွတ်ခ်ပေါ်တွင် အစ်မဖြစ်သူနှင့် ဆက်သွယ်မိရာမှတစ်ဆင့် ရဲတပ်ဖွဲ့သို့ ဆက်သွယ်တိုင်တန်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

Isidro Garcia ဆိုသူ အသက် ၄၁ နှစ်ရှိ အမျိုးသားတစ်ဦးအား ပြန်ပေးမှု၊ မုဒိမ်းမှု၊ လိမ်လည်ဖမ်းဆီးထားမှုတို့ဖြင့် စွဲချက်တင်ကာအင်္ဂါနေ့က ဖမ်းဆီးလိုက်ပြီဖြစ်သည်။ အမျိုးသမီးငယ်ပျောက်ဆုံးစဉ်က ၎င်းအမျိုးသားသည် အမျိုးသမီးငယ်၏မိသားစုနှင့်အတူ နေထိုင်ခဲ့သူဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်များက ဆိုသည်။

အဆိုပါဖြစ်စဉ်သည် ၂၀၀၄ ခုနှစ်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မစ္စတာ Garcia သည် အမျိုးသမီးငယ်၏ မိခင်ဖြစ်သူနှင့်အတူနေချိန် ဖြစ်သည်။ ယင်းအချိန်က ၎င်းတို့သည် အောရိန်းကောင်တီတွင် နေထိုင်ကြသည်။ မစ္စတာ Garcia က အမျိုးသမီးငယ်အား အဓမ္မပြုသားမယားအဖြစ် သိမ်းပိုက်ချိန်သည် ယင်းနှစ်ဇွန်လကတည်းကဟု ရဲတပ်ဖွဲ့ဝင်များကစွပ်စွဲထားပြီး မက္ကဆီကိုမှ အမေရိကန်သို့ ၎င်းအမျိုးသမီးငယ်ရောက်လာပြီး လေးလအကြာတွင် ဖြစ်သည်ဟု ဆိုသည်။

ဩဂုတ်လထဲတွင်မူ မိခင်ဖြစ်သူအားလည်း အဓမ္မပြုကျင့်ကာ သမီးဖြစ်သူအားမေ့ဆေးပေးကာ ကားမောင်းခေါ်သွားပြီး ကားဂိုဒေါင်တစ်ခုတွင် ပိတ်လှောင်ထားခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောကြားထားသည်။ မစ္စတာ Garcia သည် အမျိုးသမီးငယ်အား ကိုယ်ထိလက်ရောက်ကျူးလွန်မှု အကြိမ်ကြိမ်ပြုခဲ့ပြီး ၎င်းတို့နှစ်ဦးသည် ညပိုင်းတွင် သန့်ရှင်းရေး အလုပ်ပါလုပ်ကြရသည်ဟု ဆိုထားသည်။

နှစ်များတော်တော်ကြာ ကိုယ်ထိလက်ရောက်စော်ကားခံရပြီးနောက် လွတ်မြောက်ရန်အခွင့်အရေးရရှိသော်လည်း သူ့ထိန်းချုပ်မှုအောက်ရှိနေပြီး သူပြုသမျှနုဖို့ကလွဲပြီး နည်းလမ်းမရှိပါကြောင်း ဒုက္ခသည်အမျိုးသမီးက ဆိုသည်။ သို့သော် မကြာသေးခင်ကမူ အစ်မဖြစ်သူနှင့်ဖေ့စ်ဘွတ်ခ်တွင် ဆက်သွယ်မိရာမှတစ်ဆင့် မိခင်ဖြစ်သူက သမီးအား စပိန်ဘာသာသတင်းစာ၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ရှာဖွေလျက်ရှိကြောင်း သိရှိခဲ့ရာမှ ရဲစခန်းသို့သွားရောက်ကာ ၎င်း၏ဒုက္ခများအတွက် ဖွင့်ဟဝန်ခံပြောကြားခဲ့သည်ဟု သိရသည်။

(ဘီဘီစီ)

ဘိုကိုဟာရမ်တိုက်ခိုက်မှု ၂၇ဦးသေဆုံး အမေရိကန်က ကျောင်းသူများအား ရှာဖွေရာတွင် ကူညီ

နိုင်ဂျီးရီးယား မေ ၂၂

ရာနှင့်ချီသော ကျောင်းသူများအား ပြန်ပေးဆွဲသွားသည့် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း ကျေးရွာနှစ်ရွာ၌ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ပြည်သူ ၂၇ ဦးသေဆုံးမှုအပေါ် အစ္စလာမ္မစ်အုပ်စုက ဘိုကိုဟာရမ်အုပ်စုကို စွပ်စွဲထားသည်။ ရှာဝါရွာမှ ၁၀ ဦးနှင့် အလာဂါနိုရွာမှ ၁၇ ဦးတို့အား သေနတ်သမားများက ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါနေရာသည် ကျောင်းသူများအား ပြီးခဲ့သောလက ပြန်ပေးဆွဲသွားသော ချီဘော့အနီး၌ တည်ရှိသည်။ အင်္ဂါနေ့က ဂျို့စ်မြို့လယ်ကောင်၌ ဗုံးနှစ်လုံးပေါက်ကွဲခဲ့၍ လူပေါင်း ၁၁၈ ဦး သေဆုံးခဲ့ရာ ဘိုကိုဟာရမ်တို့၏ လက်ချက်ဟု ဆိုသည်။

(ဘီဘီစီ)

စင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အူရမ်ချီမြို့လဟာပြင်ဈေး ပေါက်ကွဲမှုဖြစ်ပွား

အူရမ်ချီ မေ ၂၂

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းစင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်အူရမ်ချီ မြို့လယ်ရှိ လဟာပြင်ဈေး၌ မေ ၂၂ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၃၁ ဦးသေဆုံးခဲ့ပြီး ၉၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်စဉ်မှာ တောလမ်းသုံး ယာဉ်နှစ်စီးသည် နံနက် ၇ နာရီ မိနစ် ၅၀က ဈေးအတွင်းမြောက်မှတောင်သို့ ဖြတ်သန်းမောင်းနှင်စဉ် အဆိုပါ ကားနှစ်စီးအတွင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း အေဂျင်စီက ပြောသည်။

ယင်းပေါက်ကွဲမှုကြောင့် မီးတောက်ကြီးများနှင့် ကြီးမားသော မီးခိုးလုံးကြီးများကို တွေ့မြင်ရကြောင်း၊ အခင်းဖြစ်ပွားရာနေရာကို ပိတ်ထားခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

စင်ကျန်းဒေသသည် ဝီဂါ မွတ်စလင်လူမျိုးစုနေထိုင်ရာ ဒေသဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကတည်းက တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။ ဝီဂါနှင့် တရုတ်ဟန်မျိုးနွယ် စုများအကြား ဆက်ဆံရေးတင်းမာမှုများကြောင့် ၎င်းဒေသအတွင်း ဖြစ်ပွားသော နိုင်ငံရေးပဋိပက္ခများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

(ဘီဘီစီ)

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် အာဆီယံအမှတ်တံဆိပ် အဓိပ္ပာယ်ဖွင့်ဆိုချက်

ခရေပန်း

ခရေပန်းမှာ အမည်အားဖြင့် "ကြယ်ပွင့်ပန်း" " Star Flower " ဟုဆိုရာ ခရေပန်း (၁၀)ပွင့်နှင့် ယင်း၏ ချိတ်ဆက်ထားမှုသည် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် စည်းလုံးညီညွတ်စွာ အသိုက်အဝန်းတစ်ခုအဖြစ်နှင့် တောက်ပလာမည့် ကြယ်ပွင့်များအဖြစ် ရည်ညွှန်းပါသည်။

ထို့အပြင် ခရေပန်းသည် အမြင်အားဖြင့် စက်ယန္တရား၏ပင်နီယံကဲ့သို့လည်း အသွင်ဆောင်သည်ဖြစ်ရာ မောင်းနှင်စွမ်းအားကို ဖြစ်ထွန်းစေမည့် ပင်နီယံ (၁၀)ခု၏ ဝန်းရံချိတ်ဆက်မှုသည် ဒေသကိုကိုယ်စားပြုသည့် အာဆီယံတံဆိပ်ကို လည်ပတ်မှုစွမ်းအားဖြင့် အာဆီယံဥက္ကဋ္ဌ၏ ဆောင်ပုဒ်နှင့်အညီ ဒေသကြီး၏ ငြိမ်းချမ်းမှု၊ ကြွယ်ဝချမ်းသာမှုကို စွမ်းဆောင်နိုင်မည်ကို ဖော်ဆောင်ပါသည်။

မြန်မာနိုင်ငံတွင် ခရေပန်းသည် ပြည်သူများ အလေးထားနှစ်သက်သည့် ပန်းမျိုးဖြစ်ပါသည်။ သို့ဖြစ်၍ ခရေသည် ဒေသတွင်းရှိ အခြေခံပြည်သူများကို ရည်ညွှန်းပါသည်။ ယင်းပြည်သူများကို ဗဟိုပြုလျက်ဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ အေးချမ်းတည်ငြိမ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခရေပန်း၏အရောင်ဖြစ်သော အဖြူရောင်နှင့် အဝါရောင်စပ်ယှက်ထားမှုသည် ဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝမှုကို ကိုယ်စားပြုပါသည်။

ခရေပန်း၏ ထူးခြားချက်မှာ ရနံ့ဖြစ်ပြီး လန်းဆန်းစဉ်တွင်သာမက ခြောက်သွေ့ချိန်တွင်ပါ မွှေးပျံ့သည်ဖြစ်ရာ အဆိုပါပန်းရနံ့၏ ကြံ့ခိုင်မှုကဲ့သို့ပင် အာဆီယံဒေသရှိ ပြည်သူများ၏ ကြံ့ခိုင်မှုစွမ်းအားသည် အောင်မြင်သည့် အချိန်တွင်သာမက အခက်အခဲနှင့် ကြုံတွေ့ရမည့် အချိန်တွင်ပါ ကြံ့ကြံ့ခံနိုင်သည့် စွမ်းရည်ထူးကို ရည်ညွှန်းပါသည်။

အောက်ခံအရောင်

တံဆိပ်၏ အောက်ခံအရောင်ဖြစ်သည့် အစိမ်းရောင်သည် ဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် ဒေသတွင်း အေးချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည့် စိမ်းလန်းစိုပြည်စွာ ဖွံ့ဖြိုးတိုးတက်မည့် ဒေသအဖြစ်ကို ဖော်ဆောင်ပါသည်။

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကျင်းပ

(၂၃)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

(၂၃)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပရာ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများ၊ ရလဒ်များနှင့် အစည်းအဝေးမှ ထုတ်ပြန်နိုင်ခဲ့သည့် ပူးတွဲကြေညာချက်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်နေမှုအခြေအနေ၊ အတည်ပြုပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေနှင့် ပတ်သက်၍ အာဆီယံစံချိန်စံညွှန်းအခြေအနေနှင့် အလုပ်သမားဥပဒေကို ပြင်ဆင်ရေးဆွဲမည့်အခြေအနေ၊ မိခင်နိုင်ငံသို့ ပြန်လာလိုသည့် ပြည်ပရောက်အလုပ်သမားများ၏ အာမခံချက်အခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသား ပညာရှင်များ ပြန်လာရန် စီမံဆောင်ရွက်မည့် အခြေအနေများ၊ ကျွမ်းကျင်စံကို ၂၀၁၅ ခုနှစ်အမီ ရေးဆွဲမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(၂၃)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ညပိုင်းတွင် အဆိုပါ ကွန်ဗင်းရှင်းဗဟိုဌာနရှိ Banquet Hall ၌ ကျင်းပသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဆန္ဒပြမှုများအဆုံးသတ်ရေး ဆွေးနွေးပွဲများမအောင်မမြင်ဖြစ်ပွားပြီးနောက် ထိုင်းစစ်ဘက်က အာဏာသိမ်းယူ

ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက နောက်ထပ်အသက်ဆုံးရှုံးမှု မဖြစ်ပွားအောင် ဟန့်တားရန်နှင့် တိုင်းပြည်အတွင်းဖြစ်ပွားသည့် ပဋိပက္ခ အရှိန်မြင့်တက်မလာအောင် တားဆီးရန်အတွက် အာဏာကို ရယူလိုက်ကြောင်း မေ ၂၂ ရက်က ကြေညာသည်။ **(အောက်ပုံ)**

ဗိုလ်ချုပ်ကြီးပရာယုက ရုပ်မြင်သံကြားဌာနတစ်ခုမှနေ၍ အုပ်ချုပ်ရေးအာဏာကိုရယူကြောင်း ကြေညာပြီး အာဏာရယူခြင်းသည် ဒေသစံတော်ချိန် ၁၇း၀၀ နာရီမှစ၍ အသက်ဝင်သည်ဟု ပြောကြားသည်။

နိုင်ငံတော်သို့ မိန့်ခွန်းတစ်ရပ် မြွက်ကြားရာတွင် ဗိုလ်ချုပ်ကြီး ပရာယုက ထိုင်းတပ်မတော်အနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရန်အတွက် အာဏာကိုရယူရန် လိုအပ်သည်ဟု ပြောကြားသည်။

တိုင်းရေးပြည်ရေးအခြေအနေ လျင်မြန်စွာ ပုံမှန်အခြေအနေ ပြန်ရောက်ရေးအတွက် ကြည်းတပ်၊ ထိုင်းလက်နက်ကိုင်တပ်ဖွဲ့၊ တော်ဝင်လေတပ်၊ ရဲတပ်ဖွဲ့ပါဝင်သောငြိမ်းချမ်းရေးထိန်းသိမ်းရေး အမျိုးသားကော်မတီ(NPKC)သည် မေ ၂၂ ရက် ညနေ ၄ နာရီခွဲတွင် စစ်အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းရယူသည်ဟု ဗိုလ်ချုပ်ကြီးပရာယုက ပြောကြားသည်။

အာဏာသိမ်းရန်အတွက် ငြိမ်းချမ်းရေးထိန်းသိမ်းရေး အမျိုးသားကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် လိုအပ်သဖြင့် အာဏာသိမ်းခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးပရာယုက ပြောကြားပြီး ပြည်သူများအား ပုံမှန်အတိုင်း သွားလာနေထိုင်ကြရန် ပန်ကြားလိုက်သည်။

အုပ်ချုပ်ရေးအာဏာလွှဲပြောင်းရယူခြင်းသည် နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တပ်မတော်၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေး အမျိုးသားကော်မတီက အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် နိုင်ငံအတွင်းရှိ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံခြားသားများအား အကာအကွယ်ပေးမည်ဖြစ်သည်ဟု ကတိကဝတ်ပြုပါကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်သည်။

NPKC သည် ယခင်အစိုးရကတိပြုထားသည့်အတိုင်း ထိုင်းနိုင်ငံ၏ နိုင်ငံခြားတိုင်းပြည်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးမထိခိုက်အောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တပ်မတော်က အာဏာသိမ်းမှုဖြစ်ပွားပြီး မကြာမီ နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သည်။

စစ်အုပ်ချုပ်ရေးဥပဒေအရ နိုင်ငံတစ်ဝန်းလုံးတွင် ည ၁၀ နာရီမှ နံနက် ၅ နာရီအကြားမည်သူမဆို အပြင်ထွက်ခြင်းကို တားမြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ်က ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်သည်။ သို့သော် ညမထွက်ရအမိန့်ကို မည်မျှကြာထားရှိမည်ကို ကြေညာချက်တွင် ဖော်ပြခြင်းမရှိပေ။ ထို့အပြင် ထိုင်းတပ်မတော်က ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်ဌာနအားလုံးအား ၎င်းတို့၏ ပုံမှန်အစီ အစဉ်များကို ရပ်ဆိုင်းရန်နှင့် ပြည်သူများအတွက် မှန်ကန်တိကျသော သတင်းများ ထုတ်လွှင့်နိုင်ရေးအတွက် တပ်မတော်နှင့်ပတ်သက်သော ထုတ် လွှင့်ချက်များကိုသာ ထုတ်လွှင့်ပြသကြရန် ညွှန်ကြားထားသည်။

ကာလကြာရှည်အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ အဆုံးသတ်ရေးအတွက် တပ်မတော်က ခေါ်ယူသည့် ပြိုင်ဘက်အုပ်စုအားလုံးပါဝင်သော ဒုတိယနေ့မြောက်ဆွေးနွေးပွဲပျက်ပြားပြီးနောက် အာဏာသိမ်းမှုဖြစ်ပွားခြင်းဖြစ်သည်။

စစ်ဌာနချုပ်တစ်ခုရှိ အစည်းအဝေးခန်းမ၌ကျင်းပသည့် အဖွဲ့ခုနစ်ဖွဲ့၏ ဆွေးနွေးပွဲတွင် အပြင်းအထန်ငြင်းခုံမှုများ ဖြစ်ပွားပြီးနောက် ညနေ ၄ နာရီခွဲတွင် အစည်းအဝေးခန်းမအတွင်းသို့ တပ်ဖွဲ့ဝင်များဝင်ရောက်ခဲ့ကြသည်။

ထိုင်းတပ်ဖွဲ့ဝင်များက ဆွေးနွေးပွဲ ကိုယ်စားလှယ်များကို ဖမ်းဆီး

ထန်နိုး

ခြင်းမပြုမီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အခြားတပ်မတော်အရာရှိများနှင့် ရဲချုပ်တို့ အစည်းအဝေးခန်းမမှ ကားဖြင့်ထွက်ခွာနေသည်ကို တွေ့မြင်ရသည်။

ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲသို့ တက်ရောက်သည့် နှစ်ဖက်အုပ်စုမှ ဆန္ဒပြခေါင်းဆောင်များနှင့် အခြားနိုင်ငံရေးသမား အားလုံးကို စစ်ဌာနချုပ် အနီးရှိ စစ်စခန်းတစ်ခုသို့ခေါ်ဆောင်သွားခဲ့သည်။

လပေါင်းများစွာကြာဖြစ်ပွားပြီး အသေအပျောက်ရှိခဲ့သည့် ဆန္ဒပြမှုများကို ဟန့်တားရန်အတွက် တပ်မတော်က စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး နှစ်ရက်အကြာတွင် အပြီးအပိုင် အာဏာသိမ်းမှုဖြစ်ပွားခြင်းဖြစ်သည်။

အာဏာသိမ်းကြောင်း ကြေညာပြီး မကြာမီ ထိုင်းတပ်ဖွဲ့ဝင်များက ဗန်ကောက်မြို့တော် တာဂီးတာနာခရိုင် ဥတ္တာရန်လမ်းမပေါ်ရှိ အစိုးရလိုလားသော အာဏာရှင်ဆန့်ကျင်ရေး ညီညွတ်သော ဒီမိုကရေစီတပ်ဦး UDD ၏ သပိတ်စခန်းကို ရှင်းလင်း ဖျက်ဆီးလျက်ရှိသည်ဟု သိရသည်။

(ဆင်ဟွာ)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ(၆၃)

ဒေါက်တာ-ကံညွန့်

ယခုတစ်ပတ်ဆေးပညာသတင်းဆန်းတစ်ပုဒ်ကတော့ Genetic Engineering ခေါ် မျိုးရိုးဗီဇအင်ဂျင်နီယာပညာကို အသုံးပြုပြီး GM Crops လို့ခေါ်တဲ့ Genetically Modified ကောက်ပဲသီးနှံတွေကို စိုက်ပျိုးလာခဲ့ကြတာဟာ ဆယ်စုနှစ်နှစ်ခုမက ကြာခဲ့ပါပြီ။ ဒါဟာ လူဦးရေတိုးပွားလာတာနဲ့ အမျှစားသောက်ရိက္ခာလိုအပ်လာမှုကိုဖြေရှင်းဖို့သိပ္ပံပညာရှင်တွေအားထုတ်ခဲ့ခြင်းရဲ့အကျိုးရလဒ်ပါ။ ဒီကိစ္စတွေကို အမေရိကန်နိုင်ငံက ဦးဆောင်ပြုလုပ်နေချိန်မှာ ဒီလို CM Crops တွေကို စားသုံးတာဟာ အန္တရာယ်များဖြစ်နိုင်မလားဆိုပြီး ဗြိတိန်နဲ့ ဥရောပနိုင်ငံတချို့ကတော့ ရင်ငုံနှုတ်ပိတ်နေခဲ့ကြပါတယ်။ အခုတော့ ဗြိတိန်နိုင်ငံဟာသူတို့ကိုယ်တိုင် GM နည်းနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ Camelina ဆိုတဲ့ အပင်ကရတဲ့ အစေ့တစ်မျိုးဟာလူတွေရဲ့ ကျန်းမာရေးမှာ အရေးပါတဲ့ Omega-3 Fatty Acid ကို ထုတ်ပေးနိုင်စွမ်းရှိပြီး အစွမ်းထက်တာကို တွေ့ရှိခဲ့ရတာကြောင့် ဒီ GM Crop သီးနှံတွေကို လက်ခံအသုံးပြုဖို့ဖြစ်လာကြပါပြီ။ ဒီ Omega -3 Fatty Acid ဟာ အများအားဖြင့် ငါးသတ္တဝါဆီက ရတာဖြစ်ပြီး လူတွေရဲ့ ကျန်းမာရေးမှာ အဓိကကျတဲ့နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးလေဖြတ်ရောဂါတို့ကို ကာကွယ်ဖို့စားသုံးရတဲ့ဆေးတစ်ခုဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အရောင်ကန်းသူများအတွက် မျက်မှန်

ဆေးသိပ္ပံပညာကလည်း တိုးတက်လာလိုက်တာ အံ့မခန်းစရာပါပဲ။ Colour Blindness ခေါ်တဲ့ အရောင်ခွဲခြားနိုင်စွမ်းမရှိတဲ့သူကို ဘယ်လိုမှ ကုလို့မရနိုင်လို့ ထင်ခဲ့ကြတာပါ။ အခုတော့ အဲဒီလို အရောင်မခွဲခြားနိုင်တဲ့ လူကိုခွဲခြားနိုင်အောင်တပ်ဆင်ရတဲ့ မျက်မှန်တစ်ခုကို တီထွင်နိုင်ကြပါပြီ။ အများအားဖြင့် အရောင်ခွဲခြားနိုင်စွမ်းမရှိခြင်းဟာ ယောကျ်ားတွေမှာအဖြစ်များပြီး အများအားဖြင့် အနီနှင့်အစိမ်းရောင်မှာထွေပြားနေကြတာပါ။ အခုတော့ အထူးစီမံထားတဲ့ Oxy-Isoglass လို့ခေါ်တဲ့ ခရမ်းရောင်မျက်မှန်လေးကို တပ်ဆင်ပြီး အနီရောင်၊ အစိမ်းရောင်ကိုသိသိသာသာခွဲခြားနိုင်ခဲ့ပါပြီ။ ဒီမျက်မှန်လေးပေါ်လာတာကြောင့် အရောင်ခွဲခြားနိုင်စွမ်းမရှိတဲ့ ဆရာဝန်တချို့ဟာလည်း သွေးကြောထဲကို အကြောဆေးသွင်းရာမှာ ဒီမျက်မှန်လေးအသုံးပြုပြီး မှန်မှန်ကန်ကန်ထိုးပေးနိုင်ကြပါပြီ။ ဒါပေမယ့် ဒီမျက်မှန်ကိုတပ်ပြီး ကားကို တစ်ယောက်တည်းမမောင်းကြဖို့တော့ သတိပေးထားပါတယ်။ ဒီမျက်မှန်ဟာ အမေရိကန်ဒေါ်လာ ၃၀၀ ခန့်တန်ဖိုးရှိတယ်လို့သိရပါတယ်။

ကိုယ့်ပါဝါကိုယ်ချိန်နိုင်တဲ့ မျက်မှန်

နောက်ပြီး မျက်စိနဲ့ပတ်သက်တဲ့သတင်းတစ်ပုဒ်မှာလည်း မျက်မှန်တပ်ဖို့လိုသူတွေဟာ မျက်စိဆရာဝန်၊ မျက်မှန်ကျွမ်းကျင်သူတို့ထံမှာ သွားစမ်းစရာမလိုတော့ဘဲ မျက်မှန်ပါဝါကိုယ့်ဟာကိုယ်ချိန်နိုင်တဲ့ ပါဝါအရည်ကြည်လေး ထည့်ထားတဲ့ကိုင်းကိုအသုံးပြုပြီး တပ်ဆင်နိုင်ကြပြီဖြစ်ပါတယ်။ ဒီမျက်မှန်လေးကိုတော့ အင်္ဂလန်နိုင်ငံ Oxford မြို့မှ Adlen ကုမ္ပဏီက တီထွင်ခဲ့တာဖြစ်ပြီး Adlens Variable Focus Glass လို့အမည်ပေးထားပါတယ်။ မျက်မှန်ကိုင်းတစ်ဖက်တစ်ချက်မှာ ဝက်အူရစ်ကလေးတစ်ခုစီထားပြီး ပါးလွှာကြည်လင်တဲ့အမြှေးပါးနှစ်ခုထဲကို ဒီဝက်အူလေးနှစ်ခုကို အလျှော့အတင်းလုပ်ပြီး မျက်စိပါဝါအရည်ကြည်ကိုသွင်းပေးကာ မျက်စိတစ်ဖက်ချင်းစီချိန်ဆပြီး တပ်ဆင်နိုင်တာဖြစ်ပါတယ်ဆိုတာကို အံ့သြစရာကောင်းတဲ့တိုးတက်မှုအဖြစ် ဖော်ပြလိုက်ရပါတယ်။

တရုတ်နိုင်ငံရဲ့ဆေးလိပ်အန္တရာယ်ကာကွယ်ရေး

တရုတ်နိုင်ငံမှာ ဆေးလိပ်ရဲ့အန္တရာယ်ကို ကာကွယ်ဖို့ အမိန့်တစ်ရပ်ထုတ်ပြန်လိုက်ပါပြီ။ တရုတ်နိုင်ငံက ဆရာဝန်အားလုံးဟာ လူနာတစ်ဦးကို ကနဦးစမ်းသပ်တာဖြစ်ရင် သူ့ရဲ့ဆေးလိပ်သောက်မှုအကြောင်းကိုပါ မေးမြန်းပြီး မှတ်တမ်းတင်ထားဖို့၊ ဆေးဝန်ထမ်းအားလုံးဟာ ဆေးလိပ်ရဲ့အန္တရာယ်ကြီးမားပုံကို ပညာပေးဟောပြောဖို့နဲ့၊ ဆေးဝန်ထမ်းတွေရဲ့ ရုံးခန်းတွေမှာ ဆေးလိပ်လုံးဝမသောက်ရဘဲ ဆေးလိပ်ပြာခွက်မထားရှိဖို့ ပါရှိပါတယ်။ ဒီအမိန့်ကို တရုတ်နိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးဌာနဖြစ်တဲ့ National Health and Family Planning Commission က ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ လူဦးရေသန်းတစ်ထောင်ကျော်ရှိတဲ့ တရုတ်နိုင်ငံမှာ ဆေးလိပ်သောက်သူဦးရေဟာ သန်း ၃၀၀ ကျော်ရှိပြီး သူငယ်ချင်း၊ အပေါင်းအသင်းတွေတွေ့ရင် စီးကရက် သို့မဟုတ် ဆေးလိပ်အမျိုးမျိုးနှင့်ဧည့်ခံတတ်ကြတာဟာ အလေ့အကျင့်တစ်ခုသဖွယ်ဖြစ်နေပြီလို့ ဆိုပါတယ်။ အများပြည်သူတွေနဲ့ ဆိုင်တဲ့နေရာမှာ ဆေးလိပ်သောက်တာကို တားမြစ်တဲ့ဥပဒေကို ၂၀၁၁ ခုနှစ်ကပဲ စထုတ်ခဲ့ပေမယ့် ပြစ်ဒဏ်အနေနဲ့ကြီးလေးမှုမရှိတာကြောင့် လိုက်နာသင့်သလောက်မလိုက်နာကြဘူးလို့သိရကြောင်း တင်ပြလိုက်ရပါတယ်။

ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ ဦးနှောက်အစိတ်အပိုင်း

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လန်ဒန် King's College က London's Institute of Psychiatry ရဲ့ လေ့လာထားတဲ့ စာတမ်းတစ်စောင်မှာတော့ ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုဟာ ဦးနှောက်ထဲက Grey Matter ခေါ်တဲ့ အစိတ်အပိုင်းနှင့်ဆိုင်တယ်ဆိုတဲ့အကြောင်းပါ။ သူတို့ဟာ ၁၄ နှစ်အရွယ် ကျောင်းသားပေါင်း ၁၅၀၀ ကို ဦးနှောက်အစိတ်အပိုင်းအတွက် MRI ဓာတ်မှန်ရိုက်နည်းနဲ့ စစ်ဆေးပြီး ၎င်းတို့အားလုံးရဲ့သွေးကို DNA စစ်ဆေးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီလို စစ်ဆေးလိုက်တဲ့အခါ ဦးနှောက်ရဲ့ဘယ်ဘက်အခြမ်းက Grey Matter အစိတ်အပိုင်း ပါးလွှာတဲ့ ကလေးတွေဟာ Gene ပုံစံချင်းတူနေကြပြီး အဲဒီကလေးတွေဟာ တခြားကလေးတွေထက် ဉာဏ်ရည်ဉာဏ်သွေးနိမ့်ကျနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ ဦးနှောက်ရဲ့ Grey Matter အစိတ်အပိုင်းဟာ ဉာဏ်ပညာထက်မြက်မှုနှင့် သက်ဆိုင်တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ပြီး ဒါနဲ့သက်ဆိုင်တဲ့ Gene ကိုလည်း တိတိကျကျသိနိုင်ခဲ့ပြီဆိုတာ တင်ပြလိုက်ရပါတယ်။

ကုန်းမြင့်မှာနေသူများနဲ့ အရေပြားကင်ဆာ

အရေပြားကင်ဆာဟာ ခရမ်းလွန်ရောင်ခြည်သင့်တဲ့ လူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ ယခုအခါ တွေ့ရှိချက်အသစ်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ အရေပြားကင်ဆာတစ်မျိုးဖြစ်တဲ့ Melanoma ခေါ်တဲ့ ကင်ဆာရောဂါဟာ ပင်လယ်ရေပြင်ထက် ပိုမြင့်တဲ့နေရာမှာ နေရလေ ပိုဖြစ်လေဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ Austria နိုင်ငံ ဗီယင်နာမြို့ ဗီယင်နာဆေးတက္ကသိုလ်မှ ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့အဆိုအရ ပင်လယ်ရေပြင်အထက် ၁၀ မီတာပိုမြင့်တိုင်း အရေပြားကင်ဆာဖြစ်ဖို့ နှစ်ရာခိုင်နှုန်း ပိုများနိုင်တယ်လို့ ဆိုပါတယ်။ ဒါဟာ အမြင့်ဒေသမှာနေတဲ့ လူတွေဟာ ခရမ်းလွန်ရောင်ခြည် ပိုမိုပြင်းထန်စွာခံစားရတာကြောင့် ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နောက်အကြောင်းတစ်ချက်ကတော့ နေရောင်ခြည်ကို အချိန်များများထိတွေ့နေရသူတွေဟာ ဗီတာမင်ဒီဓာတ်လိုသည်ထက် ပိုမိုရရှိနေတာကြောင့်လည်း ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ ဒီအချက်ကိုတော့ လေ့လာမှုတွေ ထပ်ပြီးပြုလုပ်ရဦးမယ်လို့ဆိုတာ တင်ပြလိုက်ရပါတယ်။

ဗီတာမင်စီဓာတ်လျော့နည်းသူလည်း လေဖြတ်နိုင်ခြေရှိ

အရင်တုန်းကတော့ လေဖြတ်ရောဂါဟာ သွေးတိုး၊ ဆီးချိုရှိသူ၊ အရက်ဆေးလိပ်အသောက်များသူတွေနဲ့ အဝလွန်သူတွေမှာ ပိုဖြစ်နိုင်ခြေရှိတယ်လို့ ယူဆခဲ့ကြတာပါ။ ယခု American Academy of Neurology အဖွဲ့ကြီးက Philadephia မြို့မှာ ကျင်းပခဲ့တဲ့ နှစ်ပတ်လည်ညီလာခံကြီးမှာ တင်သွင်းခဲ့တဲ့ စာတမ်းတစ်စောင်မှာတော့ သွေးထဲမှာ ဗီတာမင်စီဓာတ်နည်းနေသူဟာလည်း လေဖြတ်နိုင်ခြေရှိသူစာရင်းထဲမှာ ထည့်ရလိမ့်မယ်လို့ တင်ပြသွားပါတယ်။ ဒီစာတမ်းကို ပြင်သစ်နိုင်ငံ Rennes မြို့ Pontchaillou ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တစ်စုက တင်သွင်းခဲ့တာပါ။ သူ့စာတမ်းမှာ Intracerebral Haemorrhage ဦးနှောက်တွင် သွေးကြောပေါက်လေဖြတ်ခံထားရသူ ၆၅ ဦးရဲ့ သွေးထဲက ဗီတာမင်စီဓာတ်ကိုစမ်းကြည့်တဲ့အခါ ၄၁ ရာခိုင်နှုန်းက ပုံမှန်ဖြစ်ကာ ၄၅ ရာခိုင်နှုန်းက ဗီတာမင်စီနည်းနေတာကို တွေ့ရပြီး ၁၄ ရာခိုင်နှုန်းကတော့ အတော်နည်းနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ လေဖြတ်ခြင်းဟာ သွေးကြောပေါက်တာကြောင့်လည်းကောင်း၊ သွေးကြောပိတ်တာကြောင့်လည်းကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သွေးကြောပိတ်ပြီးဖြစ်တာက ပိုများတယ်လို့ဆိုပါတယ်။ ယခင် လေ့လာချက်တွေမှာတော့ ဗီတာမင်စီဟာ သွေးပေါင်ချိန်ကို ထိန်းနိုင်ခြင်း၊ ကိုယ်ခံအားကိုမြင့်စေခြင်း၊ ကိုယ်ခန္ဓာထဲက အရေးပါတဲ့ Collagen ဖြစ်ပေါ်မှုကိုအားပေးခြင်း၊ အရိုးအရေပြားရှင်သန်ရေးအတွက် အရေးပါခြင်း၊ နှလုံးရောဂါကို ကာကွယ်နိုင်ခြင်းစတဲ့အာနိသင်တွေရှိကြောင်း တင်ပြလိုက်ရပါတယ်။

ED ဝေဒနာရှင်များအတွက် အားတက်စရာ

ယခင်အပတ်က ဆေးပညာသတင်းတွေထဲမှာ ဆီးချိုရောဂါရှင်တွေအတွက် ပန်းသေပန်းညှိုးဖြစ်ရင် သောက်နိုင်တဲ့ တရုတ်ရိုးရာဆေးတစ်ခုကို ဖော်ပြခဲ့ပြီးပါပြီ။ ယခု ယင်းကိစ္စနဲ့ပတ်သက်ပြီး Internation Journal of Impotence Research မှာဖော်ပြထားတဲ့ သတင်းတစ်ပုဒ်ကိုလည်း တင်ပြချင်ပါတယ်။ သူတို့အဆိုအရ ED (Erectile Dysfunction) ခေါ်တဲ့ ပန်းသေပန်းညှိုးရောဂါဟာ အာရုံကြော (Neural)၊ အင်ဒိုကရိုင်း (Endoerine)၊ သွေးကြော (Vascular) နှင့် ဇီဝကမ္မဆိုင်ရာ (Metabolic System) တွေနဲ့ သက်ဆိုင်နေတယ်လို့ဆိုပါတယ်။ သူတို့ရဲ့လေ့လာချက်တစ်ခုအရ ကိုယ်ခန္ဓာမှာ Glucose မြင့်တက်အောင်လုပ်ပြီး သွေးထဲမှာရှိတဲ့ Testosterone Level ကို စမ်းကြည့်တဲ့အခါ ယင်း Level ဟာ သိသိသာသာကျဆင်းသွားတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီ ED ဖြစ်နေတဲ့ ဆီးချိုဝေဒနာရှင်တွေဟာ သွေးထဲမှာ Glucose ဓာတ်မမြင့်အောင်ထိန်းဖို့ အဓိကဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး ဒီလူတွေကို သွေးချိန်ကျဆေးတစ်မျိုးဖြစ်တဲ့ Angiostemin II Receptor Blocker အုပ်စုမှာပါတဲ့ LOSARTAN ဆိုတဲ့ ဆေးနဲ့ Tadafil ဆေးကို တွဲသောက်ခိုင်းပြီး စမ်းကြည့်တဲ့အခါ သိသိသာသာတိုးတက်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် Type II Diabetes ဝေဒနာခံစားနေရပြီး ED ဖြစ်နေသူ အမျိုးသားတွေအတွက် အားတက်စရာ သတင်းတစ်ပုဒ်အဖြစ်ဖော်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

သီပေါမြို့ကို ဒုဌဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် နိုင်ငံတော်မှရေကာတာတည်ဆောက်ပေး၍ ဝမ်းမြောက်

သီပေါ မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် စနစ်တကျ တည်ထားသော သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မန္တလေး၊ လားရှိုး၊ မူဆယ်သွားပြည်ထောင်စုလမ်းမကြီးပေါ် တည်ရှိ၍လည်းကောင်း၊ ဒုဌဝတီမြစ် နှင့်သီပေါတံတားကြီးကို နောက်ခံပြု၍ နေဝင်နေထွက် ကြည့်ရှုမှတ်တမ်းတင်ရန် သဘာဝအလှအပရှုမျှော်ခင်းများတည်ရှိ၍လည်းကောင်း ပြည်တွင်းပြည်ပ နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် စည်ကားလျက်ရှိသဖြင့် လူသိများ ထင်ရှားကျော်ကြားသော မြို့တစ်မြို့ဖြစ်သည်။

၁၉၈၆ ခုနှစ်က သီပေါတစ်မြို့လုံး ရေလွှမ်းမိုးခံရပြီး နှစ်စဉ်မိုးကာလတွင် ရေလွှမ်းမိုး၍ ပန်းတိမ်မြောက်ရပ်ကွက် ရွှေညောင်ပင်လမ်း (ကမ်းနားလမ်း) တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာမြို့ဧရိယာနှင့် ကားလမ်းထိခိုက်ပျက်စီးသွားသဖြင့် ဆက်လက်၍ ရေတိုက်စားခြင်းမှ ကာကွယ်ရန် အရှည်ပေ ၈၀၀ ကျော်ရှိ ရေထိန်းနံရံရေတားဆည်ကိုးခုတည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၅၆၄၀ အကုန်အကျခံပြီး ဒုဌဝတီမြစ် (သီပေါ) မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် အင်ဂျင်နီယာ ဦးဝင်းလွင်ဦး ဦးဆောင်၍အငယ်တန်း အင်ဂျင်နီယာဦးဝေဖြိုးအောင်၊ ဦးမျိုးမင်းစိုးနှင့် လုပ်သားအင်အား ၁၀၀ ကျော်တို့က အချိန်မီပြီးစီးစေရန် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်။

ဒုဌဝတီမြစ်(သီပေါ) ရေထိန်းနံရံရေတားဆည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့မိမြို့ဖများ မေ ၂၁ ရက် နံနက်က ဒုဌဝတီမြစ်အတွင်း စက်တပ်ရေယာဉ်များဖြင့် ကွင်းဆင်းလေ့လာကြည့်ရှုရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်ဦးကလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဒုဌဝတီ(သီပေါ)မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း တည်ဆောက်မှုမှာ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သဖြင့် မြို့ဧရိယာသည် မြစ်ရေတိုက်စားခြင်းဘေးမှ လွတ်ကင်းပြီဖြစ်၍ ဒေသခံပြည်သူများနှင့် မြစ်ကမ်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

နတ်မောက်၌ လေပြင်းတိုက် လူနေအိမ်များပျက်စီးကာ လူတစ်ဦးသေဆုံး

နတ်မောက် မေ ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်တန်းအုပ်စု ရွာသစ်ကျေးရွာတွင် မေ ၁၈ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မိုးရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီးကာ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခြင်းခံရသည့် ရွာသစ်ကျေးရွာသို့ မေ ၁၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကာ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခြင်း၊ လိုအပ်သည့် ကျန်းမာရေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း မေ ၂၀ ရက်တွင် နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးက လေဘေးသင့်ဒေသသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား ဆန်အိတ်ပေါင်း ၄၀ ခန့်လှူဒါန်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။ (၁၂၇)

ပြည်တွင်းသတင်း

✳ *ကျောဖုံးမှ*

ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ပိုမိုကောင်းမွန်သည့် လူမှုရေးနှင့် စီးပွားရေးအခြေအနေများ ဖြစ်ပေါ်စေရေးကို ဦးတည်သဖြင့် အာဆီယံလုပ်သားထု တစ်ခုလုံးအတွက် အရေးပါ၍ အဓိပ္ပာယ်ပြည့်ဝသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ထို့အပြင် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးများသည် အာဆီယံပေါင်းစည်းမှု အစပြုရေး လုပ်ငန်းအစီအစဉ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ထောက်ပံ့ပေးမှုသည် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ လုပ်ငန်းအစီအစဉ်အတွင်း အရေးပါသည့် ဆောင်ရွက်ချက်များ အောင်မြင်ရေးအတွက် ဦးတည်နိုင်ခဲ့ပါကြောင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများ အစည်းအဝေးပုံမှန်ကျင်းပခြင်းဖြင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား အပြန် အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည်ဟု ယုံကြည်ပါကြောင်း၊ (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် "ဟန်ချက်ညီမျှပြီး တိုးတက်သာယာဝပြောသော လုပ်ငန်းခွင်အတွက် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝသော လုပ်သားထုဘဝမြှင့်တင်ရေး" ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်း လုပ်သားအင်အား တိုးမြှင့်ရေးအတွက် တူညီသည့်ဆန္ဒကို ဖော်ညွှန်းနေပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်း ပေါ်ပေါက်ရေး မျှော်မှန်းထားရာ ဤအစည်းအဝေး၏ ဆောင်ပုဒ်အား သေချာစွာ ဂရုပြုရွေးချယ်ထားခြင်း ဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေးသည်လည်း အာဆီယံ၏ရည်မှန်းချက်ပင်ဖြစ်ရာ ဒေသတွင်း၌ အရည်အသွေးပြည့်ဝပြီး တက်ကြွသည့် လုပ်သားထုရှိရမည်ဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုလက်ခံသည့် တစ်ပြေးညီချမှတ်ထားသော သင်ရိုးညွှန်းတမ်းနှင့် စံများကို အခြေခံသည့် ကျွမ်းကျင်မှုသင်တန်းဆိုင်ရာ အစီအစဉ်များ ရှိရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများကို အကာအကွယ်ပေးရေးသည် စေလွှတ်သည့်နိုင်ငံနှင့်လက်ခံသည့်နိုင်ငံ နှစ်နိုင်ငံစလုံး၏ တာဝန်ဖြစ်သည့်အတွက် ရွှေ့ပြောင်းအလုပ်သမား၏ အခွင့်အရေးများကို အကာအကွယ်ပေးရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ သို့ရာတွင် အလုပ်ရှင်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်လိုအပ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်သာယာဝပြောရေးစသည့် ဦးတည်ချက်များဖြင့် ကောင်းမွန်သည့် ရလဒ်များ၊အကျိုးရှိသည့်ပြောင်းလဲမှုများကို ဤအစည်းအဝေးကြီးမှ ရရှိနိုင်မည်ဟုယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး (၂၃) ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၂

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်**(အပေါ်ယာပုံ)**က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၄)နှင့် (၂/၂၀၁၄) တို့တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ တိုးတက်မှု၊ ရပ်ဆိုင်းမှု၊ ဆုတ်ယုတ်မှုများသည် ဖွဲ့စည်းထားသည့်လုပ်ငန်းကော်မတီ ခြောက်ရပ်ပေါ်တွင် မူတည်နေသည့်အတွက် လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်သည့် ကော်မတီဖြစ်ပါကြောင်း၊ မူလစီးပွားရေးလုပ်ငန်းများဖြစ်သည့် လယ်ယာလုပ်ငန်း၊ သားငါးရှာဖွေရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးရန်၊ ကျေးလက်ဈေးများ ဖွင့်လှစ်ပေးရန်၊ နယ်စပ်ကုန်သွယ်ရေး ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ပေးရန်၊ ကျန်းမာရေး၊ ပညာရေး၊ ရေမီးရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် စခန်းအတွင်းရှိ ဒုက္ခသည်များ၏ ပညာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေးနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေရန် စီစဉ်အားပေးဆောင်ရွက်သွားရန်တို့ကို လမ်းညွှန်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ယခင်နှစ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ရာ မျိုးစပါး ၁၉၈၆၀ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၆၃၄၈ ဧက ထွန်ယက်စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ ထွန်ယက်ရေးအတွက် စက်သုံးဆီ ၁၇၅၀၀ ဂါလန်ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ဓာတ်မြေဩဇာ ၈၆၁၄ အိတ် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ရေလုပ်ငန်းသုံးပိုက်နှင့်ကွန်များ၊ စက်လှေ၊ လက်လှေများကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာကျောင်း ၃၂ ကျောင်းဆောက်လုပ်ပေးနိုင်ခဲ့ပြီး ကျောင်းများအတွက် လိုအပ်သော စာသင်ခုံနှင့် စားပွဲများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးအတွက် ဆေးပေးခန်း ၂၇ လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်သွယ်ရေးအတွက် အော်တိုတယ်လီဖုန်းလိုင်းသွယ်တန်းခြင်း၊ အသစ်တပ်ဆင်ခြင်းနှင့် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခင်နှစ်က ဆောင်ရွက်ပေးနိုင်ခဲ့မှုများအပေါ် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်တွင် ပိုမိုပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ရေး ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဂ္ဂါဝပ် ၂၈၀ ထွက်ရှိမည့် အထက်ရဲရွာရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နေ

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာတွင် စီးဆင်းနေပြီး စုစုပေါင်းရေဆင်းဧရိယာမှာ ၈၄၇၇ စတုရန်းမိုင်ရှိသည်။ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)၏ ပြောင်သျှိုနေရာမှ မြစ်ညာအထက်ပိုင်း ဂုတ်ထိပ်ချောင်း၏ အထက်ဘက်တွင်တည်ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထွက်ရှိမည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတစ်ခုဖြစ်သည်။

အထက်ရဲရွာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးအဖွဲ့က ၂၀၁၀ပြည့်နှစ်မှစ၍ တည်ဆောက်လျက်ရှိသည်။ ထိုစက်ရုံစီမံကိန်းကို လာရောက်လေ့လာရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၏ ဖိတ်ကြားချက်အရ ကျွန်တော်သည် ဓာတ်ပုံသတင်းထောက် ကျော်မိုးလွင်နှင့်အတူ မေ ၁၄ ရက်က ကားတစ်စီးဖြင့် ခရီးပြင်းနှင်လာခဲ့ရာ ကျောက်မဲသို့မရောက်ခင် တောင်ဘက် မိုင် ၂၀ အကွာ တောင်ခြေ ပင်တိန်ကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းသို့ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိသွားကြသည်။

ထို့နောက် ကျွန်တော်သည် ရေလွှဲဥမင် ရေထွက်ပေါက်အဝ၌ အထက်ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုကို ဒုတိယညွှန်ကြားရေးမှူး ဦးမြသူရနှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဆန်းဝင်းတို့ကို တွေ့ဆုံမေးမြန်းခဲ့ရာ ရှေးဦးစွာ ဦးမြသူရက အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ၁၄-၁၁-၂၀၀၈ ရက်နေ့တွင် ကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး (၁/၂၀၀၈)မှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း။

အထက်ရဲရွာရေအားလျှပ်စစ်စက်ရုံ၏ ပင်မတမံတည်ဆောက်နိုင်ရန် ဖောက်လုပ်လျက်ရှိသော ရေလွှဲဥမင်လိုဏ်ကိုတွေ့ရစဉ်။

အထက်ရဲရွာ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန်အတွက် လေ့လာမှုများကို ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှကုမ္ပဏီ Sir Alexzandra Gibb & Partners က စတင်လေ့လာဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်တွင် မြန်မာ့လျှပ်စစ် လုပ်ငန်းနှင့် Burma Umbrella Project အစီအစဉ်အရ ဂျပန်နိုင်ငံ NEW-JEC ကုမ္ပဏီက ထပ်မံစူးစမ်းလေ့လာ၍ ၂၀၀၈ ခုနှစ် ဇွန်လမှစကာ ပြောင်သျှိုနေရာ၏ မြစ်ညာပိုင်းအထက် ဂုတ်ထိပ်ချောင်းဘက်တွင် ကျောက်သားအခြေအနေ ကောင်းမွန်မှုရှိကြောင်း အသေးစိတ်စူးစမ်းလေ့လာမှုများအရ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရသဖြင့် မဂ္ဂါဝပ် ၂၈၀ ထွက်ရှိမည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် သတ်မှတ်ခဲ့ပါကြောင်း။

တည်နေရာမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီး မြစ်ငယ်မြစ်ပေါ် (ခန့်မှန်းမြေပုံညွှန်း 93 F/4 732950) ၌ဖြစ်ပြီး ရေဆင်းဧရိယာမှာ ၈၄၇၇ စတုရန်းမိုင်နှင့် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၅၀ လက်မရှိကြောင်း၊ တမံအမျိုးအစားမှာ ကွန်ကရစ်တမံဖြစ်ကြောင်း၊ ရေလှောင်တမံ၏အလျားမှာ ပေ ၈၁၀ နှင့် အမြင့်မှာ ပေ ၃၁၀ ရှိကြောင်း၊ ရေအားအမြင့် ၂၂၁ ပေနှင့် ရေလွှဲဥမင်လိုဏ်တစ်လုံး၊ ရေလွှဲဥမင်နှစ်လုံး၊ ရေလျှံထိန်းစည် နှစ်လုံး၊ ရေအားလျှပ်စစ်စက်ရုံ Open Air Type ၂၈၂ ပေ (L)× ၁၃၁ ပေ (B)× ၁၄၈ ပေ (H)နှင့် စက်တပ်အင်အား ၂၈၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ သန်း ဖြစ်ကြောင်း ရှင်းပြသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဆန်းဝင်းကို ဆက်လက်မေးမြန်းခဲ့ရာ ရေလွှဲဥမင်လိုဏ်မျက်နှာဝ မြေကြီး/ကျောက်သားတူးဖော်ခြင်း လုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဥမင်လိုဏ်အထွက် ပိုင်း EL-395 m မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဥမင်လိုဏ်အဝင်ပိုင်း EL-400 m မှ စတင်ဆောင်ရွက်ခဲ့ရာ စုစုပေါင်းလုပ်ငန်းပမာဏ ၁၄၈၄၀၀ ကျင်းဖြင့် လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးခဲ့ကြောင်း။

ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် RD-0 m မှ RD- 230 m အတွင်း တူးဖော်မှုကို Center Drift Method ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ဥမင်လိုဏ်အဝင်နှင့် အထွက်များမှ ပြိုင်တူဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ဥမင်လိုဏ်၏ Heading ပိုင်း တိုးလျှိုပေါက်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကျန်ရှိသော Lower Half Section (Benching) ပိုင်းတူးဖော်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဧပြီလတွင် အပြီးဆောင်ရွက်နိုင်ကြောင်း၊ မူလလျာထားလုပ်ငန်းပမာဏ ၁၄၂၈၀ ကျင်းဖြစ်သော်လည်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်ချိန်တွင် ဘူမိဗေဒအခြေအနေအရ Overcut များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မူလဒီဇိုင်းပုံစံပါ Section Area ထက် ပိုမိုဆောင်ရွက်ခဲ့ရသဖြင့် ရေမလွှဲမီ အချိန်အထိ ၁၂၀၀ ကျင်းခန့် ထပ်မံဆောင်ရွက်ရန် ကျန်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းကို စုစုပေါင်းလုပ်ငန်းပမာဏ ၁၅၆၀၀ ကျင်းဖြင့် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်းတို့ကို ရှင်းပြသည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် (Storage Dam Type) ဖြင့် ဓာတ်အားထုတ်လုပ်ရန်ဖြစ်နိုင်စွမ်းရှိ၍ တွက်ချက်စိစစ်ရွေးချယ်ပြီး အမြင့်ပေ ၃၁၀ ရှိ CVC ကွန်ကရစ်တမံ၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊ ရေသွယ်ဥမင်လိုဏ်နှစ်လုံး၊ မြေအောက်ရေလျှံထိန်းစည်နှစ်လုံး၊ တစ်လုံးလျှင် စက်တပ်အင်အား ဝပ် ၇၀ ရှိသော တာဘိုင်လေးလုံးဖြင့် မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်) ရေအပြင် နန့်လန်ချောင်းရေကိုပါ ထည့်သွင်း တည်ဆောက်ထားသဖြင့် လက်ရှိဓာတ်အားပေးလျက်ရှိသော ရဲရွာကြီးရေအားလျှပ်စစ် စီမံကိန်း၏ ရေအကူအဖြစ် အသုံးပြုနိုင်ရုံသာမက ထွက်ရှိလာမည့် ဓာတ်အားမဂ္ဂါဝပ် ၂၈၀၊ ကီလိုဝပ် နာရီသန်းပေါင်း ၁၄၀၉ သန်းကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် ရေအားလျှပ်စစ်ဓာတ်အားစက်ရုံတစ်ရုံ ဖြစ်ကြောင်းကို ကွင်းဆင်းသွားရောက် လေ့လာရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုအား ဥပဒေနှင့်အညီလုပ်ကိုင်နိုင်ရေး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ကျင်းပမည့် (၂၃) ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မေ ၂၁ ရက် နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၀ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင်များအား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မနီလာမြို့ နီနွိုင်းအကွီနို (Ninoy Aquino) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မေ ၂၂ ရက်တွင် ရှန်ဂရီလာဟိုတယ်၌ကျင်းပသည့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Mr.Klaus Schwab က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးပြောကြားရာတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားတိုးတက်မှုသည် ဆက်စပ်လျက်ရှိပါကြောင်း၊ နိုင်ငံရေးမျက်နှာစာတွင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များအားလုံးသည် ပို၍ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိကာ အားလုံးအတူပါဝင်နိုင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံရေး တည်ငြိမ်မှုသေချာစေရန်အတွက် မိမိတို့အနေဖြင့် ပိုမို၍ ကြိုတင်မျှော်မှန်းနိုင်သော နိုင်ငံရေးစနစ်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်ခိုင်မာသည့် ဥပဒေများရှိနေရန် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစပြီး ဥပဒေပြုရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အစိုးရအနေဖြင့် ပိုမိုရှင်သန်ခိုင်မာသည့် စီးပွားရေးအတွက် လိုအပ်သည့် အခြေခံပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာစေရန်နှင့် ပြည်သူလူထု၏ လူနေမှုစနစ် မြှင့်တင်ရန်အတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်ကို ပြည်သူဗဟိုပြု ချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စင်စစ်အားဖြင့် ယင်းမူဘောင်များမှာ အစိုးရ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ပထမဆုံးအရေးပါသည့် ကနဦးဆောင်ရွက်ချက်ဖြစ်ပါကြောင်း။

ဒုတိယ သမ္မတ ဦးဉာဏ်ထွန်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိလာရာ နီနွိုင်းအကွီနို (Ninoy Aquino) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ထို့ပြင် အချို့သောအရေးပါသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာ ပို၍တည်ငြိမ်သော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်ခြင်း၊ ဗဟိုဘဏ်အားလွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ထူထောင်ခြင်း၊ ငွေကြေးနှင့်ဘဏ္ဍာရေးမူဝါဒသစ်များ ချမှတ်ခြင်းတို့ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ဆက်သွယ်မှုများ ပြန်လည်တည်ထောင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီလုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဝင်းမြင့်၊ ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ဘဏ္ဍာရေး၊ စီးပွားရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ပါဝင်ရှင်းလင်းဆွေးနွေးကြရာ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မစ်ဆူဘီရှီကော်ပိုရေးရှင်း ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ရိုရီဟီကို ကိုဂျီးမား ဦးဆောင်သောအဖွဲ့အား ရှန်ဂရီလာဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မစ်ဆူဘီရှီကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံ၌ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတို့တွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှု အလားအလာများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးသန့်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇နာရီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ် ဧက ၃၀၀၀ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်မိုးစပါးရာသီအချိန်မီ စိုက်ပျိုးရန်အတွက် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် မျိုးစေ့ချခြင်း လေ့ကျင့်ပညာပေးအခမ်းအနားသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးမှူးများက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချခြင်းကို ကိုယ်တိုင်ပါဝင်၍ လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းအတွင်း၌ ဖြစ်ထွန်းအောင်မြင်၍ ရင့်မှည့်နေသော နွေစပါးစိုက်ခင်းများကို လည်းကောင်း၊ တဲကြီးကုန်းကျေးရွာအနီး ပုလဲသွယ်စပ်မျိုးစပါး F1 မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်းသို့လည်းကောင်း သွားရောက်ကြပြီး အဖိုလိုင်းနှင့် အမလိုင်း ဝတ်မှုန်ကူးပွဲတော် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မျိုးစေ့ထုတ်လုပ်ငန်း (Seed Industry) များ ပေါ်ပေါက်လာရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် စိုက်ပျိုးရေးပညာရှင်များ၏ အားပေးကူညီမှုများသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်မှသာလျှင် သီးနှံများအထွက်တိုးပြီး အရည်အသွေးပိုင်းအရ ဈေးကွက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည့်အတွက် အခြေခံစိုက်ပျိုးကြသော တောင်သူလယ်သမားများ လျှင်လျှင်မြန်မြန်နှင့် ဝင်ငွေတိုးတက် ရရှိခံစားစေမည့် အကျိုးကျေးဇူးများကို တစ်နိုင်ငံလုံးသိရှိပျံ့နှံ့အောင် မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

(သတင်းစဉ်)

ဂူခုန်းဇာတ်ဆောင်ပရိသတ်နှင့်တွေ့ဆုံ

ရန်ကုန် မေ ၂၂

Journey to the West ရုပ်ရှင်ဇာတ်ကားမှ ဂူခုန်းဇာတ်ဆောင် Mr.Liu Xiao Ling Tong (လျို့ရှောင်လင်းထုံ)သည် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ၎င်း၏ပရိသတ်နှင့်တွေ့ဆုံပြီး အလှူငွေများပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တရုတ်-အာဆီယံ ဗဟိုအထွေထွေအတွင်းရေးမှူးချုပ် Mr.Ma Ming Qiang၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Wang Rui Qing တို့က နှစ်နိုင်ငံချစ်ကြည်ရေးစကား ပြောကြားကြပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ဂူခုန်းဇာတ်ဆောင်အား လက်ဆောင်ပန်းချီကားနှင့် ချစ်ကြည်ရေးသံတမန်ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။

လက်တွေ့ပြသ

ထို့နောက် သရုပ်ဆောင် Mr.Liu Xiao Ling Tong က ကျေးဇူးတင်စကား ပြောကြားပြီး သန်လျင်မြို့ ဆုတောင်းပြည့်တိုင်းရင်းသားဖွံ့ဖြိုးရေးလူငယ် ပရဟိတဂေဟာအတွက် အလှူငွေ ပေးအပ်ပြီး မျောက်မင်းဂူခုန်း၏ ဇာတ်ကွက်တချို့ကို လက်တွေ့ပြသသည်။

ဂူခုန်းဇာတ်ဆောင် Mr.Liu Xiao Ling Tong က "Journey to the West ဇာတ်ကားကို ၁၇ နှစ်ကြာရိုက်ကူးခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာသရုပ်ဆောင်များနှင့်အတူ ဂူခုန်းဇာတ်လမ်းတွဲအပိုင်း(၃)ကို ရိုက်ကူးချင်ကြောင်း" ပြောကြားခဲ့သည်။

ပြသလျက်ရှိ

ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြင့်မြင့်ခိုင်က "ဒီကားကို တီဗွီမှာ ကြည့်ခဲ့ရတာတော်တော်ကြာပြီပေါ့၊ လူကနေပြီးတော့ မျောက်လိုသဏ္ဌာန်တူအောင် သရုပ်ဆောင်ခဲ့တာ တော်တော်ချီးမွမ်းခဲ့တယ်။ သူ့အနုပညာကိုလည်း လေးစားတယ်၊ အခုလို မမျှော်လင့်ဘဲ မြန်မာနိုင်ငံကို ရောက်လာတယ်ဆိုတော့ အစ်မလည်း ဘာပဲဖြစ်ဖြစ် ဒီပွဲလေးကို တက်ရောက်ခဲ့တာပါ"ဟု ပြောပြခဲ့သည်။

ပြည်တွင်းပြည်ပတွင် အကြိမ် ၃၀၀၀ ကျော် ပြန်လည်ထုတ်လွှင့်ပြသခဲ့ရာ ကမ္ဘာတွင် ပြသမှုအကြိမ်စံချိန်ချိုးနိုင်ခဲ့သော Journey to the West ဇာတ်ကားကို လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုကျော်က ရုပ်မြင်သံကြား၌ ပြသခဲ့သည်။ ယခုအခါ Sky Net ရုပ်သံလိုင်း Channel-9 တွင် မဖျိုမခရီးသည်အမည်ဖြင့် ဇာတ်လမ်းတွဲကိုမေလ ၁၂ ရက်မှစ၍ မြန်မာစာတန်းထိုးဖြင့် ပြသလျက်ရှိသည်။

ခင်ချိုဝင်း
ဓာတ်ပုံ-ရဲထွန်း

အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် အခြေခံကစပြီး ပြောင်းလဲရန်လို

နေပြည်တော် မေ ၂၂

ပြည်သူလူထု၏ လိုလားချက်များကို ဖော်ထုတ်၍ ဝန်ဆောင်မှုပေးနိုင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို အထောက်အကူပြုမည့် ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်၍ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးခင်မောင်အေး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားရာတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရာ၌ အုပ်ချုပ်မှုကောင်းအရည်အသွေး မြင့်မားလာရေးသည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်ပါကြောင်း၊ လက်တွေ့အားဖြင့် ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ထူထောင်ရေးဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်မှ သန့်ရှင်းသောအစိုးရဖြစ်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် ပြည်သူ့ဝန်ဆောင်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်၏ အဓိကကျသည့် သွင်ပြင်လက္ခဏာများမှာ ပြည်သူလူထု၏ လိုလားချက်များကို ဖော်ထုတ်သတ်မှတ်၍ ဖြည့်ဆည်းဝန်ဆောင်မှုပေးနိုင်ရေးနှင့် ပြည်သူလူထုလုပ်ကိုင်လိုသော ကိစ္စရပ်များကို ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်နိုင်လာအောင် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးနိုင်ရေးတို့ပင်ဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးကို တိကျစွာဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေး သတ်မှတ်ချက်မူဘောင်ကို တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဗဟိုဦးစီးစနစ် လျှော့ချရန်နှင့် ပြည်သူ့ဝန်ထမ်းများ၏ အောက်ခြေမှအထက်သို့ တာဝန်ခံတင်ပြသည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရုံးလုပ်ငန်းဆိုင်ရာ မလိုအပ်သောအဆင့်များကို ဖော်ထုတ်ဖြေလျှော့မှသာ အုပ်ချုပ်မှုယန္တရား ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် အခြေခံကစပြီး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ပြည်သူလူထုက အစိုးရအပေါ်ထားရှိသော မျှော်လင့်ချက်သည် မြင့်မားလာကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတကာအခြေအနေများကို လေ့လာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ကာလဒေသအလျောက် အံဝင်အောင် ကျင့်သုံးဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းစီမံကိန်း ၂၀၁၃-၂၀၁၅ကို အကောင်အထည်ဖော်ရန် စီမံ/စီးပွားဝန်ကြီးဌာနနှင့် UNDP တို့သည် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ တစ်ကြိမ်၊ ပုဂံမြို့တွင် သုံးသပ်ဆွေးနွေးပွဲတစ်ကြိမ် ဆောင်ရွက်၍ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ရှေ့ဆက် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ပြည်တွင်းသတင်း

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဒေသန္တရအစိုးရ၏ စွမ်းဆောင်ရည်နှင့်စီမံခန့်ခွဲမှုတိုးတက်ရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေး ထိရောက်မှုရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် တွေ့ရှိရသည့် အခက်အခဲများကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ ပြည်သူဗဟိုပြု လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများနှင့် ဌာနအလိုက်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့အတူ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် ဒေသအလိုက် ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာဇော်ဦးက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာ အတွေ့အကြုံများနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၄/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁- ၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၁)၊ ၆-၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၂)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၂/၂၀၁၂)၊ ၁၆- ၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၄၁/၂၀၁၂)၊ ၁၁- ၃-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆/၂၀၁၃)၊ ၂၄- ၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၆/၂၀၁၃) နှင့် ၂၇-၉-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၇/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၀၂၅၅ ဗိုလ်မှူးချုပ်ကျော်ရွှေ	(အစား)	ကြည်း ၁၈၀၈၆ ဗိုလ်မှူးကြီးတင်စိုး
(၂)	ကြည်း ၂၇၀၁၅ ဒုတိယဗိုလ်မှူးကြီးအောင်မြတ်သိန်း	(အစား)	ကြည်း ၂၄၀၉၁ ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ
(၃)	ကြည်း ၂၇၀၆၆ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်း	(အစား)	ကြည်း ၂၅၂၂၇ ဒုတိယဗိုလ်မှူးကြီးတက်ထွန်း
(၄)	ကြည်း ၂၇၄၃၉ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်	(အစား)	ကြည်း ၂၇၄၀၉ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း
(၅)	ရေ ၃၆၂၆ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်	(အစား)	ရေ ၃၈၄၇ ဗိုလ်မှူးညီညီထွန်း
(၆)	ရေ ၃၇၇၉ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်	(အစား)	ရေ ၄၁၁၁ ဗိုလ်မှူးကျော်သူရ
(၇)	ကြည်း ၂၇၅၀၆ ဗိုလ်မှူးတင်ထွန်း	(အစား)	ကြည်း ၃၄၈၉၂ ဗိုလ်မှူးမိုးမြင့်အောင်
(၈)	ကြည်း ၃၁၅၉၄ ဗိုလ်မှူးကျော်စိုးမင်း	(အစား)	ကြည်း ၃၇၁၈၈ ဗိုလ်မှူးဇင်မျိုးလှိုင်
(၉)	ကြည်း ၃၃၁၈၄ ဗိုလ်မှူးတင်ကျော်ဦး	(အစား)	ကြည်း ၃၇၂၄၁ ဗိုလ်မှူးစန်းယုသိန်း
(၁၀)	ရေ ၃၆၄၉ ဗိုလ်မှူးသန်းဇော်ဦး	(အစား)	ရေ ၄၀၃၈ ဗိုလ်မှူးအေးမင်းစိုး

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၅/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁၃/၂၀၁၃)၊ ၂၄-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁၇/၂၀၁၃)နှင့် ၂၇-၉-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၃)တို့တွင်ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၈၂၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးသစ်ဦး	(အစား)	ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်
(၂)	ကြည်း ၂၈၁၄၈ ဒုတိယဗိုလ်မှူးကြီးဇော်လင်း	(အစား)	ကြည်း ၂၆၉၉၁ ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း
(၃)	ရေ ၃၆၀၆ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး	(အစား)	ရေ ၄၁၅၄ ဗိုလ်မှူးကိုကို
(၄)	ကြည်း ၂၃၂၇၀ ဗိုလ်မှူးဇော်မြင့်	(အစား)	ကြည်း ၂၄၁၀၈ ဗိုလ်မှူးအောင်သက်မြင့်
(၅)	ကြည်း ၃၂၃၇၂ ဗိုလ်မှူးဝင်းကျော်ကျော်	(အစား)	ကြည်း ၃၁၇၇၆ ဗိုလ်မှူးမောင်မောင်
(၆)	ကြည်း ၃၀၄၂၆ ဗိုလ်မှူးအောင်နိုင်ဦး	(အစား)	ကြည်း ၃၄၅၀၀ ဗိုလ်မှူးကျော်သက်ဦး
(၇)	ကြည်း ၂၅၁၆၈ ဗိုလ်မှူးခင်မောင်ချို	(အစား)	ကြည်း ၃၅၆၀၀ ဗိုလ်မှူးသန်းဇော်ထွန်း
(၈)	ကြည်း ၂၈၃၁၀ ဗိုလ်မှူးမျိုးအောင်	(အစား)	ကြည်း ၃၅၃၅၄ ဗိုလ်မှူးသိန်းလွင်ဌေး

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လျှပ်စစ်ဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီစည်းဝေး

နေပြည်တော် မေ ၂၂

နိုင်ငံတော်သမ္မတ၏ မှတ်ချက်ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထပ်မံရေးဆွဲထားသော လျှပ်စစ်ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော် သယံဇာတကော်မတီက ပြုစုရေးဆွဲထားသော လျှပ်စစ်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီအစည်းအဝေးကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ကော်မတီရုံးလွှတ်တော် အိုင်ဆောင် အမှတ် (၂)၌ ကျင်းပရာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဦးလွန်းသီ၊ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ဥပဒေကြမ်းနှစ်ခုကို ရှင်းပြပြီး ဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရေးနှင့် ပုဒ်မတစ်ခုချင်းစီအလိုက် ဆွေးနွေးညှိနှိုင်းကြကာ ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်းနှင့် သဘာဝဘေးသတင်း

■ **ရှေ့ဖုံးမှ**

ဒုတိယအမြဲတမ်းအတွင်းဝန် M.L Puntrik Smiti, ဗီယက်နမ်နိုင်ငံ အလုပ်သမားဝန်ကြီး H.E.Mrs. Pham Thi Hai Chuyen, တရုတ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yang Zhiming, ဂျပန်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Atsuko Muraki, မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E.Mr.Lee Baek-Soon, အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Ms. Alicia R.Bala တို့ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

တစ်ကြိမ်အာဏာသိမ်းခဲ့ပါတယ်။ ဒီတုန်းကလည်း မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတားတွေကို အခုလိုပဲ ပိတ်လိုက်ပါတယ်၊ နိုင်ငံတွင်းတည်ငြိမ်သွားတဲ့အခါ ပြန်ဖွင့်ပေးပါတယ်၊ နှစ်ရက်သုံးရက်လောက်ပဲ ကြာပါတယ်၊ သိပ်စိုးရိမ်စရာမရှိပါဘူး”ဟု တာချီလိတ်မြို့ခံတစ်ဦးက ပြောကြားသည်။

“တံတားကို ရုတ်တရက်ကောက်ပိတ်လိုက်တာတော့မဟုတ်ပါဘူး၊ ပုံမှန်တံတားပိတ်ချိန်ညနေ ၆ နာရီမှာပိတ်လိုက်ပြီးနောက်မှ လုံခြုံရေးအခြေအနေအရ ရက်အကန့်အသတ်မရှိပိတ်ကြောင်း ကြေညာလိုက်တာပါ။ ဒီ့အတွက် ထိုင်းနိုင်ငံထဲမှာ မြန်မာနိုင်ငံသားအတော်များများပိတ်မိနေပါတယ်။ ပိတ်မိနေတဲ့ မြန်မာနိုင်ငံသားတွေပြန်လာနိုင်ဖို့ ထိုင်းဘက်ကတာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး စီစဉ်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံသားများအနေနဲ့ စိုးရိမ်စိတ်လွန်ကဲပြီး တရားမဝင်ခိုးကူးတာတွေမလုပ်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်”ဟု တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးက မြန်မာ့အလင်းသို့ပြောကြားသည်။

“တာချီလိတ်မြို့နဲ့ မယ်ဆိုင်မြို့ကို ဆက်သွယ်ထားတဲ့ ချစ်ကြည်ရေးတံတားနှစ်စင်းရှိပါတယ်။ အမှတ်(၁)တံတားက လူနဲ့ယာဉ်ငယ်များကူးသန်းဖို့ဖြစ်ပြီး အမှတ်(၂)တံတားကတော့ နှစ်နိုင်ငံ ကုန်စည်သယ်ယူဖို့ဖြစ်ပါတယ်။ ပုံမှန်ကုန်သွယ်မှုအနေအထားရှိခဲ့ရာကနေ အခုလို ရုတ်တရက်တံတားပိတ်လိုက်တော့ စိုးရိမ်စိတ်တော့ရှိပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေတည်ငြိမ်သွားရင် နှစ်ရက်၊ သုံးရက်လောက်ဆိုလည်း ပြန်ဖွင့်တတ်တော့ အမြန်ဆုံးပြန်ဖွင့်နိုင်ပါစေလို့ပဲ ဆုတောင်းရမှာပေ့ါ”ဟု နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နေသည့် ကုန်သည်တစ်ဦးက ပြောကြားသည်။

လတ်တလောတွင် ထိုင်းနိုင်ငံနှင့်ထိစပ်နေသည့် တာချီလိတ်မြို့တွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသည့် ဆွေမျိုးမိသင်္ဂဟများအတွက် စိုးရိမ်ပူပန်လျက်ရှိကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း၊ တိမ်းမှောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets)များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကာကွယ်ရေးနှင့် မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် မေ ၂၂

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးကို မေ ၂၂ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်တွင် အာဆီယံအလုပ်သမားဝန်ကြီးများက ၂၀၁၅ အာဆီယံအသိုက်အဝန်းကို ဦးတည်လျက် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝသော အာဆီယံလုပ်သားအင်အားထုကို တည်ဆောက်ရာတွင် အလုပ်အကိုင်ဈေးကွက် သတင်းအချက်အလက်၊ လုပ်ငန်းနှင့်ကျွမ်းကျင်မှုမကိုက်ညီမှု၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝတစ်သက်တာလေ့လာသင်ယူမှု၊ ကျွမ်းကျင်မှု အသိအမှတ်ပြုခြင်းနှင့် နိုင်ငံအဆင့်အရည်အသွေး သတ်မှတ်ချက်များအပြင် အားထားလောက်သော လုပ်ငန်းခွင်ဆက်ဆံရေးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအား တိုးမြှင့်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၊ သုံးပွင့်ဆိုင်မိတ်ဖက်များနှင့် အခြားသက်ဆိုင်သောအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း။

ကြေညာချက်တွင် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်များ ချမှတ်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးများ၏ ထောက်ခံမှုကိုလည်း ဖော်ပြထားပြီး ပိုမိုကောင်းမွန်သောဘဝနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်၊ စွမ်းရည်ပြည့်ဝသော အလုပ်အကိုင်၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားထု၊ ကုန်ကျစရိတ်တတ်နိုင်ပြီး အသုံးပြုနိုင်သော အားလုံးအတွက် လူမှုရေး ကာကွယ်စောင့်ရှောက်မှုနှင့် ဟန်ချက်ညီမျှပြီး တိုးတက်မှုရှိသော လုပ်ငန်းခွင်တို့နှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်ကို ဦးတည်သည့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း၏ ၂၀၁၅ အလွန် မဟာဗျူဟာရည်ရွယ်ချက်များကို ချမှတ်ရန် အာဆီယံအဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေးကို တိုက်တွန်းထားသည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်အကိုင်ဈေးကွက် သတင်းအချက်အလက်စနစ်များကို အားဖြည့် ဆောင်ရွက်ပေးရန်နှင့် အလုပ်သမားရေးရာနှင့် ဆက်စပ်နေသော လူမှုတာဝန်သိသည့် စီးပွားရေးလုပ်ငန်းကို ဒေသတွင်း၌မြှင့်တင်နိုင်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကာကွယ်ရေးနှင့်မြှင့်တင်ရေး၊ အာဆီယံစာချုပ်စာတမ်းမူကြမ်းရေးဆွဲရေးလုပ်ငန်းအဆင့် သတ်မှတ်ကာလနှင့် ပြီးမြောက်ရမည့် လုပ်ငန်းနယ်ပယ်နှင့်အညီ တိုးတက်ဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်းဖြင့် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲကြေညာချက် အပြည့်အစုံ (မြန်မာ-အင်္ဂလိပ်)ကို ပြန်ကြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်များဖြစ်သော www.moi.gov. mm နှင့် www.moi.gov.mm/npe တို့တွင် ဖတ်ရှုနိုင်သည်။ **(သတင်းစဉ်)**

✳ **ကျောဖုံးမှ**

ကြိုတင်သတိပြုရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်းသိရသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းအန္တရာယ် ဖြစ်ပေါ်နိုင်သည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ရုပ်မြင်သံကြား၊ FM ရေဒီယိုများကို ကြည့်ရှုနားထောင်၍ မုန်တိုင်းအန္တရာယ်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောက်ရွက်သွားကြပါရန်နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း၊ ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များ အနေဖြင့်လည်း အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါတည် နေရာများတွင် အချိန်မီခိုလှုံကြပါရန်-

(က) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံကာကျွန်း(မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သပြုချိုင်(ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၂၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၂၀မိနစ်)

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၄မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၁မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၁၃မိနစ်)

(င) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ်(မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၁၅မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၁၃မိနစ်)

(စ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင်(မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)

(ဆ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND)(မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ(မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်)

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ကဒုံကနိကျေးရွာ (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့်နီးစပ်ရာလုံခြုံသည့်ကျွန်းများတွင် ကျွန်းခိုကြရန်ဖြစ်ကြောင်း မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အခြေအနေပြမြေပုံ။

မြောင်းမြမြို့ပေါ်ရပ်ကွက်များ သင်္ဘောဆိပ်များ မုန်တိုင်းအန္တရာယ်သတိပေး နှိုးဆော်ထား

မြောင်းမြ မေ ၂၂

ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့်ပတ်သက်၍ မုန်တိုင်းသတိပေးချက်များ ရရှိပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မေ ၂၂ ရက် ညနေ ၄ နာရီခွဲက အသံချဲ့စက်များဖြင့် မုန်တိုင်းအန္တရာယ်ကြိုတင်သတိပေးချက်များဖြင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့တွင်း၊ မြို့ပေါ်ရပ်ကွက်များနှင့်မရမ်းကုန်းရပ်ကွက် သင်္ဘောလေးဆိပ်၊ ၃ လမ်းသင်္ဘောလေးဆိပ်များတွင် မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ လိမ့်မော်ရောင်အဆင့်ရှိကြောင်း၊ အဆောက်အအုံ၊ လူနေအိမ်များ၊ ပြည်သူများ ထိခိုက်ပျက်စီးမှု မရှိရေးအတွက် မုန်တိုင်းအန္တရာယ် သတိပြုကြစေလိုကြောင်း၊ သင်္ဘောများ၊ စက်လှေများ၊ မုန်တိုင်းအန္တရာယ် ကြိုတင်သတိပြုကြစေလိုကြောင်းကို မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော် ကြိုတင်သတိပေးထားကြောင်းသိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မုန်တိုင်းသတိပေးချက် ပြည်သူများသိရှိနိုင်ရန် အသိပညာပေးဆောင်ရွက်ထား

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်းခေတ်မီစာကြည့်တိုက်ရှေ့ရှိ ကြေညာဘုတ်များတွင် မေ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက်ကို ပြည်သူများသိရှိနိုင်ရန်နှင့် မုန်တိုင်းကျရောက်ပါက မုန်တိုင်းတိုက်ခတ်နေစဉ်နှင့် တိုက်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များ၊ မိုးကြိုးဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရန်ရှောင်ရန်အချက်များကို အသိပေးကြေညာထားမှုကို တွေ့ရသည်။

အောင်ဇော်ထွေး

မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံခြားသားများစိတ်ဝင်စားမှုပိုမိုများပြားလာ

ရန်ကုန် မေ ၂၂

နိုင်ငံတစ်ဝန်း ရိုးရာမပျက် စဉ်ဆက်မပြတ် ဆင်နွှဲကျင်းပလျက်ရှိသော မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံခြားသားများ စိတ်ဝင်စားမှု ပိုမိုရှိလာကြရာ မေ ၁၈ ရက်က ယှဉ်ပြိုင်ထိုးသတ်သည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် ယခင်ပွဲများထက် နိုင်ငံခြားသားများ များပြားစွာ လာရောက်ကြည့်ရှုကြသည်ကို မြင်တွေ့ခဲ့ရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ကို ရှေးယခင် နှစ်ပေါင်းများစွာကတည်းက မြန်မာ့ရိုးရာ ဘုရားပွဲများ၊ ပွဲလမ်းသဘင်များ၊ တိုင်းရင်းသားရိုးရာပွဲများနှင့် မြန်မာ့အခါကြီး ရက်ကြီးများတွင် ရိုးရာမပျက် ထည့်သွင်းကျင်းပပေးခဲ့သည်။ ယခုအခါ ပြောင်းလဲလာသည့် ဆယ်စုနှစ်အကျော်နောက်ပိုင်းတွင် ပြည်တွင်း ယှဉ်ပြိုင်စိန်ခေါ်ပွဲများနှင့် ပြည်ပဖိတ်ခေါ်ပွဲများ မကြာခဏကျင်းပခဲ့ရာ ယခုအခါ ပြည်တွင်းသာမက နိုင်ငံခြားသားများပါ မြန်မာ့ရိုးရာလက်ဝှေ့ကို ပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာသင်ယူလေ့ကျင့်မှုများရှိလာသည်ကို တွေ့ရသည်။

"ယခင် ကျွန်တော်က မွေထိုင်းလက်ဝှေ့သမားတစ်ဦးပါ။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ဒါနဲ့ဆို ဒုတိယအကြိမ်ကြည့်ဖြစ်တာ ဖြစ်ပါတယ်။ အခု ကျွန်တော်က မြန်မာ့ရိုးရာလက်ဝှေ့ကလပ်တစ်ခုဖြစ်တဲ့ လုံးချောရဲ့ သတ္တိကလပ်မှာ လေ့လာလေ့ကျင့်သင်ယူနေပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့ကို မွေထိုင်းလက်ဝှေ့ထက် ပိုမိုနှစ်သက်သဘောကျလို့ အခုလိုလာရောက်ပူးတွဲ လေ့ကျင့်သင်ယူနေခြင်းဖြစ်ပါတယ်" ဟု မွေထိုင်းလက်ဝှေ့သမား ဂျာမနီနိုင်ငံသား Mr. Sepastian က မြန်မာ့ရိုးရာလက်ဝှေ့နှင့်ပတ်သက်၍ စိတ်ဝင်စားမှုကို ပြောပြသည်။

သတင်းမြင့်ကွင်း-မင်းခေတ်၊ ဓာတ်ပုံ-မင်းထက်

မေ ၁၈ ရက်က ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ထိုင်း-မြန်မာလက်ဝှေ့ပွဲတွင် စိတ်ဝင်တစားကြည့်ရှုနေကြသည့် နိုင်ငံခြားသားများ။

မေ ၁၈ ရက်က မြန်မာနှင့်ထိုင်း အပြန်အလှန်စိန်ခေါ် ထိုးသတ်သည့် လက်ဝှေ့ပွဲကြီးကို သိမ်ဖြူအားကစားကွင်း၌ ကျင်းပရာ ရုံပြည့်ရုံလျှံ လာရောက် ကြည့်ရှုသည့် ပြည်တွင်းပရိသတ် ပိုမိုများပြားမှုနှင့်အတူ မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်မြတ်နိုး စိတ်ဝင်စားသည့် ပြည်ပ နိုင်ငံခြားသား ၁၀၀ ကျော်လည်း လာရောက်အားပေးခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။ အထူးသဖြင့် ဂျာမနီ နိုင်ငံမှ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသူ ပိုမိုများပြားစွာ လာရောက်ကြည့်ရှုပြီး ယင်းနေ့က အမေရိကန်၊ စပိန်၊ ဒိန်းမတ်၊ ဩစတြေးလျ၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့မှလည်း မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ မြန်မာ-ထိုင်း အပြန်အလှန် စိန်ခေါ်သည့် ရိုးရာလက်ဝှေ့ပွဲကို လာရောက် ကြည့်ရှုသူ ပြည်တွင်းလက်ဝှေ့ဝါသနာရှင်တစ်ဦးကလည်း "ဒီမြန်မာ-ထိုင်း ယှဉ်ပြိုင်ထိုးသတ်တဲ့ ဒီပွဲက ထင်ထားတာထက် ပိုပြီး ကြည့်လို့ ကောင်းခဲ့တယ်။ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြတဲ့ ပွဲကြီးပွဲကောင်းတွေပါ။ လာရောက်ကြည့်ရှုတဲ့ ပြည်တွင်း ပြည်ပပရိသတ်တွေလည်း စိတ်ကျေနပ်မှု ရကြတယ်။ ထူးခြားတာက ဒီပွဲကို နိုင်ငံခြားသားတွေ တော်တော်များများ လာရောက်ကြည့်ရှုအားပေးကြတာတွေ့ရတယ်။ ကျွန်တော် ပြည်တွင်းလက်ဝှေ့ပွဲ ကြည့်လာတာ ပွဲပေါင်းတော်တော်များနေပြီ။ ဒီလောက်နိုင်ငံခြားသားတွေ လာရောက်အားပေးကြည့်ရှုတာ တစ်ခါမှ မတွေ့ခဲ့ရဖူးဘူး။ သူတို့တစ်တွေ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်တစားနဲ့ တကယ်ကို လာရောက်အားပေးကြတာ"ဟု သူ၏အမြင်ကို ပြောပြသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ကလပ်များ ယခင်ထက်ပိုမိုများပြားလာပြီး အထူးသဖြင့် အချို့ကလပ်များတွင် ပြည်တွင်းလက်ဝှေ့သမားများသာမက ပြည်ပမှ မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားပြီး လာရောက်သင်ယူလေ့လာနေသည့် နိုင်ငံခြားသား လက်ဝှေ့သမားများကိုပါ မွေးထုတ်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယခုနှစ်ထန်းလျက်ဈေး ထန်းတောင်သူတွေအတွက် အခြေအနေပေး

ရေစကြို မေ ၂၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ ထန်းပင်ရေ ငါးသိန်းကျော်မျှရှိသော်လည်း ထန်းတက်သူ ရှားပါးမှုကြောင့် ထန်းတောတိုင်းထန်းမတက်နိုင်ကြသော်လည်း ယခုနှစ်တွင် ထန်းလျက်ဈေးကောင်းသည့်ဘက်တွင် ရှိနေ၍ ထန်းတက်တောင်သူများ အခြေအနေကောင်းလျက်ရှိကြောင်း သိရသည်။

"တပေါင်းလမှာစပြီးပေါ်တဲ့ ဒူရစ်ထန်းလျက် တစ်ပိဿာ ငွေကျပ် ၉၀၀၊ ၉၅၀ ဈေးရောင်းရတယ်။ အခု ထန်းဖိုရာသီကာလ ထန်းလျက်တစ်ပိဿာ ငွေကျပ် ၈၀၀၊ ၈၁၀၊ ၈၂၀ ရောင်းရတယ်။ ဝါဆိုလဆိုရင် ထန်းမရာသီရောက်တော့မယ်။ ဘယ်ဈေးရောင်းရမယ်ဆိုတာတော့ မပြောတတ်ဘူး။ ရှေးက ထန်းလျက်ပွဲစားကြီးတွေက ဆန်တစ်ပြည်ဈေးနှုန်းနဲ့ ထန်းလျက်တစ်ပိဿာဈေးနှုန်းညီနေရင် ထန်းတောင်သူတွေ အဆင်ပြေတယ်။ ဒါမှမဟုတ် ထန်းလျက်တစ်ပိဿာ ဈေးနှုန်းက ဆန်တစ်ပြည်ဈေးနှုန်းထက် လျော့နေမယ်ဆိုရင် ထန်းတောင်သူတွေ အရှုံးပေါ်တယ်လို့ ပြောကြတာကို ကြားဖူးပါတယ်" ဟု ထန်းလျက်ပွဲစားတစ်ဦးကပြောပြသည်။ ယခုအခါ ရေစကြိုမြို့ပေါ်တွင် ထန်းလျက်ဝိုင်း ၂၀ ခန့်ရှိပြီး နေ့စဉ် ထန်းလျက်များ ဝင်ရောက်လျက်ရှိကြသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းက ကြီးမှူး၍ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၁၇၃/၁၇၅) အခန်းအမှတ်(၆၀၃)ရှိ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဟောပြောပွဲခန်းမတွင် ဦးသန်းဝင်း (ဇေယျမင်းမင်းဝင်း)လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စုံစမ်းစစ်ဆေးရေးဦးစီးဌာနက ကိုယ်ခံပညာဥပဒေဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

အောင်သူရ

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်

ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများရေမြုပ်၍ ရေမြှပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှပ်ပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကိုချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန်လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများသည် ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ် လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်း ခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်ပါသည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ် မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် သတိပေးနှိုးဆော်ပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ပျောက်ဆုံး

ကျွန်မ မေဖြူဝင်း ၁၂/ထတပ(နိုင်)၀၅၈၄၂၂ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၅၃၈၄၃

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂)ရပ်ကွက်၊ အမက(၉)အရှေ့ဒဂုံ၊ စတုတ္ထတန်း(C) တွင် ပညာသင်ကြားနေသော မမိုးပြည့်ချမ်းသာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁၂/သခန(နိုင်)၁၂၃၄၂၇ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးမြတ်ကိုကို၏သား အထက ပုဂံမြို့၊ တတိယတန်းမှ မောင်ဘုန်းသက်နိုင်အား ယနေ့မှစ၍ မောင်ဇေယျာလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာလင်းထက်

ပျောက်ဆုံး

ကျွန်တော်မောင်သက်နောင်စိုး ၇/ဖမန(နိုင်)၁၆၁၅၉၄ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၂၁၅၇၇၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်ဆုရွေးချယ်

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရဲရိပ်သာ၌ မေ ၂၂ ရက် နံနက် ၈ နာရီက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ (ပန်းချီ/ပိုစတာ) ပြိုင်ပွဲဝင်လက်ရာများ တိုင်းဒေသကြီးအဆင့် ဆုရွေးချယ်ခြင်း အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်း ဦးဆောင်သည့် တိုင်းအဆင့်ဆုများ စိစစ်ရွေးချယ်ရေး ဘုတ်အဖွဲ့ဖြင့် ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ(ပန်းချီ/ပိုစတာ) ပြိုင်ပွဲဝင် လက်ရာများကို အတည်ပြုရွေးချယ်ခဲ့သည်။ အခမ်းအနားသို့ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုး၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဦးစီးအရာရှိ (ပထမတန်း) ဒုရဲမှူးကြီး နိုင်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ပြိုင်ပွဲဝင်လက်ရာ စိစစ်ရေးဆပ်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

သန့်စင်(ပဲခူး)

ဗန်းမော်၌ နွေစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက ၁၆၈တင်း ထွက်ရှိ

ဗန်းမော် မေ ၂၂

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ပုလဲသွယ်အာလိုင်း(လုံ-၈) နွေစပါး စံကွက်ရိတ်သိမ်းပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီခွဲက စီဟဲကျေးရွာကွင်းအမှတ်(၁၈၅)ဦးပိုင် - ၁ ဧရိယာ နှစ်ဧကတွင် စိုက်ပျိုးထားသော တောင်သူဦးဇေယျာအောင်၏ ပုလဲသွယ် အာလိုင်း(လုံ-၈) နွေစပါး စံကွက်ရိတ်သိမ်းကြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ခရိုင်/ မြို့နယ်စိုက်ပျိုးရေးရုံး ဝန်ထမ်းများ၊ ခရိုင်/ မြေစာရင်းရုံး ဝန်ထမ်းများ၊ စီဟဲ၊ ခိုကျင်၊ ကမ္မားနီ ကျေးရွာများမှ တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

"နိုဝင်ဘာ ၂၈ မှာ ပျိုးထောင်တယ်၊ ဇန်နဝါရီ ၂၁ ရက်မှ စိုက်ခဲ့ပြီး မေ ၂၁ ရက်မှာ ၆ ဒသမ ၆ပေ ပတ်လည်စံကွက်ရိတ်သိမ်းတယ်၊ တစ်ဧက စပါးခြောက် ၁၆၈ တင်းနှုန်း ထွက်ရှိလို့ တောင်သူတွေ ဝမ်းသာကြတယ်၊ ပုလဲသွယ် အာလိုင်း(လုံ-၈) စပါးမျိုးကို ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းကာလမှာ စတင်စမ်းသပ်စိုက်ပျိုးခဲ့တယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်လွင်ဦးက ပြောပြသည်။ **ဆီမီးခုံ -နန်းရီ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၁၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၃၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၂၉၀၀-၃၅၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၅၀၀-၃၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၄၈၀၀-၆၈၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၈၀၀-၉၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၈၀၀၀-၂၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၆၅၀၀-၉၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၆၅
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၉-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၅-၇၇၀
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၇-၃၀.၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၄.၅-၁၅.၂
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၂-၂၉၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်မထအသစ်)	တစ်အိတ်	၁၆၈၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၅၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၈၀-၄၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၅၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၆၀၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၈၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဇော်ဇင်တင်ပြသည်။

ခင်ဦး၌ အပေါ့စားမီးသတ်စက်ဖြင့် သရုပ်ပြ

ခင်ဦး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ထောက်ပံ့သောငွေကျပ် ၁၃ သိန်းတန် အပေါ့စားမီးသတ်စက်နှစ်လုံးဖြင့် ရွှေဘိုခရိုင် ခင်ဦးမြို့လမ်းမတော်တွင် မေ ၂၁ ရက် နံနက် ၉ နာရီက လက်တွေ့သရုပ်ပြခဲ့သည်။ ထို့နောက် ညနေ ၅ နာရီခွဲတွင် ခင်ဦးမြို့ ကြက်မွေးမြူရေးဇုန် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက အပေါ့စားမီးသတ်စက် အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး ယင်းမီးသတ်စက်ဖြင့် လက်တွေ့သရုပ်ပြရေဖျန်းခဲ့သည်။

အဆိုပါ သရုပ်ပြအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့မိ/မြို့ဖများ တက်ရောက်ကြည့်ရှုခဲ့သည်။ အဆိုပါအပေါ့စား မီးသတ်စက်နှစ်လုံးကို ကြက်မွေးမြူရေးဇုံနှင့် ရွာသာကျေးရွာများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ခင်ဦး-စိုးဝေ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

အမည်ပြောင်း

တောင်ကြီးမြို့၊ အမက(၄) မူလွန်စတုတ္ထတန်း(C)မှ စိုင်းလောဝ်ဖအား ယနေ့မှစ၍ စိုင်းဆိုင်လောဝ်ဖဟုပြောင်းလဲခေါ်ပါရန်။

စိုင်းဆိုင်လောဝ်ဖ

အမည်ပြောင်း

ဦးလှမျိုးကြည် ၉/ပမန(နိုင်)၂၁၃၅၈၄၏ သမီး နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထက (၄) အလယ်တန်းကျောင်း ပဥ္စမတန်းတွင် တက်ရောက်အောင်မြင်ခဲ့သော မမေဇူလှိုင်မျိုးအား မသူဇာမျိုးဟုပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၆၆၄၃ CAD LLAC SL 4 2 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၁၂/လသန(နိုင်)၀၀၈၈၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ တစ်ဖက်ကမ်း၊ အလတ်ချောင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁B၊ မြေကွက်အမှတ် ၁၂၏ တစ်စိတ်တစ်ဒေသဧရိယာ ၃ဒသမ၇၅၂ဧက ၁၆A၏တစ်စိတ်တစ်ဒေသဧရိယာ ၀ ဒသမ ၉၁၈ဧက မောင်ဘဖိုး၊ မောင်မိုးဆွေအမည်ပေါက် နှစ်ခြင်း မြေငှားဂရန်မြေအား Myanmar Logistics Management Co.,Ltd မှ ကုန်တင်ကုန်ချ ဆိပ်ခံတံတားနှင့် ကုန်စည်သိုလှောင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်သစ်)လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

တောင်ဒဂုံမြို့နယ်၊ (၇၁)ရပ်ကွက်၊ ကျုန်စစ်သားလမ်း၊ အမှတ် ၁၉၂၃(ခ) ဟု ခေါ်တွင်သည့် အဆိုပါမြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံသည် ကျွန်တော်ဦးအုန်းကြိုင် ၁၂/တမန(နိုင်)၀၂၅၂၃၀က တစ်ဦးတည်းပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၄င်းမြေကွက်နှင့်အဆောက်အအုံအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း (လုံး၀) မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ပါက တရားဥပဒေအရ အရေးယူပါမည်။

(ဦးအုန်းကြိုင်)
၁၂/တမန(နိုင်)၀၂၅၂၃၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ တိုက် ၁၃၅၊ ခုနစ်လွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထား တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးအေးနွယ် ၁၂/ရကန(နိုင်)၀၃၇၆၁၅ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသီဟ	ဒေါ်ဇင်မာနွယ်	ဒေါ်သက်ဝေလွင်
LL.B	LL.B,D.B.L,D.I.L,D.M.L,C.B.L	LL.B

အထက်တန်းရှေ့နေများ

တိုက်-၃၈ (6-A)၊ ဇလွန်လမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၄၃၈၈၊ ၀၉-၄၀၃၇၁၂၉၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၃၅၃)၊ အခန်းအမှတ်(၄၀၄)၊ လေးလွှာဟုခေါ်တွင်သည့် တိုက်ခန်းနှင့်တကွ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးမောင်ဖြူ (ခ) ဇဟီးရာမက် ၁၂/တမန (နိုင်)၀၅၃၉၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc,Hon (IC), HGP,R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၈၀)၊ သုံးလွှာ၊ ခြေရင်းခန်းရှိ ဒေါ်နန့်အက်စတာ ၁၂/စခန(နိုင်)၀၄၁၅၂၃၏ တိုက်ခန်းအား ကျွန်မ ဒေါ်သဇင်မြင့် ၁၂/စခန(နိုင်)၀၆၀၁၄၃သည် ၁၂-၅-၂၀၁၄ရက်တွင် စရန်ငွေပေးပြီး၍ အပိုင်ဝယ်ယူမည်ဖြစ်ရာ သို့ပါ၍ တစ်စုံတစ်ယောက်မှ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက ဆက်လက်၍ စာချုပ်ချုပ်ကာ ဝယ်ယူမည်ဖြစ်ပါသည်။

ဒေါ်သဇင်မြင့် ၁၂/စခန(နိုင်)၀၆၀၁၄၃

အညာဒေသပဲစိုက်တောင်သူများ အထွက်နှုန်းကောင်း၊ ဈေးကောင်းရ

နေပြည်တော် မေ ၂၂

အညာဒေသတစ်ခုဖြစ်သည့် စလင်းမြို့နယ်တွင်ယခုအခါ ပဲစိုက်တောင်သူများ အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိနေပြီဖြစ်သည်။ ယာထွက်သီးနှံများ နွေရာသီရော မိုးရာသီပါ နှစ်သီးစားစိုက်ပျိုးကြသဖြင့် ပိုမိုအဆင်ပြေလျက်ရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံများသာ အဓိကထားစိုက်ပျိုးကြသော အညာဒေသရှိတောင်သူများ နွေအခါရေတင်စိုက်ပျိုးသော ပဲတီစိမ်းစိုက်ခင်းများမှ တစ်ဧကပဲ ၁၂ တင်းမှ ၁၅ တင်းအထိ ထွက်ရှိကြကြောင်း သိရသည်။ စလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ တောင်သူများ၏ ယာမြေဧက ၂၀ ခန့်တွင် နွေအခါရေတင်ပြီး ပဲတီစိမ်း၊ နှမ်းများ ယခုနှစ်တွင် စမ်းသပ်စိုက်ပျိုးကြခြင်းဖြစ်ပြီး အထွက်နှုန်းကောင်း၍ ပိုမိုအဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

"ဒီနှစ်မှာ ရေတင်ပြီးတော့ စိုက်တာ ဧက ၂၀ ကျော်လောက်တော့ရှိတယ်၊ အခုနှစ်မှ စမ်းစိုက်ကြတာ၊ တစ်ဦးကို တစ်ဧကခွဲ နှစ်ဧကလောက်ပဲ စိုက်ကြတာ၊ အထွက်နှုန်းကောင်းတော့ အဆင်ပြေကြတယ်၊ ထင်တာထက်ကို ပိုကောင်းကြပါတယ်" ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောပြသည်။ ယခုလက်ရှိ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ်လေးသောင်းနှစ်ထောင် ရရှိပြီး ပဲတစ်တင်းလျှင် အလေးချိန် ၂၇ ပိဿာကျော်ပါက ငွေကျပ်လေး သောင်းခွဲမှ ခြောက်သောင်းခန့်ရရှိနိုင်ကြောင်း စလင်းမြို့ မဏိဇောတပွဲရုံမှ သိရသည်။

ဇင်ဦး

AFC Challenge Cup ပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၂

မော်လ်ဒိုက်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲ အုပ်စု(က)နောက်ဆုံးပွဲစဉ်များကို မေ ၂၃ ရက် ယနေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် တစ်ပြိုင်နက်ယှဉ်ပြိုင်မည်ဖြစ်သည်။ နောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ကာဂျစ္စတန်၊ အိမ်ရှင် မော်လ်ဒိုက်နှင့် ပါလက်စတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု(က) ဒုတိယနေ့ပွဲစဉ်များအပြီးတွင် ပါလက်စတိုင်းအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့က တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်စီ၊ ကာဂျစ္စတန်အသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရရှိသေးပေ။ အသင်းများ ရမှတ်တူနေပါက ထိပ်တိုက်တွေ့ဆုံမှုစည်းမျဉ်းဖြင့် ဆုံးဖြတ်သွားမည်ဖြစ်သည်။ မော်လ်ဒိုက်အသင်းမှာ ပါလက်စတိုင်းအသင်းကို အနိုင်ရရှိပြီး မြန်မာအသင်းကလည်း ကာဂျစ္စတန်ကို အနိုင်ရပါက ခြောက်မှတ် သုံးသင်းဖြစ်သွားမည် ဖြစ်သည်။ ပြိုင်ပွဲ၏ စည်းမျဉ်းဖြစ်သည့် ထိပ်တိုက်တွေ့ဆုံမှု (Team Concerned)အရ အောက်ဆုံးအသင်းနှင့် ရလဒ်ကို ပယ်ပြီး အမှတ်တူအသင်းများ၏ တွေ့ဆုံမှုကို ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အနိုင်ရရုံသာလိုအပ်ပြီး မော်လ်ဒိုက်အသင်းက တစ်ဂိုး-ဂိုးမရှိ(သို့) နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပါက မော်လ်ဒိုက်နှင့်ပါလက်စတိုင်းတို့ နောက်တစ်ဆင့်တက်ပြီး မြန်မာအသင်းအုပ်စုမှ ထွက်ရမည်ဖြစ်သည်။

ဖိုးသော်ဇင်

ပြည်သွားအားမာန်မှန်လုံယာဉ် ဘားအံမြို့ ဇွဲကပင်ဟိုတယ်ရှေ့၌ တိမ်းမှောက်

ဘားအံ မေ ၂၂

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် (ဟိုတယ်)ရှေ့တွင် ဘားအံ-ရန်ကုန်ပြေးဆွဲနေသော ပြည့်အားမာန်ယာဉ်လိုင်းမှ မှန်လုံမော်တော်ယာဉ်တစ်စီးသည် မေ ၂၀ ရက် ည ၉ နာရီခန့်က တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြည့်အားမာန် (ဘားအံ-ရန်ကုန်) ယာဉ်လိုင်းမှ ယာဉ်မောင်း ကတုံး(ခ)သက်နိုင်ဦး မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/--- မှန်လုံ မော်တော်ယာဉ်သည် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ဇွဲကပင်ဟိုတယ်ရှေ့ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ အုတ်ခုံတံတားအမှတ် ၂/၃ အုတ်ခုံတံတားပေါင်ကို ဝင်တိုက်မိကာ ကားလမ်းဘေးရေမြောင်း ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။

အခင်းဖြစ်ရပ်သို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးဦးစီး ပထမတန်း ဒုတိယရဲမှူးကြီး သန်းဌေးလွင်၊ ကရင်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးအေးသန်းတို့က ချက်ချင်းရောက်ရှိလာကာ မော်တော်ယာဉ်အတွင်း ပိတ်မိနေသော ခရီးသည်များကို ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ညွှန်ကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ဇော်မင်းလူမှုကူညီရေးအသင်းများမှ လူနာတင် ယာဉ်များဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ပေးခဲ့သည်။ အဆိုပါ ပြည့်အားမာန်မှန်လုံယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၁၈ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အောင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စန်းအောင်၊ ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘားအံမြို့ မာဃလူမှုကူညီရေး အသင်းသားများ စုပေါင်းအင်အားဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဒဏ်ရာရလူနာများကို ဘားအံမာဃ

အခင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်၍ ယာဉ်တိမ်းမှောက်မှုဖြစ်ကာ လူများ ဒဏ်ရာရရှိစေပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ယာဉ်မောင်း ကတုံး (ခ)သက်နိုင်ဦးကို ဥပဒေအရ အရေးယူရန် ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ပြည့်အားမာန်ဟိုင်းလပ်ယာဉ် ပဲခူးတွင် တိမ်းမှောက်

ပဲခူး မေ ၂၂

ပဲခူးမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၏ မြောက်ဘက် လေးမိုင်ခန့် ရန်ကုန် -မန္တလေးကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ် (၅၄/၀-၅၄/၁) အကြား ပြည်တော်အေး ကျေးရွာအနီးတွင် (ပြည့်အားမာန်)ရန်ကုန်-ဘားအံ-မြဝတီ လိုင်း ဟိုင်းလပ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၈ နာရီခန့်က ရန်ကုန်ဘက်မှ ဘားအံသို့ ယာဉ်မောင်းကိုမင်းမင်း(အသက်၊ ဘအမည်၊ စုံစမ်းဆဲ) သနပ်ပင်မြို့နယ်နေသူ မောင်းနှင်လာသော ဟိုင်းလပ်အဖြူရောင်(ပြည့်အားမာန်လိုင်း) ဘ/. . . သည် မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ယာဉ်တစ်စီးကို တိမ်းရှောင်လိုက်စဉ် တိမ်းမှောက်၍ ယာဉ်ပေါ်ပါခရီးသည် အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦးတို့ ဒဏ်ရာရရှိခဲ့ရာ ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့အပ်ခဲ့သည်။ ယာဉ်မောင်း ကိုမင်းမင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး မေ ၂၁ ရက် ညနေ ၄ နာရီခန့်တွင် မိမိအသိစိတ်ဖြင့် ပဲခူးအမှတ်(၁) ရဲစခန်း အမှုစစ်ထံ လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

စံလင်း(ပဲခူး)

ပျောက်ဆုံးကြောင်း

Myanmar Shwe Kyar Pan Trading Co., Ltd. ၏ သွင်းကုန်လိုင်စင်မူရင်း(Licence No:MQIL 1 13-14 7041 03/01/2014)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၁၂၃၆၁

ပျောက်ဆုံးကြောင်း

Myanmar Shwe Kyar Pan Trading Co., Ltd. ၏ သွင်းကုန်ကြေညာလွှာမူရင်း(၅)ရွက် (Registration no:A 74223, A80022, A 80023, A 86440, A 82879) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၁၂၃၆၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်ကျေးရွာ၊ ကွင်းအမှတ် ၅၃၀/ဘီ-လမ်း၊ ဦးပိုင် ၁၁/၂ ဟုခေါ်တွင်သော အလျား ၁၆၀ပေ×အနံ ၄၅/၇၅ပေ အကျယ်အဝန်းရှိမြေနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူထံမှ အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပြီး အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ထန်းရာ ဖုန်း-၀၉-၇၃၉၀၂၃၁၀



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ကမ္ဘာလှည့်ခရီးသည်များအား ရေနွေးငွေ့စက်ခေါင်းဖြင့် အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန်

ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့်ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက် ပေးနိုင်ရန် ပုဂ္ဂလိကနှင့် အကျိုးတူစင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ရေနွေးငွေ့စက်ခေါင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအား အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ် တစ်ကြိမ်စာချုပ်ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(စီးပွားရေးဌာန)၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၆-၆-၂၀၁၄ ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက် အချက်အလက်များ ဖော်ပြထားသည့်လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို တစ်စုံလျှင် ကျပ် ၃၀၀၀၀ိ/ဖြင့် ၂၃-၅-၂၀၁၄ ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၁၁)တိုင်း-ပုဂံ၊ မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၇) တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁/၀၆၇-၇၇၀၃၉တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၇၅၆၉၊ Toyota Hilux LN.85, P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်မော် ၁၂/ဥကတ(နိုင်)၀၂၄၃၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုအောက်ရှိ ဥပဒေရုံးအဆင့်ဆင့်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေမှ ခွင့်ပြုချက်ရရှိခဲ့သော အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

(က) နမ့်စန်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ခ) ကျေးသီးမြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ဂ) လဲချားမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ဃ) မိုင်းကိုင်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(င) မိုးနဲမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(စ) ကွတ်ခိုင်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ဆ) မိုင်းယောင်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ဇ) မိုင်းခတ်မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊
(ဈ) ပင်လောင်းမြို့နယ် ဥပဒေရုံးသစ် ဆောက်လုပ်ခြင်း၊
(ည) မိုင်းဆတ်ခရိုင် ဥပဒေရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊

၂။ အဆောက်အအုံပုံစံနှင့် တင်ဒါစည်းကမ်းများအား ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးတွင် ၂၀-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁၉-၆-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့်
ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီ
ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ မြေကွက်/ဦးပိုင်အမှတ် ၁၉ᶜ၊ ဧရိယာ ၀ ဒသမ ၀၃၄ဧကရှိ ဦးအောင်ဆန်းဝင်းအမည်ဖြင့် ပိုင်ဆိုင်သော အစိုးရပိုင်မြေကွက်အား ဦးအောင်ဆန်းဝင်း ၉/တကန(နိုင်)၀၀၅၈၅၅ (ဘ) ဦးအောင်မောင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာ အားကစား

ကမ္ဘာ့ဖလားအကြို ရုရှားနဲ့ ဆလိုဗက်ကီးယားတို့ရဲ့ ခြေစမ်းပွဲ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို နိုင်ငံတကာဘောလုံးအသင်းတွေရဲ့ ခြေစမ်းပွဲတွေကို ကစားနေကြပါတယ်။ ရင်ခုန်လှိုက်မောဖွယ်ရာ ခံစားမှုတွေနဲ့ အားပေးရဦးမယ့် ကမ္ဘာ့ဖလားပွဲမှာ ကြိုတင်ခန့်မှန်းလို့ရနိုင်တဲ့ အသင်းတွေရဲ့ခြေစွမ်းကို အကဲခတ်နိုင်ဖို့ နိုင်ငံတကာခြေစမ်းပွဲတွေကို ကြည့်ရှုသုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေဟာ မေ ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။

ရုရှားနှင့် ဆလိုဗက်ကီးယား

ရုရှားအတွက်တော့ အတွေ့အကြုံကောင်းရမယ့်ပွဲပဲ၊ နည်းပြကာပယ်လိုဟာ ရုရှားအသင်းကို ခြေစွမ်းကောင်းအောင် လေ့ကျင့်ထားနိုင်ပြီဖြစ်တာမို့ အခုပွဲမှာ ဆလိုဗက်ကီးယားကို ခြေအသာနဲ့ ကစားနိုင်ပါလိမ့်မယ်။ ရုရှားဟာ အာမေးနီးယား၊ တောင်ကိုးရီးယားနဲ့ ဆာဘီးယားအသင်းတွေနဲ့ ခြေစမ်းပွဲကစားခဲ့တာ နိုင်ပွဲအားလုံးရရှိခဲ့ပါတယ်။ ဒါကြောင့် ရုရှားအသာစီးရမယ့် ပွဲပဲဖြစ်ပါတယ်။

ဩစတြေးလျနှင့် တောင်အာဖရိက

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ဩစတြေးလျတို့ တစ်ပွဲပဲ အနိုင်ရရှိထားပါတယ်။ တောင်အာဖရိကတို့က အသင်းလိုက်ကစားပုံ တိုးတက်လာတာမို့ ဩစတြေးလျတို့ ခက်ခဲပါလိမ့်မယ်။ ဩစတြေးလျတို့က မကြာမီက ကစားခဲ့တဲ့ ခြေစမ်းပွဲသုံးပွဲမှာ အီကွေဒေါအသင်းကိုရှုံးပြီး ကော်စတာရီကာနဲ့ ကနေဒါအသင်းတွေကို နိုင်ပွဲရထားပါတယ်။ တောင်အာဖရိကအသင်းကတော့ ခြေစမ်းပွဲသုံးပွဲကစားခဲ့တဲ့အခါ ဘရာဇီးကို ငါးဂိုးပြတ်၊ နိုင်ဂျီးရီးယားကို သုံးဂိုး-တစ်ဂိုး၊ မာလီကို တစ်ဂိုးစီ သရေပွဲတွေဖြစ်ခဲ့ပါတယ်။ ဒီပွဲမှာ ဩစတြေးလျတို့ အခြေအနေကောင်းနိုင်ပါတယ်။

မော်လ်ဒိုဗာနှင့် ကနေဒါ

ဒီနှစ်သင်းရဲ့ ထိပ်တိုက်ဆုံတွေ့မှုက မရှိသေးပါဘူး။ ကနေဒါအသင်းဟာ တိုက်စစ်ပိုင်းအားနည်းတဲ့အသင်းဖြစ်ပြီး အသင်းလိုက်စွမ်းဆောင်မှုလည်း အားရစရာမရှိပါဘူး။ ကနေဒါရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် ဆလိုဗေးနီးယားကို တစ်ဂိုး-ဂိုးမရှိ၊ ချက်အသင်းကို နှစ်ဂိုးပြတ်၊ အာဂျင်တီးနားကို သုံးဂိုးပြတ်နဲ့ ပွဲတိုင်းရှုံးခဲ့ပါတယ်။ မော်လ်ဒိုဗာကလည်း နောက်ဆုံး သုံးပွဲ ကစားခဲ့တဲ့နေရာမှာ အင်ဒိုရာအသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပြီး ပိုလန်နဲ့ ပြင်သစ်အသင်းတွေကို ရှုံးပွဲ ကြုံခဲ့ပါတယ်။ ဒါပေမယ့် ဒီပွဲမှာ မော်လ်ဒိုဗာတို့ပဲ နိုင်ပွဲရဖို့ များပါတယ်။ ။

✳ မိုးမြင့်လင်းလက် ✳

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဖလားပွဲစဉ်များ (သီဟ)

ယူရို U 21 ဖလား ပွဲစဉ်

မက်ဆီဒိုးနီးယားU 21	-	ပေါ်တူဂီU 21	ည ၁၀း၃၀

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ

ဘူဂေးရီးယား	-	ကနေဒါ	ည ၁၀း၀၀
ဆလိုဗက်ကီးယား	-	မွန်တီနီဂရိုး	နံနက် ၀၀း၄၀

Toulon Tournament အုပ်စု ပွဲစဉ်များ

ပေါ်တူဂီU 20	-	ချီလီU 20	ည ၉း၄၅
ပြင်သစ်U 20	-	တရုတ်U 20	ည ၁၂း၀၀

မေ ၂၁/၂၂ ဂိုးရလဒ်များ

Toulon Tournament ဂိုးရလဒ်များ

မက္ကဆီကိုU 20	၀-၂	ပေါ်တူဂီU 20
ပြင်သစ်U 20	၃-၀	ချီလီU 20

U 21 ခြေစမ်းပွဲ ရလဒ်များ

ယူကရိန်းU 21	၃-၁	မော်လ်ဒိုဗာU 21

နိုင်ငံတကာ ခြေစမ်းပွဲ ရလဒ်များ

ဖင်လန်	၂-၂	ချက်ဇ်
ကိုဆိုဗို	၁-၆	တူရကီ
လက်ချင်စတိန်း	၁-၅	ဘီလာရုစ်

အင်္ဂလန်ကစားသမားများကို အရွေးရခက်နေတဲ့ ရှိုင်းဟော့ဆင်

ကမ္ဘာ့ဖလားအဖွင့်ပွဲအဖြစ် အီတလီနှင့်ကစားမည့် ပြိုင်ပွဲအတွက် ကစားသမားများရွေးချယ်ရန် အခက်အခဲအချို့ရှိနေကြောင်း အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဆင်က ပြောကြားလိုက်သည်။

ရှိုင်းဟော့ဆင်၏ အင်္ဂလန်အသင်းသည် ဘရာဇီး၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်ရန် တနင်္လာနေ့က ပေါ်တူဂီသို့ ထွက်ခွာသွားသည်။ သို့သော်လည်း ဇွန် ၁၄ ရက်တွင် အီတလီနှင့် ကစားမည့် အင်္ဂလန်အသင်းအတွက် ကစားသမားစာရင်းထုတ်ပြန်ရန် စောနေသေးကြောင်း၊ ခြေစမ်းပွဲများ၏ ရလဒ်များကို ကြည့်ရလိမ့်မည်ဖြစ်ကြောင်း ရှိုင်းဟော့ဆင်က အခိုင်အမာပြောကြားသည်။ "ကျွန်တော့်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အကြံအစည်တွေရှိပါတယ်။ ဒါပေမယ့် အတည်ပြုနိုင်တဲ့ အကြံအစည်တွေတော့ မဟုတ်သေးပါဘူး။ ဒါကိုလုပ်ဖို့မလိုသေးပါဘူး" ဟု ဟော့ဆင်က ပြောသည်။

ရှိုင်းဟော့ဆင်၏ ၂၃ ဦးပါ အင်္ဂလန်အသင်းသည် တောင့်တင်းခိုင်မာသည့် အသင်းဖြစ်လာမည်ဖြစ်ပြီး နောက်တန်းကစားသမားများအဖြစ် ဂျွန်စတုန်းနှင့် ဂျွန်ဖလာနာဂန်တို့ ပါဝင်လာနိုင်သည်။ မန်ယူနောက်တန်းကစားသမား ဖီးလ်ဂျုံးသည် ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိနေသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အင်္ဂလန်ကစားသမားများကို ပေါ်တူဂီသို့ သွားရောက်ကာ ဗီဒီယိုမှတ်တမ်းဖိုင်များဖြင့် စစ်ဆေးမည်ဟု ဆိုသည်။ ဟော့ဆင်၏ အင်္ဂလန်အသင်းသည် သောကြာနေ့တွင် အင်္ဂလန်သို့ ပြန်လာပြီး မေ ၃၀ ရက်တွင် ပီရူးနှင့်ချစ်ကြည်ရေး ကစားမည်ဖြစ်သည်။ ယင်းနောက်တွင် အီကွေဒေါ၊ ဟွန်ဒူးရပ်စ်တို့နှင့်လည်း ခြေစမ်းပွဲကစားမည်ဖြစ်သည်။

ဥရောပ ယူ – ၁၇ ချန်ပီယံဆုဖလား အင်္ဂလန်က နယ်သာလန်ကိုနိုင်ပြီး ဖလားယူ

မော်လ်တာ၌ ကျင်းပသော ဥရောပ ယူ-၁၇ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်က နယ်သာလန်ကို ပယ်နယ်တီ လေးဂိုး-သုံးဂိုးဖြင့် နိုင်ကာ ဖလားဆွတ်ခူးသွားခဲ့သည်။

ချယ်လ်ဆီးအသင်းမှ ဒေါမနစ်ဆိုလန်ကီက အင်္ဂလန်အတွက် အနီးကပ်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ဂျာရီစချူးမန်းက မြေမကျဘောမှ ပြန်လည်ချေပခဲ့သည်။

ပုံမှန်ကစားချိန်နှင့် အချိန်ပိုတို့တွင် ထပ်မံဂိုးမသွင်းနိုင်၍ ပယ်နယ်တီ ကန်သွင်းကြရာ အင်္ဂလန်က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

အင်္ဂလန် လူငယ်အသင်းသည် ၂၀၁၀ ခုနှစ်ကလည်း စပိန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

အမည်ပြောင်း

ဦးဝင်းသိန်း၏သမီး မော်လမြိုင်မြို့နယ် ကော့ခမယ် အမကမှ စတုတ္ထတန်းအောင်မြင်ထားသော မသီဂီဝင်းအား မသီရိမေသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသီရိမေသူ

အမည်ပြောင်း

ဦးအောင်ဇော်ထွေး၏သား အထက (၄) အလုံ၊ စတုတ္ထတန်းအောင်မှ မောင်ပိုင်ထက်မြက်အား မောင်သုတပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သုတပြည့်စုံ

ဂရန်မူရင်းပျောက်ဆုံးကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ဦးပိုင်အမှတ် ဃ/၃၉၊ မြေဧက ၂ ဒသမ ၀၄၁ကို လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်းအနေဖြင့် မြောင်းမြမြို့နယ်စုရုံးစာအမှတ် ၇၉/၉၁-၉၂ဖြင့် ၂-၁-၁၉၉၂မှ ၁-၁-၂၀၂၂အထိ နှစ် ၃၀ဂရန်အား ချထားပေးပြီးဖြစ်ရာ ယင်းဂရန်မူရင်းမှာ တိုင်းဦးစီးမှူး အဆက်ဆက်လွှဲပြောင်းခြင်း၊ ဦးစီးဌာန(ရုံးချုပ်)ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြောင်းရွှေ့ခြင်းတို့တွင် ပျောက်ဆုံးသွားပါ၍ လူမှုဝန်ထမ်းဦးစီးဌာနကိုယ်စား ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ပုသိမ်မြို့၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးသက်လှိုင်ထွန်းမှ ဂရန်မူရင်းခွဲ ပြန်လည်လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ် ၇၆၉/၁၅၄၊ အခန်းအမှတ် ၄/ဘီဟုခေါ်တွင်သော အကျယ်အဝန်းပေ(၁၆×၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ညွန့်ညွန့်သန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပျောက်ဆုံးကြောင်း

ကျွန်တော်ခင်မောင်ကျော် J/RGN 008174 ၏ နိုင်ငံကူးလက်မှတ်အမှတ်၀၇၄၈၁၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၅၁၃၂၉၊ ၀၉-၄၅၀၀၁၆၆၂၈

မိဘအမည်မှန်

မြိတ်မြို့၊ အမကမြစ်ငယ်တွင် ပညာသင်ကြားနေသော မဆုမေဦး(တတိယတန်း)နှင့် မအိသဉ္ဇာဝင်း(သူငယ်တန်း)တို့၏ မိဘအမည်မှန်မှာ ဦးကျော်ကျော်လွင် ၆/မအရ(နိုင်)၀၃၆၄၉၇နှင့် ဒေါ်ဥမ္မာဝင်း၆/မအရ(နိုင်)၀၂၄၉၄၂ဖြစ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ် ၁/၂၀၁၄-၂၀၁၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင် လက်အောက်ရှိ ဟသ်ာတ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ လေးမျက်နှာမြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟသ်ာတခရိုင်၊ အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၆-၅-၂၀၁၄ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂-၆-၂၀၁၄ ရက် ၁၁း၀၀နာရီ

တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟသ်ာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟသ်ာတမြို့။

တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂-၆-၂၀၁၄ ရက် ၁၃း၃၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၆-၅-၂၀၁၄ ရက်မှစတင်၍ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဟသ်ာတခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဖုန်း-၀၄၄-၂၁၀၃၃

ခွေးပျောက်

ဖော်ပြပါဓာတ်ပုံပါ ကျွန်မတို့၏ခွေးသည် ရွှေဂုံတိုင်တိရစ္ဆာန်ဆေးကုခန်း၌ ဆေးကုအပြီး အထွက်တွင် ထွက်ပြေးပျောက်ဆုံးသွားပါသည်။ နားရွက်ကုပ်၊ အင်းခွေးစပ်၊ လိမ္မော်ရောင်ဖြစ်ပါသည်။ လည်ပတ်ပတ်ထားပါသည်။ သူ့အမည်မှာ မော်လီဟုခေါ်ပါသည်။ **(တွေ့ရှိအကြောင်းကြားသူကို ကျေးဇူးဆပ်ပါမည်။)**

Mrs.Just **ဖုန်း-၅၃၄၁၆၆** **ဦးဖိလစ် ဖုန်း-၀၉-၄၂၅၃၁၁၇၉၀**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သမိုင်းဝင် ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မလှိုင် မေ ၂၂

သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သမိုင်းဝင် ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ်မှုတို့ဖြင့်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ရှေးအစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၆ခုနှစ် နယုန်လဆန်း ၁၀ရက်မှ နယုန်လပြည့်နေ့ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ၍ ပွဲတော်ကြီးကိုဖွင့်လှစ်သွားမည်ဖြစ်သည်။ဘုရားပွဲကို နယုန်လဆန်းလပြည့်နေ့မှ ဝါဆိုလဆန်း၂ ရက်အထိ ဇာတ်ပွဲ၊ ရုပ်ရှင်၊ မျက်လှည့်၊ ဆပ်ကပ်ပွဲများ၊ ချား၊ ရဟတ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်သို့ နယ်လှည့်ဈေးရောင်းချသည့် နယ်လှည့်ဈေးသည်များမှ အိမ်သုံး လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပရိဘောဂများ၊ တောင်သူသုံးပစ္စည်းများ၊ စဉ့်အိုးထည်များ၊ အဝတ်အထည်များ၊ ဆေးပစ္စည်းများ၊ ဆေးနှင့်ဆေးရွက်ကြီးဆိုင်များ၊ မီးဖိုချောင်သုံးပစ္စည်းများအပြင် မြန်မာ့ရိုးရာအစားအစာများကို ဆိုင်ခန်းကြီး၊ ဆိုင်ခန်းငယ်ပေါင်း ၁၀၀၀ ကျော်ဖြင့်စည်စည်ကားကားဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အောင်ဌေး(မလှိုင်)

မြန်မာ့အလင်း
စာတည်းထံပေးစာများ

လမ်းသွားလမ်းလာများ သွားလာရန် အခက်အခဲဖြစ်နေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အမှတ်(၆၉/အေ-၁) စိန်နဂါးတိုက်အိမ်ရာ မြေညီထပ်ရှိ စတိုးဆိုင်များသည် လူသွားလမ်းမပေါ်တွင် ပစ္စည်းများချ၍ ရောင်းချခြင်း၊ တိုက်၏ လှေကားအတက်၊ အဆင်း မလွတ်အောင်ပစ္စည်းများချ၍ရောင်းချနေရာ တိုက်ခန်းနေပြည်သူများနှင့်လမ်းသွားလမ်းလာများ သွားလာရန် ခက်ခဲနေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။**စိန်နဂါးတိုက်သား**

အမှိုက်ပုံကို ပြောင်းရွှေ့ဖယ်ရှားပေးစေလို

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းမပေါ် (၈၇)လမ်းထိပ်တွင် အမှိုက်များကို စည်းကမ်းမဲ့စွာ နေ့စဉ်လာရောက် စုပုံထားရာ ထိုအမှိုက်ပုံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် အနီးပတ်ဝန်းကျင်ရှိ လမ်းသွားလမ်းလာများ၊ ပြည်သူများအတွက်များစွာ အနှောင့်အယှက်ဖြစ်ရပါသည်။ မြန်မာ့ဂုဏ်ရည်လမ်းမကဲ့သို့ လူသွားသူလာများသော လမ်းမကြီးပေါ်တွင် ရန်ကုန်မြို့တော် အင်္ဂါရပ်နှင့်မကိုက်ညီသော ၄င်းစည်းကမ်းမဲ့အမှိုက်ပုံကို သက်ဆိုင်ရာတာဝန်ရှိသူများက အခြားလွတ်ကင်းရာနေရာသို့ အမြန်ဆုံးပြောင်းရွှေ့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ရေမြောင်းများပိတ်ဆို့နေသဖြင့် ရေလျှံလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂)ရပ်ကွက်အပိုင် ဘုရင့်နောင်လမ်းမကြီး သီရိ(၂)လမ်း၊ (၃)လမ်း ရေနုတ်မြောင်းများတွင် အမှိုက်သရိုက် အညစ်အကြေးများ၊ ဆောက်လုပ်ဆဲ အဆောက်အအုံများ၏ မြေကြီးများ၊ စည်းကမ်းမဲ့ စွန့်ပစ်ထားခြင်းကြောင့် ရေမြောင်းများ ပိတ်ဆို့ရေလျှံလျက်ရှိနေပြီး နှစ်စဉ် မိုးတွင်းကာလတွင် အညစ်အကြေးစွန့်ပစ်ရေများ၊ အမှိုက်များလမ်းပေါ်တွင် ကျရောက်နေပါ၍ ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်မှုများ တွေ့ကြုံရပါသဖြင့် မိုးမကျမီ ရေစီးရေလာကောင်းမွန်စေရန်၊ ရေမြောင်းများကို အချိန်မီ ပြန်လည်ဆယ်ယူပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

မလှိုင်မြို့ ပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူးကလေးအောင်မြင်စွာ ခွဲစိတ်မွေးဖွား

မလှိုင် မေ ၂၂

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မေ ၁၈ ရက် ည ၁၀ နာရီက ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြတ်မိုးဆန်းနှင့် သူနာပြုဆရာမများက ခွဲစိတ်မွေးဖွားပေးခဲ့ရာ မိန်းကလေးတစ်ဦး၊ ယောကျ်ားလေးနှစ်ဦးပါ သုံးမြွှာပူးကလေးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး လူကြီးရောကလေးပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ သုံးမြွှာပူးကလေး မိဘများမှာ တောင်သာမြို့နယ် မန်ကျည်းချို ကျေးရွာအုပ်စု နဘူးကျင်းကျေးရွာမှ ဦးကျော်ထွန်း-ဒေါ်အေးမူတို့ဖြစ်၍ ဒေါ်အေးမူမှာ (၃၁ နှစ်)ရှိပြီး ပထမကိုယ်ဝန်မှ သားယောကျ်ားလေးမွေးဖွားခဲ့ပြီး ဒုတိယကိုယ်ဝန်မှ သုံးမြွှာပူးမွေးဖွားခဲ့ခြင်း ဖြစ်သည်။

"ပထမဦးဆုံးမွေးတာ မိန်းကလေးဖြစ်ပါတယ်၊ မေ ၁၈ ရက် ည ၁၀ နာရီ ၇ မိနစ်မှာ မွေးဖွားခဲ့ပြီး ကိုယ်အလေးချိန် သုံးပေါင်ငါးအောင်စရှိပါတယ်၊ ဒုတိယယောကျ်ားလေးကို ည ၁၀ နာရီ ၈ မိနစ်မှာ မွေးဖွားပြီး ကိုယ်အလေးချိန် နှစ်ပေါင် ၁၄ အောင်စရှိပါတယ်၊ နောက်ဆုံးယောက်ကျားလေးကို ည ၁၀ နာရီ ၁၀မိနစ်မှာ မွေးပါတယ်၊ ကိုယ်အလေးချိန်သုံးပေါင် လေးအောင်စရှိပါတယ်၊ မြို့နယ် ဆရာဝန်ကြီးက အောင်မြင်စွာဗိုက်ခွဲမွေးဖွား ပေးခဲ့ရာ ကလေးရောလူကြီးပါ ကျန်းမာလျက်ရှိပါတယ်" ဟုသားဖွား ဆရာမတစ်ဦးက ပြောပြသည်။

ကလေးမိဘများမှာ လက်လုပ်လက်စားများဖြစ်၍ တောင်သာနယ်မှဖြစ်သော်လည်း မလှိုင်ပြည်သူ့ဆေးရုံသို့ လာရောက်မီးဖွားရခြင်းမှာ မလှိုင်မြို့နှင့် ပိုမိုနီးစပ်သဖြင့် လာရောက်ဆေးကုသရခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

အခွန်ဆိုင်ရာ အသိပေး ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၂၂

လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အခွန်ဆိုင်ရာဥပဒေများပြင်ဆင်ခြင်းနှင့်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေးသည့်အခမ်းအနားကို မေ ၁၈ ရက်က ကျင်းပရာ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားပြီးမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မျိုးက အခွန်ဆိုင်ရာရှင်းလင်းချက်များကို ဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အခွန်ထမ်းပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၁၄၃)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနေ့ရက်များအား ပြင်ဆင်သတ်မှတ်ခြင်း

၁၉-၅-၂၀၁၄ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား(ထီးချိုင့်) မြတောင်ဘက်ခြမ်း တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါတင်သွင်းရမည့်ရက်များကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

တင်ဒါတင်သွင်းရမည့်ရက် - ၁၈-၅-၂၀၁၄ ရက်မှ ၃၀-၅-၂၀၁၄ ရက်အထိ
တင်ဒါစိစစ်ရမည့်ရက် - ၁-၆-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၁၃၀၃၊ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၃/နမတ(နိုင်)၀၀၀၃၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၂၁၆၄၇၊ Tyaulergi ယာဉ်လက်ဝယ်ရှိသူ ဦးလဘန်တူး ၁/ဗမန(နိုင်)၀၀၄၇၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၄၆၀၃၊ Honda Dream ND 125 M , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုမာလင်း ၆/မအရ(နိုင်)၁၀၀၉၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၃) နဝမတန်း အောင်မြင်ခဲ့သော မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်သန်းဖြစ်ပါသည်။
ဦးညွန့်သန်း ၁၃/လရန(နိုင်)၀၄၆၂၂၇

မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အလက (၈)၊ ပဥ္စမတန်း (၈)မှ ကျောင်းဝင်အမှတ် (၂၀၂၃) မောင်သိန်းခန့်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၈-၂၀၀၃ ဖြစ်ပါသည်။

ဖခင်အမည်မှန်

အထက ဝမ်ကန်၊ မိုင်းစံမြို့နယ်ခွဲကျောင်းရှိ ဆဋ္ဌမတန်း(က)မှ မဆုစန္ဒာပြည့်နှင့် ဒုတိယတန်း(က)မှ မခိုင်ငွေစင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ခိုင် ၉/မခန(နိုင်)၁၂၂၅၄၁ ဖြစ်ပါကြောင်း။

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်းမှ မကယ်မိန့်ထန်၏ အမည်မှန်မှာ မကဲ့မိန့်ထန့် ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၅၅၂၆၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်သိန်း ၉/မရမ(နိုင်)၀၆၇၄၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၂၅၇၇၊ Toyota Carina, S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စိန်အေး ၁၃/နခန(နိုင်)၀၄၀၉၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (တောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၂၉၈၃၊ Kawasaki Cheer, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းသိမ်း ၁၂/မရက(နိုင်)၁၂၆၆၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မနံ့သာအောင် ၁၂/ဒဂမ(နိုင်)၀၁၁၁၅၇ နှင့် ကြေးနန်းဆက်သွယ်ရေးဝင်း၊ (၄)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးငြိမ်းအောင်-ဒေါ်သန်းသန်းဆွေတို့၏သား မောင်ငြိမ်းသူ ၁၂/ပဇတ(နိုင်)၀၂၈၉၈၂သည် မောင်ငြိမ်းသူ၏အိမ်ထောင်ရေး၊ လူမှုရေးဖောက်ပြန်မှုများကြောင့် ၁၄-၅-၂၀၁၄ရက်တွင် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် အိမ်ထောင်ရေး၊ လူမှုရေး၊ ငွေရေးကြေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ မိမိနှင့်မသက်ဆိုင်ပါကြောင်းနှင့် ကျွန်မအား နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် ပြောဆို၊ ပြုမူဆောင်ရွက်မှုများရှိခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
ဒေါ်နံ့သာအောင်
၁၂/ဒဂမ(နိုင်)၀၁၁၁၅၇

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၃၇၉၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၂၁၅၃၊ Toyota Toyoace, Van ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၂/ဗတထ(နိုင်)၀၂၅၁၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သန့်ရှင်းသာယာလှပရေးနှင့် သဘာဝ နမ့်တိန်း ချောင်းရေ မတိမ်ကောစေရန် ဒေသခံ ရှမ်းပရဟိတလူငယ်များအဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လင်းခေး မေ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်မှ ဒေသခံရှမ်းတိုင်းရင်းသား လူငယ်များအဖွဲ့က မေ ၂၁ ရက် နံနက် ၇ နာရီက မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို ရှေးရှုလျက် လင်းခေးမြို့ နမ့်တိန်းချောင်းနံဘေးတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အရှေ့မြောက်အရပ်မှ လင်းခေးမြို့ကို (အက်စ်)ပုံသဏ္ဌာန် ရစ်ပတ်သွယ်တန်းစီးဆင်းလျက် ရှိသည့် လင်းခေးနမ့်တိန်းချောင်းသည် ရှေးကာလမှ ယနေ့ထိတိုင် ဒေသတွင် မှီတင်းနေထိုင်လျက်ရှိကြသော ပြည်သူများ အားကိုးအားထားပြုနေခဲ့ရသည့် ချောင်းတစ်ခုဖြစ်သည်။

၁၉၉၄-၁၉၉၆ ခုနှစ် ကာလအတွင်း မြို့နေပြည်သူများက ၎င်းနမ့်တိန်းချောင်းနံဘေးတစ်လျှောက် (တာလမ်းရိုး)များတွင် စည်းကမ်းမဲ့ အမှိုက်သရိုက်များလာရောက် စွန့်ပစ်ထားခြင်းများနှင့် ချောင်းရေကို ညစ်ညမ်းစေသည့် ကိစ္စမျိုးစုံကိုပြုလုပ်ခဲ့ကြသောကြောင့် နမ့်တိန်းချောင်းမှာ ညစ်ညမ်း အကျည်းတန်ခဲ့ရသည်။ ထို့ကြောင့် ယခု နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်(ယခင်စစ်ဗျူဟာအဖွဲ့ အခြေချလင်းခေး) စစ်ဗျူဟာမှူးအဖြစ်လင်းခေးမြို့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဦးဆောင်ကာ နမ့်တိန်းချောင်း နံဘေးတစ်လျှောက်ကမ်းနဖူးအစ (တောင်ရွာရေဆိပ်)မှ ပင်ဟုန်း၊ ပင်ပေါင်၊ ပင်ထနောင်းရပ်ကွက် တစ်မိုင်ခန့် အကွာအဝေးကို သန့်ရှင်းသာယာလှပစေရန် ဆောင်ရွက်ပေးခဲ့ပြီး နမ့်တိန်းချောင်းကမ်းနဖူး၏ ကျက်သရေဆောင်လူထုအပန်းဖြေ ပန်းခြံနှင့် ကလေးကစားကွင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည့် အတွက် နမ့်တိန်းချောင်းကလေးမှာ သာယာလှပခဲ့ဖူးသည်။

အဆိုပါချောင်းနှင့် ၎င်းချောင်းရိုး ပတ်ဝန်းကျင်တစ်လျှောက်တွင် ပြန်လည်ညစ်ညမ်း အကျည်းတန်လာနေခဲ့သည်မှာ အနှစ် ၂၀သို့ တိုင်ရောက်ရှိလာပြီ ဖြစ်သောကြောင့် လင်းခေးမြို့ဒေသခံ ရှမ်းတိုင်းရင်းသား ပရဟိတလူငယ်များအဖွဲ့က ယခုလို စုပေါင်းသန့်ရှင်းရေးကို ပြန်လည် လုပ်ဆောင်ခြင်းဖြစ်ကြောင်း လူငယ်အဖွဲ့ကို ကြီးကြပ်သူများက ပြောသည်။

၎င်းတို့အဖွဲ့သည် မေ ၂၁ ရက်မှစတင်၍ ၎င်းချောင်းကမ်းစပ်တစ်လျှောက်နေရာများဖြစ်သည့် ပုန်းထွန်ကျေးရွာနေရာမှ ဒါးဆိပ် (လင်းခေးတံတားသစ်) တည်ရှိရာနေရာ အထိထာဝစဉ် သန့်ရှင်းလှပသာယာသွားနိုင်ရေးကို ရှေးရှုလျက် လူငယ်အဖွဲ့များ၏ လုပ်အားဖြင့် စုပေါင်း၍ လင်းခေးမြို့နယ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်တော်ပြန်အပ်ပွဲကျင်းပ

ကျိုက်ထို မေ ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကမ္ဘာ့အံ့ဖွယ် ဆံတော်ရှင် ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တောင်တော်ပြန်လည်အပ်နှံပွဲကို ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဦးဆောင်မှုဖြင့် မေ ၁၃ ရက်က ရင်ပြင်တော် ရဟန္တာသိမ်တော်ကြီးအနီး ရှုမျှော်ဆောင်၌ ကျင်းပသည်။

မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်တော်ပြန်လည်အပ်နှံပွဲတွင် ဘုရား၊ တရား၊ သံဃာကို အမှူးထား၍ ရဟန္တာများ၊ တောပိုင်၊ တောင်ပိုင်၊ အစောင့်အရှောက်များ၊ သာသနာပိုင်များ၊ အဆောက်အအုံများဆိုင်ရာ အစောင့်အရှောက်များ၊ အရပ်ဒေသဆိုင်ရာများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များအပါအဝင် တောင်ရိုးတောင်တန်းများ တစ်ခုလုံးကို စောင့်ရှောက်ကြသူများ ချန်လှပ်မှုမရှိစေအောင် ပူဇော်တောင်းပန်ပွဲများထိုး၍ ခွင့်ပြုမိန့်၊ ခွင့်ပြုချက်ရယူခြင်းစသော မေတ္တာပို့ ဆုတောင်းကြသည်။ ရိုးရာပွဲ ပေါင်း ၅၇ ပွဲအထိ ပြင်ဆင်၍ ဆုတောင်းမေတ္တာပို့သကာ ပြန်လည်အပ်နှံခြင်းအခမ်းအနားပြီးစီးကြောင်း သိရသည်။ (၅၃၇)

ပြည်သူ့စာကြည့်တိုက်ခန်းမတွင် စာအုပ်ပြပွဲနှင့်နံရံကပ်စာစောင်ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် မေ ၂၂

တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ မေ ၁၆ ရက်က စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပသည်။

ပြပွဲတွင် သုတ/ရသစာအုပ်မျိုးစုံ ခင်းကျင်းပြသထားပြီး အသိပညာပေး နံရံကပ်စာစောင်များ၊ ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှုမှတ်တမ်းဓာတ်ပုံများ ပြသထားသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များသည် ပြည်သူ့စာကြည့်တိုက်များဖြစ်ကြောင်း၊ စာကြည့်တိုက် အသင်းဝင်လိုသူများသည် အသင်းဝင်ကြေးပေးဆောင်စရာမလိုဘဲ မိမိဖတ်ရှုလိုသည့် စာအုပ်စာပေများကို အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း၊ စာဖတ်ချင်သူများလက်ဝယ်သို့ စာအုပ်ရောက်ရှိအောင် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့်လည်း ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း တက်ရောက်လာသော စာပေဝါသနာရှင်များကို ပြောကြားသည်။ **(အောက်ပုံ)** **လှလှ**

တာချီလိတ်မြို့နယ် စာရေးဆရာအသင်း(၁၅) နှစ်မြောက် နှစ်ပတ်လည်ကျင်းပ

တာချီလိတ် မေ ၂၂

တာချီလိတ်မြို့နယ်စာရေးဆရာအသင်း (၁၅) နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကို တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် စိမ်းလန်းတောတောင်စားသောက်ဆိုင်ခန်းမ၌ မေ ၁၉ ရက် ညနေ ၆ နာရီခွဲက ကျင်းပရာ စစ်ဗျူဟာ(အခြေချ)တာချီလိတ် စစ်ဗျူဟာမှူးဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များနှင့် သတင်းမီဒီယာများတက်ရောက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ် စာရေးဆရာအသင်း၏အဖွဲ့ဝင်များကို တစ်ဦးချင်းစီ မိတ်ဆက်ပြီးနောက် စာရေးဆရာအသင်းနာယက ဦးစိုးစိုး(စိုးသီဟစိုး)က အသင်းသမိုင်းကြောင်းကိုလည်းကောင်း၊ စာရေးဆရာအသင်း နာယက ဒေါက်တာမြင့်အောင်(မောင်မြန်မာ)က ၁၅ နှစ်တာ ကာလဖြတ်သန်းခဲ့သည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထိန်မင်း(မင်းအေးငြိမ်းချေ)က ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးမြင့်ဝင်းလှ(မြတ်မျိုးမြင့်မာန်)က စာရေးစာဆရာအသင်း ဝက်ဘ်ဆိုက်အကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ တာချီလိတ်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ၁၉၉၉ ခုနှစ် မေ ၁၇ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြို့နယ်စာရေးဆရာအသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးစာပေရေးရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်(အကျဉ်း)

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် သားဖွားနှင့်မီးယပ်ပညာဒီပလိုမာနှင့် ကလေးကျန်းမာပညာဒီပလိုမာ ဘွဲ့လွန်သင်တန်းများဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားပါကြောင်း သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် ဇွန် ၁၃ ရက်နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်(အကျဉ်း)

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာနှင့် ရောဂါဗေဒဒီပလိုမာ ဘွဲ့လွန်သင်တန်းများဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားပါကြောင်း သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် ဇွန် ၁၃ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Computer and Printer နှင့် ဆက်စပ်ပစ္စည်း (၃၀)စုံ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၆-၂၀၁၄ ရက် ညနေ ၄း၃၀နာရီ
၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံ(ပစ္စည်း ဌာန၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဟားခါး-မတူပီလမ်း လမ်းတာချဲ့ခြင်း (၃)မိုင်ဆောင်ရွက်ရန် ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၆-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁-၇-၂၀၁၄ ရက်

အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မင်းတပ်ခရိုင်၊ မင်းတပ်မြို့
ဖုန်း-၀၇၀-၇၀၃၀၈၊ ၀၇၀-၇၀၃၀၉

ပြည်ထဲရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း (၁၇)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၂၆-၅-၂၀၁၄ ရက်မှ ၆-၆-၂၀၁၄ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၉-၆-၂၀၁၄ ရက် ၁၄း၀၀ နာရီအထိ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့မှူး၊ ရန်ကုန်(မြို့တော်ခန်းမ)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၁-၃၇၈၈၇၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် ဘားအံပညာရေးကောလိပ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) (၁၂၀×၁၁၀×၃၄)ပေ မိုးလုံလေလုံအားကစားရုံ - (၁)ဆောင်
၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းနှင့်ပတ်သက်ပြီး ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်၊ ဘားအံပညာရေးကောလိပ်၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၁-၆-၂၀၁၄ ရက်
တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀နာရီ
၄။ အသေးစိတ်သိလိုသော အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(က) ဖုန်း-၀၅၈-၂၃၂၂၈၊ ရုံးအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်
(ခ) ဖုန်း-၀၅၈-၂၁၉၂၁၊ ဘားအံပညာရေးကောလိပ်
(ဂ) ဖုန်း-၀၅၈-၂၂၂၉၃၊ ဘားအံပညာရေးကောလိပ်
(ဃ) ဖုန်း-၀၅၈-၂၂၀၆၁၊ ဘားအံပညာရေးကောလိပ်

တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ

ကလီထော်ဆည်ဦးစေတီတော်ဆုတောင်းပြည့်မဟာဇေယျမဓမ္မသိဒ္ဓိကိုးနဝင်းစေတီတော် (ရန်အောင်မာန်အောင်)ဘုရား၏ (၁၈)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲကျင်းပ

ရန်ကုန် မေ ၂၂

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြာအင်းကျေးရွာ အုပ်စု ကလီထော်ဆည်အနီး ရသေ့တောင်ဘေးတွင် တည်ထား ကိုးကွယ်ခဲ့သောဘုရားကြီးကို လွန်ခဲ့သော ၁၂-၂-၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ဝင် မင်္ဂလာအခါတော်ပေးဆရာကြီး ဦးကျော်က ကြီးမှူး၍ ဘုရားဒါယကာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီမိသားစုနှင့် ဓမ္မမိတ်ဆွေများက နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ တည်ထားကိုးကွယ်ခဲ့ပြီး ဆုတောင်းပြည့် မဟာဇေယျမဓမ္မသိဒ္ဓိကိုးနဝင်း စေတီတော် (ရန်အောင်မာန်အောင်ဘုရား) ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း ဗုဒ္ဓဓမ္မ အစဉ်အလာများနှင့်အညီ ရှေးထုံးစဉ်လာ မပျက်နှစ်စဉ်အောင်မြင်စွာကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၁၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ကဆုန်လပြည့်နေ့ကလည်း ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို အဆိုပါဘုရားရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိညောင်ပင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွဲတော်ကြီးတွင် ဆည်ဦးစေတီတော်ကို သံဃာတော်များက အနေကဇာတင်ပွဲပြုလုပ်ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဘုရားပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဌ အင်းစိန်မြို့နယ် စာရေးဆရာအသင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)ကဘုရားပွဲအကြောင်းကို လျှောက်ထားတင်ပြခဲ့သည်။

ထို့နောက် သံဃာတော်များထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြ၍ သာဓုအနုမောတဒနာရားများ နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်းနှင့် ဘုရားပွဲတော်သို့ ဘုရားဒါယကာ ဦးဘိုကြည်နှင့်ဓမ္မမိတ်ဆွေများ၊ ကြာအင်းကျေးရွာ၊ သရက်ချောင်းကျေးရွာနှင့် ကလီထော်ဆည်အနီးရှိ ရပ်မိရပ်ဖများ၊ ဝတ်အသင်းများနှင့်ရွာသူ၊ ရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

သက်တန်းအလိုက်တံခွန်စိုက်ရေကူးပြိုင်ပွဲကျင်းပမည်

နေပြည်တော် မေ ၂၂

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲကို မေ ၂၄ ရက်မှ ၂၅ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအမျိုးအစားများမှာ-

(က) အသက် (၁၀)နှစ်အောက်
(ခ) အသက်(၁၁)နှစ်မှ (၁၂)နှစ်အတွင်း
(ဂ) အသက်(၁၃)နှစ်နှင့် (၁၄)နှစ်အတွင်း
(ဃ) အသက်(၁၅)နှစ်နှင့်(၁၇)နှစ်အတွင်း
(င) အသက်(၁၈)နှစ်နှင့်အထက်တို့ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရေကူးအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ရေကူးသမားများသည် မိမိတို့၏ မွေးသက္ကရာဇ်ကို မှန်ကန်စွာ ဖြည့်စွက်ကြရမည် ဖြစ်သည်။ ပြိုင်ပွဲဝင် ရေကူးသမားများ၏ မွေးသက္ကရာဇ်များကို ယခင်ကျင်းပခဲ့သော ပြိုင်ပွဲများတွင် စာရင်းသွင်းထားသော မွေးသက္ကရာဇ်များနှင့် ပြန်လည်တိုက်ဆိုင် စစ်ဆေး အတည်ပြုသွားမည်ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည့် ရေကူးသမားများသည် မိမိကြိုက်နှစ်သက်ရာ ပွဲစဉ်များကို အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပွဲစဉ်တစ်ပွဲစီတိုင်းအတွက် ယှဉ်ပြိုင်သူအနည်းဆုံးသုံးဦးရှိမှသာ ၎င်းပွဲစဉ်ကို ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်တိုင်းအတွက် လူရွေးပွဲများ ကျင်းပမည်မဟုတ်ဘဲ ဗိုလ်လုပွဲသာ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၃/၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ဗိုလ်သူရလမ်းရှိ အဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဌ ဗိုလ်ကြီးစိန်သန်း (ငြိမ်း)တို့က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်း ၂၀၂ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၀၂၀၀၀၀ ကို အဖွဲ့ဝင်များ၏ ကိုယ်စား ဒုအရာခံဗိုလ်ကျော်ဝင်း(ငြိမ်း)သို့ အဖွဲ့ဥက္ကဌဗိုလ်ကြီးစိန်သန်း (ငြိမ်း)က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘော်ဂါသွေး

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ကချင်ပြည်နယ်လမ်းပိုင်းကောင်းမွန်ရေး ဒေသခံများ မျှော်လင့်

မိုးညှင်း မေ ၂၂

ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် မီးရထားလမ်းနှင့် ပြည်ထောင်စုကားလမ်းမကြီးကို အဓိက မှီခိုအားထားနေရကြောင်း၊ အရေးပေါ်ခရီးသွားလာပါက ပြည်ထောင်စုလမ်းမကြီးကို အဓိက အသုံးပြုနေရကြောင်း၊ ၎င်းအတွက် ရွှေဘို မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ထာဝရတိုးတက်ကောင်းမွန်စေရန် ဒေသခံပြည်သူများကမျှော်လင့်တောင့်တလျက်ရှိနေကြောင်း သိရသည်။

မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာမှ မြစ်ကြီးနားမြို့ အထိ ၁၂၁ မိုင်ကွာဝေးသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်လမ်းပိုင်းကို အထူးစီမံကိန်းကြီးအဖွဲ့ခွဲများနှင့် လမ်းအထူးအဖွဲ့စုစုပေါင်း ငါးဖွဲ့ဖြင့် ကတ္တရာလမ်း ၂၆ မိုင် ၄ ဖာလုံနှင့် သံကူကွန်ကရစ်တံတားနှစ်စင်းကို ခွဲဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးညှင်းမြို့နယ် နန့်စီးအောင်မှ မြစ်ကြီးနားမြို့သို့ ကတ္တရာလမ်းတစ်ဆက်တစ်စပ်တည်း ဖြစ်စေရေးအတွက် လမ်းမိုင် ၅၃ မိုင်ခန့်နှင့် သံကူကွန်ကရစ်တံတား ၃၉၀ ခန့် ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း သိရသည်။

ယခုလမ်းပိုင်းများကို ကြည့်လျှင် မူလလမ်းအခြေအနေအဆင့်မှ တိုးတက်မှုမရှိဘဲ စံချိန်စံညွှန်းပြည့်မီမှု မရှိသောခွဲကျောက်များ အသုံးပြုထားခြင်း၊ မြေသားတာပေါင်ချဲ့ထွင်ရာ၌ ခိုင်မာမှုရှိစေရန် စက်ယန္တရားများသုံးစွဲမှုအားနည်းခြင်း၊ အချို့ကတ္တရာလမ်းပိုင်းများတွင် ရေတင်ရေဝပ်ခြင်း၊ ကတ္တရာမျက်နှာပြင်တွင် ကွဲအက်ခြင်းများ ရှိနေကြောင်း တွေ့ရှိရသည်ဟု ဒေသခံပြည်သူများက တညီတညွတ်တည်း ဝေဖန်ပြောဆိုနေကြသည်။

"ကျန်ရှိတဲ့ လမ်းပိုင်းကို လမ်းအထူးအဖွဲ့တစ်ခုတည်းက တာဝန်မပေးအပ်ဘဲ လမ်းအပိုင်းအလိုက် ခွဲဝေတာဝန်ပေးဖို့လိုမယ်၊ ဒါမှမဟုတ် ပုဂ္ဂလိက ကုမ္ပဏီတွေကို တင်ဒါခေါ်ယူပြီး ဆောင်ရွက်နိုင်ရင် ပိုကောင်းမယ်"ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

"နှစ်စဉ်ဘဏ္ဍာငွေတွေ ရတယ်၊ လမ်းကထူးထူးခြားခြား တိုးတက်ကောင်းမွန်လာတာ မတွေ့ရဘူး။ မိုးညှင်း-မိုးကောင်း လမ်းပိုင်းဟာ အဆိုးရွားဆုံးပဲ၊ ဆယ်စုနှစ် နှစ်ခုလောက်ရှိပြီ"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ ကချင်ပြည်နယ်လမ်းပိုင်းကို စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစွာ အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဒေသခံပြည်သူများက မျှော်လင့်တောင့်တ လျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်-ဖားကန့်**

> မီးရထားလမ်းနှင့် ပြည်ထောင်စု ကားလမ်းမကြီးကို အဓိက မှီခို အားထားနေရ . . .

မွေးနေ့ဆုတောင်း

၂၃-၅-၂၀၁၄ ရက်တွင်ကျရောက်သော သားလေး မောင်ဘုန်းသော်ခန့်၏ (၄)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး လိမ္မာယဉ်ကျေးသော ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေ၊ ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ-

ဖေဖေ - ဒုတိယရဲမှူးကြီးထိန်ဝင်း
မေမေ - ဒေါ်ငုဝါစိန်သောင်း

အာစရိယပူဇော်ပွဲဖိတ်ကြား

ရန်ကုန်တက္ကသိုလ် (ပင်မ) ၂၀၀၁-၂၀၀၂ ခုနှစ် ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အချိန်	-	ညနေ ၅း၀၀ နာရီမှ ၁၀း၀၀နာရီအထိ
နေ့ရက်	-	၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
နေရာ	-	M3 Food Center အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားဝင်းအတွင်း

ဆက်သွယ်လှူဒါန်းနိုင်ရန်-

သန်းစိုးအောင်	ဖုန်း- ၄၃၁၁၅၃၀၅
အေးနိုင်	ဖုန်း- ၅၁၄၈၁၆၄
စည်သူကျော်	ဖုန်း- ၅၁၃၉၄၂၃
ဌေးဌေး	ဖုန်း- ၄၅၀၀၅၀၇၉၈

သမဝါယမဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမဦးစီးဌာန
မုံရွာမြို့
(အိတ်ဖွင့်တင်ဒါတိုးမြှင့်သတ်မှတ်ခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိသမဝါယမဦးစီးဌာနရုံးများတွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ၁၃-၄-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပထမအကြိမ် ကြော်ငြာခေါ်ယူခဲ့ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်အား အောက်ပါအစီအစဉ်အတိုင်း ရက်တိုးမြှင့်သတ်မှတ်ပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ရုံးအမည်	လုပ်ငန်းအမည်
(က)	ကသာမြို့နယ်သမဝါယမဦးစီးဌာန	ရုံးသစ်ဆောက်လုပ်ခြင်း
(ခ)	အင်းတော်မြို့နယ်သမဝါယမဦးစီးဌာန	ရုံးသစ်ဆောက်လုပ်ခြင်း
(ဂ)	ဆားလင်းကြီးမြို့နယ်သမဝါယမဦးစီးဌာန	ရုံးသစ်ဆောက်လုပ်ခြင်း
(ဃ)	ဟုမ္မလင်းမြို့နယ်သမဝါယမဦးစီးဌာန	ရုံးသစ်ဆောက်လုပ်ခြင်း

၃။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၁-၅-၂၀၁၄ ရက်မှ ၁၈-၆-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်ရက်** - ၂၁-၆-၂၀၁၄ ရက်
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံး၊ မုံရွာမြို့
(ဃ) **တင်ဒါဖွင့်ရက်** - ဆက်သွယ်ကြော်ငြာပါမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၃၆၈၇၊ ၂၃၉၀၈၊ ၂၂၅၃၄၊ ၂၄၃၁၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သိန်းမြင့်ထွန်း ၁၀/ခဆန(နိုင်)၁၁၀၇၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၁၈၄၆၂**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် ခဲမဖြူသတ္တုစင် (Electro Refined Tin) ၆၀ မက်ထရစ်တန်ခန့်၊ ခဲမဖြူသတ္တုစင် (Pyro Refined Tin) ၂၀ မက်ထရစ်တန်ခန့်၊ သတ္တုသန့်စင်များနှင့် အခြားရောရာသတ္တုများအား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက် ၁၅း၃၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)၊သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

အမည်မှန်

လက်ပံတန်းမြို့၊ ကိုင်းတောစုကျေးရွာ အမက၊ စတုတ္ထတန်းမှ မေဇင်ပြုံး၏အမည်မှန်မှာ ခွန်းဆင့်ရွှေရည် ဖြစ်ပါသည်။ **ခွန်းဆင့်ရွှေရည်**

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွာသာအေးကျေးရွာနေ ဦးထွန်းခင်၏သား မောင်အောင်အောင်ဦးအား ယနေ့မှစ၍ မောင်အောင်ကောင်းစံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းစံ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၉၆၇၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၅၂၉၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ဘလူမြို့နယ် ပေကုန်း(တ)ကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးတံတားဖွင့်

ကန့်ဘလူ မေ ၂၂

ကန့်ဘလူမြို့နယ် ပေကုန်း(တ) ကျေးရွာ ပဏ္ဍိတာရာမစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘန ဦးစီး၍ တံတားဖြစ်မြောက်ရေးကော်မတီ၊ ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးခဲ့သော ကျေးရွာအောင်မြင်ရေး တံတားဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီက ယင်းတံတားရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများ၊ အထောက်အကူပြုကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေး ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အောင်မြင်ရေးတံတား ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ တံတားဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်စိုးနိုင်က ရှင်းလင်းပြောကြားသည်။ ရငွေ/သုံးငွေ ငွေစာရင်းရှင်းတမ်းကို ဆရာတော်အရှင်သုဇနက ရှင်းလင်းမိန့်ကြားပြီး မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသောင်းငွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်ဖြတ်သန်းကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ချောင်းကူးတံတားသည် ကန့်ဘလူ-ကောလင်း ဖြတ်လမ်း ပေကုန်း(တ) ရွာလယ်တွင် တည်ရှိပြီး ယင်းတံတားမရှိခင်က မိုးရာသီ၌ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ကွန်းလှ-ကောလင်းမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ၊ ကုန်စည်စီးဆင်းမှုများအတွက် သွားလာရေး အလွန်ခက်ခဲခဲ့သည်။ ယခုအခါ အရှည်ပေ ၁၈၀ ကျော်ရှိ အသားတံတား အကျယ်ခြောက်ပေ၊ အမြင့် ၁၃ ပေ၊ သံပန်းလက်ရန်းကာ ကုန်ကျငွေ ကျပ်သိန်း ၅၀ ကျော်ကို ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသတွင်း ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ကျရေးအတွက် များစွာအထောက်အကူပြုလာတော့မည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ ကွန်ကရစ်ရေကျော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်နေလူနာများ အောက်ဆီဂျင်အခမဲ့အသုံးပြုရသည့်အတွက် အဆင်ပြေလျက်ရှိ

ညောင်ဦး မေ ၂၂

ညောင်ဦးမြို့ မြတ်ဒါနအခမဲ့ စေတနာရှင်အသင်းအဖွဲ့မှ ညောင်ဦးဆေးရုံရှိ လူနာများနှင့် ကျေးလက်တောရွာလူနာများကို အောက်ဆီဂျင်ဘူး အခမဲ့ငှားရမ်းပေးလျက်ရှိရာ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိသည်။ ညောင်ဦးမြို့ ပန်းပဲကုန်းရပ်ကွက်တွင် မြတ်ဒါနအမည်ရှိသော စေတနာရှင်အောက်ဆီဂျင်ဘူး အခမဲ့ငှားရမ်းသည့်အဖွဲ့သည် ပန်းပဲကုန်းရပ်ကွက် ရွှေဘုံသာဘုရား သံဇာတ်ခုံပေါ်တွင် ရုံးစိုက်ထားလျက်ရှိသည်။ အဆိုပါအဖွဲ့သည် အောက်ဆီဂျင်ဘူးများကို ဆေးရုံတက်လူနာများအားလည်းကောင်း၊ ကျေးလက်တောရွာလူနာများအားလည်းကောင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး အချိန်မရွေး နေရာဒေသမရွေး ငှားရမ်းပေးလျက်ရှိသည်။ ညောင်ဦးမြို့ပေါ် မြို့နယ်အတွင်းနှင့် စေတနာရှင်ပြည်သူအပေါင်းမှ ထည့်ဝင်ငွေနှင့် အောက်ဆီဂျင်ဘူးပေါင်း ၈၀ ကျော် ဝယ်ယူထားရှိသည်ဟု သိရသည်။ "ကျွန်တော်တို့ကတော့ အချိန်မရွေး ငှားပေးပါတယ်။ ကျွန်တော်တို့အဖွဲ့က ၂၄ နာရီလုံးလုံး အလှည့်ကျအစောင့်ထားပြီးငှားရမ်းပေးပါတယ်။ ငှားတဲ့သူက မှတ်ပုံတင်နံပါတ်ပေးရပါတယ်။ နောက်ထပ် အောက်ဆီဂျင်ဘူးထည့်ရင်လည်း ထပ်ထည့်ပေးပါတယ်။ ငှားတဲ့ရက်က အောက်ဆီဂျင်တစ်ဘူးကို ခုနစ်ရက်အထိ သတ်မှတ်ထားပါတယ်။ အောက်ဆီဂျင် ကုန်သည်ဖြစ်စေ၊ မကုန်သည်ဖြစ်စေ ခုနစ်ရက်ရှိလျှင် ပြန်အပ်စေပါတယ်။ လူတွေကို ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက်လျှပ်တစ်ပြက်ဆိုသည့်အတိုင်း အောက်ဆီဂျင်လေမပြတ်တမ်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု အောက်ဆီဂျင်အငှားရုံးခန်းတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။ အောက်ဆီဂျင်ဘူး ငှားသည့် ကျေးလက်တောရွာမှ ပြည်သူတစ်ဦးဖြစ်သူကလည်း "ကျွန်တော်တို့အဒေါ်က ပန်းနာရင်ကျပ်ဖြစ်တာ အောက်စီဂျင်ဘူး ရှူရသည့်အတွက် ရောဂါလည်းသက်သာတယ်။ အမောလည်း သက်သာတယ်။ ညောင်ဦးမြို့ သမားတော်ထံသို့ တစ်လတစ်ကြိမ်လောက်ပြသပြီး ကိုယ့်အိမ်မှာ အိုးမကွာ၊ အိမ်မကွာ အောက်ဆီဂျင်ဘူးများကို မြတ်ဒါနစေတနာရှင်အသင်းအဖွဲ့ထံမှ အခမဲ့ငှားရမ်း အသုံးပြုရသည့်အတွက် အဆင်ပြေလျက်ရှိပါတယ်"ဟု ရွာသာအေးရွာ ဒေါ်တင်ဥထံမှ သိရသည်။

ကျော်ဒွေး

သတင်းတို

တယ်လီနော ဆက်သွယ်ရေးကုမ္ပဏီက နတ်မောက်၌ တာဝါတိုင်တည်ဆောက်ရန် တိုင်းတာ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနထံမှ ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ရရှိထားသော နော်ဝေနိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သည့် တယ်လီနောကုမ္ပဏီက နတ်မောက်မြို့နယ်အတွင်း ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ရန် မေ ၁၁ ရက်မှစ၍ ကွင်းဆင်းရှာဖွေမှုတိုင်းတာမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။ တယ်လီနောကုမ္ပဏီသည် လုပ်ငန်းလိုင်စင်ရပြီး ရှစ်လအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်ရန်ရှိသဖြင့် နတ်မောက်မြို့နယ်တွင် ဆက်သွယ်ရေးတာဝါတိုင် ရှစ်တိုင်ခန့် တည်ဆောက်မည်ဖြစ်ကြောင်း၊ နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ၊ မြို့မရပ်ကွက်၊ န/လက်ခုပ်ပင်ရွာ အပါအဝင် တာဝါတိုင် ငါးတိုင် တည်ဆောက်ရန် နေရာရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ကျေးရွာသုံးရွာကို ကွင်းဆင်းရှာဖွေပြီးပါက နတ်မောက်မြို့နယ်တွင် တယ်လီနောကုမ္ပဏီအတွက် တာဝါတိုင်ရှစ်တိုင်ခန့် ရှိလာမည်ဖြစ်ကြောင်း Elite Tech Co.,Ltd. Manufacturing Dept မှ ကိုမျိုးဝင်းထွဋ် (S.A Team) ကပြောပြသည်။

(၁၂၇)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
ကျိုက်ထိုမြို့နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်(၅)

ဦးမောင်ငယ်(ခ)ဦးရှုရွှတ် နှင့်
(ဘ) ဦးမောင်လေး အသက်(၆၉)နှစ်
မှီခို၊ ဘီအိုစီအရှေ့၊ မူဆာတန်း၊
အောက်ကျင်းရပ်၊ သထုံမြို့။

၁။ ဦးကြိုး
၂။ ဒေါ်တင်လှ
၃။ ဒေါ်သီး
၄။ ဒေါ်ငွေသိန်း
၅။ ဦးအလယားမွတ်
၆။ ဒေါ်ဘီ
၇။ ဦးဆန်းဝင်း
၈။ ဦးလှဝင်း
၉။ ဦးရှဖီး
၁၀။ ဒေါ်ကျီးကန်းမ
၁၁။ ဒေါ်မွေးနီ(ခ)ဒေါ်စန်းစန်းမြင့်
၁၂။ ဦးရှရစ်
၁၃။ ဦးရာကွတ်

တရားလို **တရားပြိုင်များ**

ဖော်ပြပါ တရားပြိုင်များဖြစ်ကြသည့် ဦးကြိုး ပါ ၁၃ဦး (ယခုနေရပ်လိပ်စာမသိ)သူများအား သိစေရမည်။

သင့်အပေါ်၌ ဦးမောင်ငယ်(ခ)ဦးရှုရွှတ်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၆ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမွန်)
မြို့နယ်တရားသူကြီး
ကျိုက်ထိုမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ် ၉၁၇၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေလင်ပန်း (၂၂/၉၁၇)၊ ဧရိယာပေ(၄၀×၆၀)မြေကွက်ကို ဗမထွန်းနိုင်ဦးမှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးဇော်ဝင်း ၁၄/ဘကလ(နိုင်)၁၇၂၁၉၉ သို့ လွှဲပြောင်းရောင်းချခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဦးဇော်ဝင်းမှပိုင်ဆိုင်ကြောင်းတင်ပြ၍ မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းဝင်းသို့ ရောင်းချပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ငါးရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ဖြူဇော် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၇၁၆၈)
အမှတ်(၇၁)၊ အောင်မင်္ဂလာ ၄လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း
ဖုန်း-၀၉-၃၃၃၈၆၈၅၃

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲလမ်း၊ မြေကွက်အမှတ် ၁၃၁၊ အိမ်အမှတ် ၅၀၊ အကျယ်ပေ(၃၀×၅၀)ရှိ ဦးလှိုင်တင်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်စန်းစန်းဌေး ၁၂/မဂတ(နိုင်)၀၆၃၄၀၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့်စာရွက်စာတမ်းအထောက်အထား မူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် LL.B, D.B.L (စဉ်-၇၆၅၂)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ ၄ လမ်း၊ အိမ်အမှတ် ၃၉၇/ကတွင်နေထိုင်သူ (ဘ) ဦးပြန့်ထောင်၏သားဖြစ်သူ ဦးခင်မောင်ထွေး ၁၂/တမန(နိုင်)၀၂၃၉၆၁သည် ကျွန်ုပ်အမှုသည်ဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂/က၊ အကွက်အမှတ် ၄၊ လက်ပံမြောက်ရပ်၊ ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀ဒသမ ၀၆၀ ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အလျား ၂၉ပေ×အနံပေ ၇၀ရှိ တိုက်ခန်းနှစ်ခန်းသည် အမှတ် ၁၇၊ ညဈေးတန်းလမ်းဟုလည်ခေါ်တွင်ပြီး အဆိုပါတိုက်ခန်းများအပေါ်တွင် အစ်မဖြစ်သူ ဒေါ်စန်းစန်းမွေးနှင့် အစ်ကိုဖြစ်သူ ဦးသန်းရွှေတို့မိသားစုများနေထိုင်ပြီး ကျွန်ုပ်အမှုသည်၏ မိခင်ဖြစ်သူ ဒေါ်သန်းညွန့် အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းများဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ အမွေဆိုင်တိုက်ခန်းများဖြစ်ပြီး ကျွန်ုပ်အမှုသည်အနေဖြင့်လည်း အမွေခွဲဝေခံစားခွင့်ရှိသော တိုက်ခန်းများဖြစ်ပါ၍ ကျွန်ုပ်အမှုသည် သိရှိခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါလျှင် ဥပဒေကြောင်းနှင့်အညီ တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ-**

၂။ ဦးမြင့်အောင် LL.B အထက်တန်းရှေ့နေ (စဉ်-၂၂၃၃၀)
အမှတ် ၁၃၉၉၊ ချင်းတွင်းလမ်း၊ ၁၀၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း(ယာယီ)ကို ယခုလကုန်ပိုင်းတွင် ပြောင်းရွှေ့ရန်ပြင်ဆင်

မင်းရဲကျော်စွာလမ်းရှိ မော်တော်ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း(ယာယီ)ကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

ရန်ကုန် မေ ၂၂

ကျန်းမာရေးဝန်ကြီးဌာနကဆေးရုံ တည်ဆောက်ရန် ရည်ရွယ်ထားသည့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အတွင်းရှိ မြေနေရာတွင် တည်ရှိနေသော မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း (ယာယီ) ကို ယခုလကုန်ပိုင်းတွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်အတွင်းသို့ ပြောင်းရွှေ့ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ကြိုတင်စီစဉ်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အခွန်ဌာနမှ ဌာနမှူး ဦးကျော်မင်းက ပြောသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို ပြောင်းရွှေ့လာသော မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း (ယာယီ)သည် ယခုအခါ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ မြေဧက အကျယ် ၁၁ ဧကရှိပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတည်ဆောက်ရန် ရည်ရွယ်ထားသည့်မြေ ဖြစ်ကြောင်း သိရသည်။

"ဒီမင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်းကို ပထမကတည်းက ယာယီဆိုပြီး ခွင့်ပြုပေးခဲ့တာပါ။ ကျွန်တော်တို့ အနေနဲ့က စည်ပင်ပိုင်မြေလည်း မဟုတ်တော့ ဒီမေလကုန်လောက်ဆို ပြောင်းရွှေ့နိုင်အောင် ကြိုတင်စီစဉ်ပြင်ဆင်နေပါတယ်။ ဟိုဘက် လှိုင်မြို့နယ် ၁၃ ရပ်ကွက်မှာ ရှိတဲ့မြေကတော့ ၁၁ ဧက နီးပါးခန့်ရှိပါတယ်။ ဒီပြောင်းရွှေ့မယ့် ကွင်းကတော့ စည်ပင်ပိုင်မြေဖြစ်ပါတယ်။ အဲဒီမှာ ကမေလဆန်းပိုင်းလောက် ကတည်းက စတင်ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါပြီ။ မေလကုန်လောက်ကို အဆင်သင့်ပြောင်းလို့ရအောင် စီစဉ်လုပ်ဆောင်နေတာပါ။ ဖြည်းဖြည်းချင်းလည်း အဆင်ပြေအောင် လုပ်ပေးသွားမှာပါ။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့အနေနဲ့ မြို့ပြင်သင့်တော်တဲ့ မြေအကျယ်ဝန်း တစ်နေရာရာကို စီစဉ်ပေးချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စည်ပင်ပိုင်မြေက မြို့အပြင်မှာ မရှိတော့ခက်တယ်"ဟု အခွန်ဌာနမှ ဌာနမှူး ဦးကျော်မင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးနှင့်ယာဉ်ရပ်နားစခန်း(ယာယီ)ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အခွန်ဌာနက တာဝန်ယူထိန်းသိမ်းထားပြီး ၂၀၁၃ ခုနှစ် ဧပြီ ၂၂ ရက်မှစတင်၍ ယာဉ်ဝင်ခများကို ကောက်ခံလျက်ရှိသည်။ အဆိုပါဝင်း အတွင်း ဝင်ရောက်သည့် ယာဉ်များကို ယာဉ်အမျိုးအစားပေါ် မူတည်ပြီး သုံးတန်အထိယာဉ်ကို ငွေကျပ် ၂၀၀၊ သုံးတန်အထက်မှ ငါးတန်အထိယာဉ်ကိုငွေကျပ် ၃၀၀ နှင့် ငါးတန်အထက်ယာဉ်ကို ငွေကျပ် ၅၀၀ နှုန်းဖြင့် ယာဉ်ဝင်ခကို စခန်းအတွင်း ဝင်သည့် အကြိမ်တိုင်း နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ကောက်ခံလျက်ရှိကြောင်း သိရသည်။ မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း(ယာယီ)သည် ကားစီးရေ တစ်ထောင်ဝန်းကျင်အထိ ဆံ့ပြီး နေ့စဉ် ယာဉ်အရောင်းအဝယ်များ ပြုလုပ်လျက်ရှိသည်။

"မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်းကို ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံဆောက်မှာဆိုတော့ ကျွန်တော်တို့က ဖယ်ပေးဖို့ အဆင်သင့်ပါ။ ဒါဟာ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက်ပဲလေ။ ဒါပေမယ့် ဟိုဘက် ပြောင်းရွှေ့ပေးမယ့် လှိုင်မြို့နယ်(၁၃) ရပ်ကွက်မှာရှိတဲ့ ပေးတဲ့မြေဝင်းက တော့အဆင်သင့်ဖြစ်နေရင် ပိုကောင်းပါတယ်။ အဲလိုမှမဟုတ်ရင် ကျွန်တော်တို့အဖွဲ့ ကတိုက်ကရိုက်နဲ့ ပြောင်းရရွှေ့ရတာ အဆင်ပြေမှာမဟုတ်ဘူး။ ကျွန်တော်တို့က ယာဉ်ကျပ်တည်းမှုလည်း မရှိအောင် မြို့ပြင်ကျယ်တဲ့ မြေတစ်နေရာလောက်ကို တောင်းခဲ့တာ။ သင့်တော်တဲ့ မြို့ပြင်တစ်နေရာရာမှာ နေရာကျယ်ကျယ်ရမယ်ဆိုရင် ကျွန်တော်တို့အတွက်လည်း အဆင်ပြေ၊ ယာဉ်ကျပ်တည်းမှုလည်း ဖြေလျော့သွားပြီး ကျန်တဲ့သူတွေအတွက်လည်းအနှောင့်အယှက်ဖြစ်မှာ မဟုတ်တော့ဘူး။ ဒီလှိုင်မြို့နယ်အတွင်း ဆိုရင်တော့ မြို့အတွင်း၊ ရပ်ကွက်အတွင်းလည်းဖြစ်တော့ ဘေးပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးမိသလိုဖြစ်မှာလည်း စိုးရိမ်တယ်"ဟု မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း(ယာယီ)ဝင်း အတွင်းရှိ မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ပြောသည်။

ရန်ကုန်မြို့တွင် မော်တော်ယာဉ်ရောင်းဝယ်ရေးနှင့် ယာဉ်ရပ်နားစခန်း (ယာယီ)ဟူ၍ယခင် သီရိမင်္ဂလာဈေးဟောင်းနေရာနှင့် ယခုလမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေနှစ်နေရာတို့တွင် သတ်မှတ်ထားရှိခဲ့ရာ အဆိုပါနှစ်နေရာအတွင်း နေ့စဉ်ယာဉ်အစီးရေ ၁၈၀၀ မှ၂၀၀၀ ဝန်းကျင်အထိ ရပ်နားရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့အတူ နိုင်ငံတော်ကပွင့်လင်းမြင်သာမှုဖြင့် ယာဉ်တင်သွင်းရောင်းချမှုများကို ဖြေလျှော့လာသည့်နှင့်အမျှ ရန်ကုန်မြို့အတွင်း၌ လိုင်စင်ဆောင်၍ အခွန်အခများ ပေးဆောင်နေသည့် ကိုယ်ပိုင်တစ်ပိုင်တစ်နိုင် အရောင်းပြခန်း (Showroom) များဖြင့် ကားတင်သွင်း ရောင်းဝယ်မှုများ ပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။ **မင်းခေတ်**

လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာဥပဒေရှင်းလင်း

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်နေ ပြည်သူများသို့ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီက အထက(၂) လမ်းမတော် ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇင် (လက်ထောက်ညွှန်ကြားရေးမှူး)က အမှာစကား ပြောကြားခဲ့ပြီး ပြင်ဆင်သည့်ဥပဒေများနှင့် စပ်လျဉ်း၍ လမ်းမတော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းကျော်နှင့် ဦးမင်းလွင်ဦးတို့က ရှင်းလင်းခဲ့ရာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၀၄၂)**

ရေစကြိုမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ မြင့်တက်လာလျက်ရှိ

ရေစကြို မေ ၂၂

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်သည် ရေစကြိုမြို့နယ်အတွင်းတွင် ပေါင်းဆုံကြသဖြင့် ရေစကြိုမြို့နယ်အတွင်းမှ တောင်သူအများစုသည် ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေကို အသုံးပြု၍သီးနှံများစိုက်ပျိုးကြလေ့ရှိသည်။ ယခုနှစ် မြစ်ရေကျချိန်တွင် ချင်းတွင်းမြစ်ရေသည် ယခင်နှစ်မြစ်ရေကျဆင်းနေကျရေမှတ်ထက် ပိုမိုလျော့နည်းခဲ့သဖြင့် မြစ်ရေကို အားထားအသုံးပြုစိုက်ပျိုးနေရသော စိုက်ခင်းများ ရေအခက်အခဲ ကြုံတွေ့ခဲ့ရသည်ဟု သိရပြီး မေ ၁၆ ရက်မှစ၍ ချင်းတွင်းမြစ်ရေသည် ပြန်လည်မြင့်တက်လာခဲ့ရာ မေ ၁၉ ရက် တိုင်းတာချက်အရ သုံးပေခန့်မြင့်တက်လာခဲ့သဖြင့် ချင်းတွင်းမြစ်ရေကို အသုံးပြုစိုက်ပျိုးနေရသော သီးနှံစိုက်ခင်းများ စိုက်ပျိုးရေ အဆင်ပြေသွားသည်ဟု သိရသည်။

ထို့အတူ ဧရာဝတီမြစ်ရေသည်လည်း မေ ၃ ရက်မှစ၍ မြင့်တက်လာလျက်ရှိရာ မေ ၃ ရက်မှ မေ ၁၉ ရက်အထိ ရေခုနစ်ပေခန့်မြင့်တက် လာသဖြင့် ဧရာဝတီမြစ်နံဘေးရှိ မြေနိမ့်ပိုင်းကျေးရွာများမှ ကျွန်းထဲစိုက်ခင်းများသို့ မြစ်ရေဝင်ရောက်သောကြောင့် အဆိုပါစိုက်ခင်းများရှိ ပဲတီစိမ်းစိုက်ခင်းများနှင့် နှမ်းစိုက်ခင်းအချို့ ရိတ်သိမ်းချိန်မမီလိုက်ဘဲ ရေနစ်ပျက်စီးဆုံးရှုံးကြရသည်ဟု သိရသည်။

ရေစကြိုမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေသည် မြစ်အထက်ပိုင်းတွင် မြစ်ရေမတက်သော်လည်း မြင့်တက်လာသော ဧရာဝတီမြစ်ရေသည် ဧရာဝတီနှင့် ချင်းတွင်းဆုံရာ မြစ်ဆုံရာနေရာမှလည်းကောင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကို တံတားသဖွယ်သွယ်ဆက်နေသော ချောင်းငယ် မြောင်းငယ်များမှလည်းကောင်း၊ ဧရာဝတီမြစ်ရေမှ ချင်းတွင်းမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်ခြင်းဖြင့်လည်းကောင်း ချင်းတွင်းမြစ်ရေ တက်လေ့ရှိကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

ဖခင်အမည်မှန်

တာချီလိတ်မြို့၊ အလက(ပုန်းထွန်)မှ မသန္တာစိုးနှင့် မောင်အောင်ကျော်ဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးသန်း ၁၄/ကခန(နိုင်)၁၁၁၇၈၉ ဖြစ်ပါကြောင်း။ **ဦးအောင်စိုးသန်း**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆ နှင့်ဆက်နွှယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

ဦးကျော်ကျော်အောင် **နှင့်** (၁) ဦးချစ်စိန်
(၂) ဒေါ်သန်းသန်းအေး
(၃) ဒေါ်စန်းစန်းဦး

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂၁၅၄)နေ (၂) တရားရှုံး ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၆တွင်ရရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဦးကျော်ကျော်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ သင်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၃၀ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မေ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းနိုင်ဝင်း
ဒုတိယမြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် ၈၈

ကွယ်လွန်သူ ဦးဘိုးဆောင်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးတင်အုန်း **လျှောက်ထားသူ**
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်မြင့်)
အိမ်အမှတ် ၁၀၀၀၊ မြရတနာ(၁)လမ်း၊ မြရတနာရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာရပ်ကွက်၊ မြရတနာ ၁လမ်း၊ အိမ်အမှတ် ၁၀၀၀ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးဘိုးဆောင်း၏ ကျန်ရှိရစ်သော ဦးဘိုးဆောင်းအမည်ပေါက် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ စီ-၄၊ မြေကွက်အမှတ် ၃၄၂၊ ဧရိယာဧက ဝဒသမ ဝ၂၆ဧကရှိ မြေငှားဂရန် သက်ကုန်မြေကွက်နှင့် (အဆောက်အအုံတိုက်ခန်းများမပါ) မြေကွက်အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်အုန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဦးအောင်မြင့်)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဇွန် ၉ရက်၊ (၁၃၇၆ခုနယုန်လဆန်း၁၂ရက်)တွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘိုးဆောင်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ခုနှစ် ဇွန် ၉ရက် (၁၃၇၆ခု၊ နယုန်လဆန်း ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးတင်အုန်း(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဦးအောင်မြင့်)၏ လျှောက်ထားလွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် မေ ၁၉ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမည်ပြောင်း

အထက(၁) သာကေတ၊ နဝမတန်း(A)မှ ဦးအောင်ဝင်း၏ သမီးအား ယနေ့မှစ၍ မအေးသီတာအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးသီတာအောင်**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

အင်းစိန်မြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂ နှင့်ဆက်နွှယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

၁။ ဦးသန်းစိုး **နှင့်** ၁။ ဒေါ်အုန်းမေ
၂။ ဒေါ်ရီရီမြင့် ၂။ ဦးစံထူး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၃။ ဦးကျော်မိုးမြင့်
ဦးကျော်ဇင်မျိုး) ၄။ ဦးတင်ဝင်း

တရားနိုင်များ **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)နေ (၄) တရားရှုံး ဦးတင်ဝင်း သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၂တွင် ရရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဦးကျော်ဇင်မျိုးက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ သင်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၃၀ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မင်းသီတာဝေ (တ/၂၅၁၄)
တွဲဖက်မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

မှုခင်းသတင်းနှင့်ကြော်ငြာ

ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်သူများအား တားဆီး၍ နေရပ်သို့ ပြန်လည်စေလွှတ်

တာချီလိတ် မေ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းဂိတ်၌ မေ ၁၉ ရက် ညနေ ၃ နာရီက ယာဉ်မောင်း ရဲထွဋ်မောင်းနှင်သော ၈ဈ/----- အောင်စိုးမိုး အမြန်ယာဉ်ဖြင့် လိုက်ပါလာသည့် စိုင်းရွဲ့ (၂၃နှစ်) ဟိုထင်ရွာ ဘန်းယဉ်အုပ်စု ဆီဆိုင်မြို့နယ်၊ စိုင်းထွန်း(၁၈ နှစ်) ကုန်းလမ်းရွာ ဘန်းယဉ်အုပ်စု ဆီဆိုင်မြို့နယ်၊ မနန်းဘိုး (၂၅ နှစ်)၊ မနန်းအွတ် (၂၈ နှစ်)၊ မနန်းဝန်း (၁၈နှစ်)၊ မနန်းစံ (၁၉ နှစ်) လိပ်စာတူတို့အား စိစစ်နိုင်ရန် မယ်ယန်းပူးပေါင်းဂိတ် တာဝန်ကျ အရာခံ ခင်မောင်ရွှေ၊ တပ်ကြပ်ကျော်သိန်းတို့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရုံးသို့ စေလွှတ်၍ ၎င်းတို့ခြောက်ဦးအား စိစစ်ရာ တာချီလိတ်နှင့် ထိုင်းနိုင်ငံတွင် ဆွေမျိုးသားချင်းမရှိဘဲ မိမိသဘောအလျောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တားဆီးခဲ့ပြီး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ရင်ရင်အေးက တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်ခြင်းသည် နှစ်နိုင်ငံဥပဒေကို ကျူးလွန်ရာရောက်ကြောင်း၊ တရားမဝင်သွားရောက်ပါက လူမှောင်ခိုမှ တစ်ဆင့် လူကုန်ကူးဖြစ်ပွားတတ်ပုံ၊ လူကုန်ကူးခံရပါက ရရှိနိုင်သည့် ဆိုးကျိုးများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ညနေ ၄ နာရီ ၄၅ မိနစ်တွင် ယာဉ်မောင်း ရန်နိုင်ကျော် မောင်းနှင်သော မိုးကုတ်မန်းယာဉ်ဖြင့် နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တောင်ငူတွင် စစ်တောင်းမြစ်ရေကြီးခြင်း အချိန်မီသတိပေးရန် သတိပေးစက်တပ်ဆင်

တောင်ငူ မေ ၂၂

မိုးရာသီရောက်ရှိချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် မြစ်ရေကြီးခြင်းကို အများပြည်သူများသို့ အချိန်မီသတိပေးနိုးဆော်နိုင်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများအချိန်မီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစ်ရေကြီးခြင်း အချက်ပေးစနစ်တပ်ဆင်ထားသည့် စက်ကိရိယာကို တောင်ငူမြို့ရှိ စစ်တောင်းတံတားအရှေ့ဘက်ထိပ်တွင် တပ်ဆင်ထားသည်ကို တွေ့ရသည်။ **(ဓါတ်ပုံ)**

ပေးပို့မည်

ယင်းစက်ကိရိယာသည် စိုးရိမ်ရေမှတ်မှစတင်ကာ အလိုအလျောက် အချက်ပေးလာမည်ဖြစ်ပြီး စိုးရိမ်ရေမှတ်ကျော်လွန်လာသည်နှင့်တစ်ပြိုင်နက် နာရီဝက်ခြားတစ်ခါ၊ တစ်နာရီခြားတစ်ခါ ရရှိလာသောအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ SMS စနစ်ဖြင့် အင်တာနက်အွန်လိုင်းမှ မှတ်တမ်းသွင်းထားသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များကို SMS ပေးပို့သွားမည်ဖြစ်ကြောင်း စက်များတပ်ဆင်နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါ မြစ်ရေကြီးခြင်း သတိပေးစက်ကိရိယာများကို ယခုလက်ရှိတွင် တောင်ငူ၊ ရွှေကျင်၊ ဟင်္သာတ၊ ပဲခူးနှင့် ဘားအံမြို့များရှိ မြစ်ချောင်းငါးနေရာတွင် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မှုခင်းသတင်းများ

ကြက်အစာစပ်စက်ရုံမှ စက်ပြင်ဆရာ တရုတ်နိုင်ငံသားတစ်ဦး စက်ညပ်သေဆုံး

မှော်ဘီမြို့နယ်အတွင်း စက်မှုဇုန်ရှိ ကြက်အစာစပ်စက်ရုံမှ စက်ပြင်ဆရာ တရုတ်နိုင်ငံသားတစ်ဦးမှာ မေ ၁၉ ရက် နံနက်ပိုင်းက စက်ညပ်သေဆုံးသွားခဲ့ရကြောင်း သိရသည်။ ဖြစ်စဉ်မှာ မှော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ ကြက်အစာစပ်စက်ရုံမှ စက်ပြင်ဆရာ တရုတ်အမျိုးသားတစ်ဦး စက်ညပ်ခံရပြီး ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်းသတင်းအရ မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဆေးရုံသို့ သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ အဆိုပါစက်ရုံ၌ လျှပ်စစ်စက်ပြင်ကျွမ်းကျင်အဖြစ် လုပ်ကိုင်သူ တရုတ်နိုင်ငံသား Mr.Jiang(or)Yu Qiang (၃၁နှစ်) ဖြစ်ကြောင်းသိရပြီး ၎င်းတွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ထို့နောက် ဖြစ်စဉ်အားစုံစမ်းခဲ့ကြရာ မေ ၁၉ ရက် နံနက် ၉ နာရီခွဲခန့်က ၎င်းသည် စက်ရုံ၌ စက်ပြင်ပြီးစမ်းသပ်မောင်းနှင်စဉ် စက်ညပ်၍ ဒဏ်ရာများရရှိကာ သတိလစ်သွားသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ကုသစဉ် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ တရုတ်နိုင်ငံသားသေဆုံးမှုနှင့် ပတ်သက်၍ မှော်ဘီမြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

အငှားယာဉ်တိုက်မိ၍ ကလေးငယ်သေဆုံး

သယ်န်းကျွန်းမြို့နယ်အတွင်း မေ ၁၉ ရက် နံနက် ၁၁နာရီခွဲက နှင်းဆီကုန်းလမ်းအတိုင်း သယ်န်းကျွန်းဘူတာဘက်မှ (က)ရပ်ကွက်ဘက်သို့ ရှားဆက်နိုင် (၂၆ နှစ်) သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏနေသူ မောင်းနှင်လာသော ၆ဗ/--- ကရိနာဆလွန်းခဲရောင် အငှားယာဉ်သည် နှင်းဆီကုန်းအိမ်ရာရှေ့အရောက် လမ်း၏ယာဘက်အစပ်မှ လမ်းလျှောက်သွားနေသူ သယ်န်းကျွန်းမြို့နယ်နေ မောင်ညီလင်းနိုင် ရှစ်နှစ်အား ဝင်ရောက်တိုက်မိပြီး ရှေ့ယာဘက်ဘီးဖြင့် ကြိတ်မိခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်တိုက်မှုကြောင့် မောင်ညီလင်းနိုင်မှာ ဒဏ်ရာများရရှိခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ရသဖြင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ရှားဆက်နိုင်အား သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **စိုးဝင်း(SP)**

တရားမဝင်သစ်လုပ်ငန်းများ ဖမ်းဆီးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့ နယ်နိမိတ်ဆုံရာ ဟင်္သာကြိုးဝိုင်း၊ အုံးဒုတ်ကြိုးဝိုင်း၊ နမ့်လှိုင်ကြိုးဝိုင်း၊ သောင်းဗွက်တောင်ကြိုးဝိုင်း၊ တောက်တာဂူကြီးကြိုးဝိုင်း၊ တကောင်းတောင်ကြိုးဝိုင်းနှင့် မိုင်းဒိုင်းကြိုးဝိုင်းနယ်မြေများမှ အဖိုးတန်သစ်များတရားမဝင်ခိုးထုတ်သယ်ဆောင်မှုများ တားဆီးထိန်းချုပ် ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာတွင် ၂၈-၃-၂၀၁၄ ရက်မှ ၁၁-၅-၂၀၁၄ ရက်အထိ ဖမ်းဆီးရမိမှုများမှာ ကျွန်း ၈၃ ဒသမ ၇၉၉၆ တန်၊ သစ်မာ ၂၂၂၆ ဒသမ ၅၄၉၂ တန်၊ အခြား သစ် ၃၉ ဒသမ ၃၇၃၀ တန် စုစုပေါင်း ၂၃၄၉ ဒသမ ၇၂၁၈ တန်နှင့်အတူ ၂၈ ဦး၊ မော်တော်ယာဉ် ၅၄ စီး၊ ထွန်စက်နှစ်စီး၊ ထော်လာဂျီတစ်စီး၊ ချိန်းဆော ၄၁ လက်၊ သစ်စက်သုံးလုံး၊ အင်ဂျင်လေးလုံး၊ ဆိုင်ကယ်လေးစီး၊ စက်လှေခုနစ်စင်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ၊ ကျိုက်လတ်မြို့နယ်သား (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၄ခုနှစ် ဇွန် ၈ရက် နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ (၂၁/၄၃စီ) ဧရာဝတီတိုင်းဒေသကြီးမွှာရုံတွင် ကျင်းပမည်ဖြစ်ပါသည်။ အသက်(၇၅)နှစ်ပြည့် အသင်းဝင်ဘိုးဘွားများ၏ အမည်စာရင်း ၂၀၁၂ခုနှစ်နှင့် ၂၀၁၃ခုနှစ် နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ၊ ၂၀၁၂ခုနှစ်နှင့် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (၃)ဘာသာနှင့် (၃)ဘာသာအထက် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းနှင့် ကျိုက်လတ်မြို့နယ်သား (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ အမည်စာရင်းကို အထောက်အထားအပြည့်အစုံဖြင့် ၃၁-၅-၂၀၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပို့ပါရန်နှင့် အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သင်းလုံးကျွတ်အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဦးမောင်ညိမ်း ဖုန်း-၀၉-၅၀၀၉၁၇၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၁၃၃၈၂၉၊
ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအေးကြူ ဖုန်း-၀၉-၅၁၇၆၉၇၈၊
ဒေါ်ခင်ချိုဦး ဖုန်း-၀၉-၃၁၀၄၈၄၂၃

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်မဲမြို့၊ အမှတ်(၂)ရပ်ကွက်နှင့် နမ့်တုံရပ်၊ အောင်ဆန်းလမ်းရှိ ၂/၄၅၀(က)၊ (အကွက်အမှတ်-၄၆၊ ဦးပိုင်အမှတ် ၆၀-ခ) အဆောက်အအုံအား မိဘနှစ်ပါးဖြစ်သော ဦးအောင်ဘ-ဒေါ်နန်းဆွေဦးတို့မှာ ကွယ်လွန်သွားပြီးဖြစ်ပါ၍ လက်ရှိနေထိုင်သူ သမီးအကြီး ဒေါ်နန်းသီတာ ၁၃/ကမန(နိုင်)၀၀၄၆၄၀မှ အမွေဆက်ခံ ဂရန်အမည်ပြောင်းလိုပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းသီတာ ၁၃/ကမန(နိုင်)၀၀၄၆၄၀
အမှတ် ၂/၄၅၀(က)၊ အောင်ဆန်းလမ်း၊ ကျောက်မဲမြို့၊ ဖုန်း-၀၉-၂၅၆၄၆၃၆၄၂

ဖခင်အမည်မှန် အထက(၇)၊ လှိုင်သာယာ၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မမင်းမို့မို့သွယ်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦးဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၁၈၈၈၊ CCdilac SR & SUV(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဉ္ဇာချိုထွန်း ၁၀/မဒန(နိုင်)၀၀၃၆၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြင့် (ဘ)ဦးဖေသန်း ၁၀/မလမ(နိုင်)၀၅၂၉၉၀ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိ ၆/ဂလမ်း၊ အိမ်အမှတ် ၄၅/ခ၊ မဲရုံ ၁၇အပိုင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြင့်သည် လွန်ခဲ့သည့် ၂၀၀၇ခုနှစ်ကတည်းက ပေါင်မြို့၊ မုတ္တမကျေးရွာ၊ ဝါရီရှု(၂)ရပ်ကွက်၊ (ဘ) ဦးရွှေလေး၏သား ဦးကျော်စိုး ၁၀/ပမန(နိုင်) ၀၄၈၅၉၀ထံမှ ပေါင်မြို့၊ မုတ္တမအပိုင် ကွင်းအမှတ် ၉၂၉၊ ဦးပိုင်အမှတ် ဃ-၈၁၆ အား ယခင်ကော့စိုင်ရပ်တွင်နေထိုင်သူ ဒေါ်ချိုချိုမြင့်အား အသိသက်သေများရှေ့မှောက်တွင် စာချုပ်ချုပ် ရောင်းချဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြင့် ဝယ်ယူစဉ်ကတည်းက အဆိုပါမြေကွက်အား ခြံစည်းရိုးများခတ်၍ အိမ်ဆောက်လုပ်ခြင်းမရှိဘဲ ထားရှိခဲ့ပါသည်။

ယခုအခါတွင် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ မြေကွက်အမည်ပြောင်းလွဲခြင်း၊ အခွန်ပြေစာထမ်းဆောင်ခြင်း၊ အိမ်ရာမြေ ဝင်ရောက်ကျူးကျော်ဆောက်လုပ်ခြင်းမပြုရန် ယနေ့ကြော်ငြာသည့်ရက်မှစ၍ အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ချိုချိုမြင့် **ဒေါ်မြင့်မြင့်မော် LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၃၈)
အမှတ် ၆၊ ကျိုက်ဖနဲဘုရားအနီး၊ ဒိုင်းဝန်းကွင်း၊ မော်လမြိုင်မြို့၊
ဖုန်း-၀၅၇-၂၆၃၀၉၊ ၀၉-၄၂၅၂၉၄၆၉၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အခန်းအမှတ်(၈/စီ)၊ တတိယထပ်၊ အကျယ်အဝန်း(၁၇ပေ×၄၅ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်ကြွယ်ကြွယ်တိုး ၁၂/ဗဟန(နိုင်) ၀၄၈၆၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဲစုထွေး LL.B,DBL, DIL,DML **ဦးမြတ်ထွန်း B.Sc,R.L**
အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈) **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**
အမှတ်(၅၅)၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၉၃၀၊ မြေကွက်တည်နေရာအမှတ် ၅၂၊ ရန်ပြေအရှေ့ ၁၆လမ်း၊ ၃/ရန်ပြေ၊ သာကေတမြို့နယ် (၁)ဦးသွင်၊ (၂)ဒေါ်သန်းရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသွင်(ဖခင်)နှင့် ဒေါ်သန်းရီ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်ရီရီသွင် ၁၂/သကတ(နိုင်)၀၄၄၀၅၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၅၀၅/ခ၊ မြေကွက်တည်နေရာအမှတ် ၅၀၅/ခ၊ တကောင်း ၄ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းလန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းလန်း ကွယ်လွန်သဖြင့် ဒေါ်စန်းမြ ၁၂/ဥကတ(နိုင်)၀၇၈၂၉၈က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သားဖွားနှင့် မီးယပ်ပညာဒီပလိုမာနှင့် ကလေးကျန်းမာပညာဒီပလိုမာ
ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ (Dip.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
(၁)	သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ	၁နှစ်	ရန်ကုန်၊မန္တလေး၊မကွေး
(၂)	ကလေးကျန်းမာပညာဒီပလိုမာ	״	״

၂။ **လိုအပ်သောအရည်အချင်း**

(၁) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်သက်(၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ) (သို့မဟုတ်)အရာထမ်း အခြေခံသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်)အထူးဝန်ထမ်းလောင်း (ဆရာဝန်) သင်တန်းတက်ပြီးသူဖြစ်ရမည်။

(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် မိခင်ကလေးကျန်းမာရေးဌာန/ကျောင်းကျန်းမာရေးဌာနတွင် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၃-၆-၂၀၁၉ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၆-၆-၂၀၁၉ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
မေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာနှင့် ရောဂါဗေဒဒီပလိုမာ
ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ (Dip.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
(၁)	မေ့ဆေးပညာဒီပလိုမာ	၁ နှစ်	ရန်ကုန်၊မန္တလေး
(၂)	ဓာတ်မှန်ပညာဒီပလိုမာ	״	״
(၃)	ရောဂါဗေဒဒီပလိုမာ	״	ရန်ကုန်၊မန္တလေး၊မကွေး

၂။ **လိုအပ်သောအရည်အချင်း**

(၁) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်သက်(၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ) (သို့မဟုတ်) အရာထမ်း အခြေခံသင်တန်း(သို့မဟုတ်)အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း (ဆရာဝန်) သင်တန်းတက်ပြီးသူဖြစ်ရမည်။

(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် တာဝန်ကျရာ မည်သည့် မြို့နယ်/ ဒေသတွင်မဆို အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၃-၆-၂၀၁၉ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၆-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/ တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
ကြေညာချက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်စီးပွားရေးတက္ကသိုလ်) အစီအစဉ်ဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း (Certificate in ASEAN Economics Studies-CAES)

၂။ **သင်တန်းအောင်လက်မှတ်** - အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ် (Certificate in ASEAN Economics Studies-CAES)

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း**-(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) လက်ရှိဝန်ထမ်း/စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ရမည်၊ လုပ်သက်အတွေ့အကြုံရှိသူများအတွက် ပညာအရည်အချင်းကိုလျှော့ပေါ့စဉ်းစားမည်။

(ဂ) သင်တန်းကိုအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၄။ **သင်တန်းသားရွေးချယ်မှု** - အထက်ပါအချက်အလက်များနှင့် ပြည့်စုံပြီး စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

၅။ **သင်တန်းကာလ** - (၃)လ

၆။ **သင်တန်းချိန်** - ညနေပိုင်း (၁၇:၃၀နာရီမှ ၁၉:၃၀နာရီအထိ)

၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၈-၅-၂၀၁၉ရက်မှ ၆-၆-၂၀၁၉ရက်အထိ

၈။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၉ခုနှစ် ဇွန် ၉ရက် (တနင်္ဂနွေ)

၉။ **ဆက်သွယ်ရမည့်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)

၁၀။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ကမာရွတ်နယ်မြေ) ဖုန်း- ၀၁-၅၃၆၄၃၆၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၁-၅၁၅၀၇၂၊ လိုင်းခွဲ -၁၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
သင်တန်းကြီးကြပ်ရေးကော်မတီ

စိတ်ရောဂါခွဲကပ်နေသူကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်

လျှောက်ထားခြင်းအကြောင်းကြားစာ

သူရူးအက်ဥပဒေပုဒ်မ-၆၃ နှင့် ၇၁
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၁

ဒေါ်နုနုခင် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ် ၁၈၊ အခန်း(B2/B3)နေ သူရူးအက်ဥပဒေပုဒ်မ-၆၃ နှင့် ၇၁ တို့အရ ဒေါ်နုနုခင်လျှောက်ထားသောအမှုတွင် သက်ဆိုင်သူများ သိစေလိုက်သည်-

အထက်အမည်ပါ လျှောက်ထားသူကဆိုခဲ့သော စိတ်ရောဂါခွဲကပ်နေသူ၏ ကိုယ်နှင့်ပစ္စည်းအတွက် အုပ်ထိန်းသူလူကြီးအဖြစ် ၎င်းအားခန့်ထားပေးပါမည့်အကြောင်းနှင့်လျှောက်ထားရာ ၎င်းလျှောက်လွှာကို ၂၀၁၉ ခုနှစ် ဇွန် ၁၇ရက် (၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းလွဲပိုင်း ၁၀ နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားပါသောကြောင့် ဆိုခဲ့သော စိတ်ရောဂါခွဲကပ်နေသူ၏ အခြားဆွေမျိုးများ၊ နီးစပ်သူများ သို့မဟုတ် ကောင်းကျိုးကိုလိုလားသူ မည်သူတစ်ဦးတစ်ယောက်မဆို ဆိုခဲ့သော စိတ်ရောဂါခွဲကပ်နေသူနှင့် ၎င်းသူ့ပစ္စည်းအတွက် အုပ်ထိန်းသူ လူကြီးအဖြစ်ခန့်ထားခြင်း သို့မဟုတ် ကြော်ငြာခြင်း၊ အလိုရှိလျှင် ၎င်းသူလည်း ဆိုခဲ့သောနေ့ရက်တွင် ဤအရှေ့ပိုင်းခရိုင်တရားသူကြီးရုံးသို့ လူကိုယ်တိုင်ရောက်ရှိ လျှောက်ထား၍ ထိုကဲ့သို့ အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားသို့မဟုတ်ကြော်ငြာခြင်းငှာ ၎င်း၏ကန့်ကွက်ချက်ကို ထောက်ခံရန်အတွက် ၎င်းက တင်သွင်းလိုသည့် စာချုပ်စာတမ်းသက်သေခံနှင့် နှုတ်သက်သေခံမည် မည်သူမဆိုထိုနေ့တွင် တင်သွင်းရန် အသင့်ရှိရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်စိုး)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

STI MYANMAR UNIVERSITY

ဘွဲ့ကြိုသင်တန်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ IGCSE (or) GCE 'O' Level အောင်မြင်ပြီးသူများ Bachelor ဘွဲ့သင်တန်းအတွက် အောက်ပါအဓိကဘာသာရပ်များဖြင့် ဘွဲ့ကြိုသင်တန်းများ လျှောက်ထားနိုင်ပါသည်-

- Bachelor of Business Administration (BBA)
  - Management
- Bachelor of Engineering (BE)
  - Civil & Architectural Engineering
  - Electronic Engineering
- Bachelor of Beauty Art (BA)
  - Beauty Design
  - Beauty Therapy

Apply Now! JUNE Intake

၂။ BBA ဘွဲ့ကို The Open University of Hong Kong မှ ချီးမြှင့်ပါသည်။

၃။ BE နှင့် BA ဘွဲ့ကို ဆိုးလ်မြို့၏ ထိပ်တန်း SKU တက္ကသိုလ်မှ ဘွဲ့ချီးမြှင့်ပါသည်။

၄။ နှစ်စဉ် အခြားပါတက္ကသိုလ်များသို့ (၂)ပါတ်နေ့ ဘွဲ့အရောက် ပညာသင်ကြားနိုင်ပါသည်။

၅။ ပညာသင်ထောက်ပံ့ကြေးများပါရှိပါသည်။

Building - 2, Phase (3), MICT Park, Hlaing Campus, Hlaing Township, Yangon
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon
TEL : 01 507151/52, 377988, 09250064451, 0931702299, 09420254872

ရောင်းမည်
3 Ton TRUCK CRANE
(၂) စီးရောင်းမည်။
၂၈/----FUSO Fighter
၄က/----NISSAN Condor
ဖုန်း-၀၉-၅၀၈၀၄၅၂၊ ၀၉-၇၃၀၀၇၂၄၄

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိမြေကွက်များ ရောင်းလို ဝယ်လိုပါသလား…?၊ SEVEN စံနှင့် ဆက်သွယ်လိုက်ပါ၊ အိမ်အရောက် ငွေပေးချေသည်၊ ပွဲခပေးရန်မလိုပါ။

ဖုန်း-၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၆၀၉၉၊ ၀၁-၂၀၅၇၄၈

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း ၈၀န (ရာဇာသီရိအိမ်ရာ)၊ မြေကွက် ၇၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်ဝင်းကြည် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာစာချုပ်(၁၉၉၈/၂၀၁၉)တင်ပြ၍ ဒေါ်မြင့်မြင့်သန်း ၁၂/ကမရ(နိုင်)၁၂၈၀၀၅ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမှရင်းအပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၃၇၈၂၊ Toyota Hiace KZH 120, M/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းမြင့်(ခ)ဆုရတနာနယ် ၇/ပခန(နိုင်)၁၈၁၂၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနှ၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၀-၂၀၁၃ရက် ဤသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၄) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ် (၁၂) ဦးမောင်ကျော်ဆင်း၏ အမည်ပြောင်းတွင် ဦးအေးညွန့်အစား ဦးကိုကိုလေး-ဒေါ်မိမိလေးအစား ဦးကိုကိုလေး-ဒေါ်မိမိထွေးဟု ဖတ်ရှုပါရန်။

ဒေါ်ချို(ခ)မစလီနှင့် အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာအုပ်စု ဇာသပြင်အနောက်ကျေးရွာ၊ ကော့ကျိုက်ကုလားရပ်၊ ကော့တွတ်လမ်းနေ၊ ဦးစိုး(ခ)ဦးမေးဂါ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်သည်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးစိုး(ခ)ဦးမေးဂါနှင့် ဒေါ်ချို(ခ)မစလီတို့သည် ရိုးရာဓလေ့နှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ယင်းသို့နေထိုင်စဉ် ဦးစိုး(ခ)ဦးမေးဂါ၏နေနိုင်ဖြစ်သူ ဒေါ်ချို(ခ)မစလီသည် အဖိုးတန်ပစ္စည်းနှင့် ငွေသားအချို့ကို ယူဆောင်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း နေအိမ်သို့ ပြန်လာပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်ချို(ခ)မစလီကိုလက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ဝေဝေမြိုင်(စဉ်-၉၄၂၃)	ဒေါ်မိုးမိုးမြင့်(စဉ်-၃၅၅၇၂)
LL.B, D.B.L	LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ	ဒေါ်ခင်ခင်ဦး (စဉ်-၃၇၆၄၅)
	LL.B
	အထက်တန်းရှေ့နေများ

အမှတ် (၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပဟရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၀၆၀၁၂၆၊ ၄၂၁၁၁၀၂၉၆

လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တီ(ခ)ဒေါ်အီလေး
(ဇင်ယော် ဒန်သတ္တုလုပ်ငန်း)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၂၄နေ (ဦးဖိုးချို-ဒေါ်နီ)တို့၏စတုတ္ထသမီး၊ (ဦးချို-ဒေါ်ပွင့်)တို့၏ချွေးမ၊ (ဦးလူဝ)၏ဇနီး၊ ဒေါ်စန်းစန်းရင်၊ (ဦးအေးကျော်)-ဒေါ်မေကြူ၊ (ဦးသောင်းထိုက်ဝင်း)-ဒေါ်မြမြဝင်း၊ ဒေါ်ပြုံးပြုံးမြင့်-ဦးအောင်မြင့်၊ဦးသိန်းထွန်း-ဒေါ်အေးအေးလှိုင်၊ ဒေါ်ထွေးထွေးအေးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည်၂၀-၅-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်ရစ်သော ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါက်တာသန်းငြိမ်း (ကျောက်တန်း-ခနောင်)
ပါတီခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအင်အားစု
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၅၆၊ မြေညီထပ်နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ ဦးကျော်သူငြိမ်း-ဒေါ်ခင်ဆွေသန်း၊ ဦးအောင်သူငြိမ်း-ဒေါ်စန်းနု၊ ဦးသိန်းထွန်းဇော်-ဒေါ်ယဉ်သူငြိမ်း၊ ဒေါ်ခင်သူဇာငြိမ်း တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာသန်းငြိမ်း
(ကျောက်တန်း-ခနောင်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ သစ်ရာပင်လမ်းသွယ်(၄)၊အမှတ် ၉၄/၁နေ(ဦးတင်ညွန့်)-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးကျော်စိုး)-ဒေါ်အေးစော၊ ဦးမောင်မောင်အုန်း-ဒေါ်ဝင်းမေ၊ ဦးခင်ညွန့်(ဗိုလ်ချုပ်ကြီးဟောင်း)-ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဦးကြည်သန်း-ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်ရီ၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်လေး၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးခင်မောင်အေး-ဒေါ်ခင်မမတို့၏မောင်/အစ်ကို၊ ဒေါ်ခင်အေး၏ခင်ပွန်းသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

ဒေါက်တာသန်းငြိမ်း
(ကျောက်တန်း-ခနောင်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းနေ (ဦးဘစိန်-ဒေါ်နုစိန်)တို့၏ သားသမက်၊(ဦးသန်းထွန်း-ဒေါ်အေးစု)၊ ဦးလှအောင်-ဒေါ်သန်းဆွေ၊ (ဦးဝင်းဆွေ)-ဒေါ်ခင်နွဲ့ဝင်း၊ ဒေါက်တာကျော်လွင်-ဒေါ်စန်းစန်းဆွေတို့၏မောင်/အစ်ကို၊ ဒေါ်ခင်အေး၏ခင်ပွန်းသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဇင်ခွာဒွန်း အသက်(၇၂)နှစ်
Pi Zen Khua Don (Nuno)

ချင်းပြည်နယ်၊ တီးတိန်မြို့နေ (Pu Lian Go leh-Pi Vung Dah Suan) တို့၏သမီး၊ ချင်းပြည်နယ်၊တီးတိန်မြို့နယ်၊တပ်လန်ရွာနေ (Pu Lam Za Thang-Pi Cing Do)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကောင်းလမ်း၊ အမှတ် ၅၂၈(က)နေ Rev. Dr Simon Pau Khan En ၏ဇနီး၊ (Pu Lang Khat Thang)- Pi Niang Go Ciin, (Nu Don Khan Niang-Pa Zel Za Cin), Nu Luan Khan Cing-(Pa Gin Kam) တို့၏ ညီမ၊ Pu Dam Khua Nang-Pi Suan Go Lun, (Pu Pau Do Dal)-Pi Kham Khan Niang, (Pu Sian Do Pau)-Pi Suan Deih Vung, Pu Zam Cin Hau- Pi Zo Ngaih Lun တို့၏အစ်မ၊ Pa Thang Sian Mang-Nu Suan Muan Kim, Rev.Thang Cin Suum-Anna Kim (ခေတ္တ - USA), Nu Do Lam Niang- Pa Kam Sian Lian (ခေတ္တ - USA),Pa Go Sian Tuang-Nu Paa Lam Cing (ခေတ္တ - USA), Pa Suan Sian Tung Nung-Nu Ciin San Nuam(ခေတ္တ - USA),Nu Man Khat Lun (အရှေ့ဦး လူမှုဖွံ့ဖြိုးရေးအသင်း)- Pa Tuan Lam Dal တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၄ ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်၊ TBCY ဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့၊မောန္ဓေလဘုရားကျောင်းတို့မှမွန်းလွဲ၁း၃၀နာရီနှင့်ထောက်ကြန့်နှင့်ဝါယာလက်တို့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကြင်ဖေ
ညွှန်ကြားရေးမှူး(ငြိမ်း)၊ တရားရုံးချုပ်(ရန်ကုန်)
အသက်(၇၂)နှစ်

သူငယ်ချင်း ကျော်ကျော်လွင်၏ဖခင် ဦးကြင်ဖေသည် ၁၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) ဗိုလ်လောင်းသင်တန်းမှ
သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဆန်း(ခ)ညီညီ
အသက်(၆၃)နှစ်

ဦးဇေယျာမင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ရေကြောင်းဦးစီး)-ဒေါက်တာမေဇွန်အောင်ဝင်း၏ဖခင် ဦးတင်မောင်ဆန်း(ခ)ညီညီသည် ၁၅-၅-၂၀၁၄ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် စင်ကာပူနိုင်ငံ Singapore General Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်ဦး(ညွှန်ကြားရေးမှူးချုပ်)နှင့်ဇနီး ဒေါ်မော်မော်ထွေး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျင်ထွေး
(ညွှန်ကြားရေးမှူး၊ ပို့ဆက်ဦးစီး-ငြိမ်း)
အသက် (၈၇)နှစ်

ပါမောက္ခဒေါက်တာမြတ်သူ (ဦးနှောက်ခွဲစိတ်ကုဌာန YGH)-ဒေါ်ဆွေမာလွင် (UNICEF) တို့၏ချစ်လှစွာသောဖခင် ဦးကျင်ထွေး(ညွှန်ကြားရေးမှူး၊ ပို့ဆက်ဦးစီး-ငြိမ်း)သည် ၁၆-၅- ၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
(အာရှတော်ဝင်ဆေးရုံ)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျင်ထွေး B.A, B.Cs (Sr Br)
ညွှန်ကြားရေးမှူး (ပို့/ဆက်ဦးစီး၊ ငြိမ်း)
အသက် (၈၇)နှစ်

ထားဝယ်မြို့၊ တလိုင်းမရပ်နေ (ဦးသာဖေ-ဒေါ်ကြည်)တို့၏ သားထွေး၊ ပုလောမြို့နေ (ဦးစိန်ချီ-ဒေါ်စိန်သွေး)တို့၏ သားသမက်၊ ပါမောက္ခဒေါက်တာမြတ်သူ (ဦးနှောက်ခွဲစိတ်ကုဌာန၊ YGH)-ဒေါ်ဆွေမာလွင် (UNICEF) တို့၏ ဖခင် ဦးကျင်ထွေးသည် ၁၆-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ အမှတ် (၈)၊ စကားဝါလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေ
Bright Time Group of Companies

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်းဦး
အသက် (၇၅)နှစ်

သီပေါမြို့၊ အနောက်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အိမ်အမှတ် (၁၀၀) နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာနန်းစိုးစိုးအောင် (ကျောင်းအုပ်ကြီး ကွန်ပျူတာတက္ကသိုလ်၊ လားရှိုး)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်သန်းဦးသည် ၁၆-၅-၂၀၁၄ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းတစ်စု
(အငွန်း၊ ဆီခမ်း၊ မထွေး၊ မိစူး၊ တီကျူ့၊ ဝင်းခိုင်၊ ကေပီအေ)

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်းဦး (သီပေါ)
အသက်(၇၅)နှစ်

သီပေါမြို့နေ ဒေါ်ခင်ရီ(ခ)ဒေါ်ရီရီမေ၏ခင်ပွန်း ဦးအောင်သန်းဦးသည် ၁၆-၅-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သီပေါအသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဆန်း(ခ)ဦးညီညီ
အသက်(၆၃)နှစ်

ဦးဇေယျာမင်း (လက်ထောက်ညွှန်ကြားရေးမှူး)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဒေါက်တာမေဇွန်အောင်ဝင်း (မျက်စိအထူးကုဆရာဝန်ကြီး) တို့၏ဖခင်သည် ၁၅-၅-၂၀၁၄ရက်တွင် စင်ကာပူနိုင်ငံ (Singapore General Hospital)၌ ကွယ်လွန်ခဲ့ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးချုပ်ဝန်ထမ်းများ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဆန်း(ခ)ဦးညီညီ
အသက်(၆၃)နှစ်

ဦးဇေယျာမင်း (လက်ထောက်ညွှန်ကြားရေးမှူး)၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဒေါက်တာမေဇွန်အောင်ဝင်း (မျက်စိအထူးကုဆရာဝန်ကြီး) တို့၏ဖခင်သည် ၁၅-၅-၂၀၁၄ရက်တွင် စင်ကာပူနိုင်ငံ (Singapore General Hospital)၌ ကွယ်လွန်ခဲ့ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ဒေါ်ပုံသဘော်ကျင်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဝင်းဇော်(ဆေးရုံအုပ်ကြီး/အထူးကုဆရာဝန်ကြီး)
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ(သမိုင်း)
အသက်(၅၁)နှစ်

ဒေါက်တာဝင်းဇော် (ဆေးရုံအုပ်ကြီး) အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ(သမိုင်း) သည် ၁၂-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အရိုးရောဂါကုပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရန်ကုန်

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး
ဒေါ်မြခင်
အသက် (၉၈)နှစ်

ဆွေမျိုးသားချင်းများအပေါ်တွင် အမြဲပေးကမ်းကူညီ ထောက်ပံ့တတ်သော၊ သားများအပေါ်တွင် ညီမျှစွာတာဝန်ကျေခဲ့ပါသော ၁၁-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါသော ရွှေဘိုမြို့ လိပ်ချင်းကျေးရွာနေ (ဦးလှမောင်)၏ဇနီး ဒေါ်မြခင် အသက်(၉၈)နှစ် မကျန်းမာစဉ်က စေတနာသန့်သန့်ဖြင့် စိတ်အားထက်သန်စွာ ကုသပေးခဲ့ပါသော ရွှေဘိုပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်လေး ဒေါက်တာထက်မြတ်အောင်၊ Sisterကြီး ဒေါ်အေးမြင့်ဦးနှင့် ဆရာမလေးမစုတို့အားလည်းကောင်း၊ မိခင်ကြီးနာရေးတွင် ခင်မင်ရင်းနှီးစွာ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများ၊ လိပ်ချင်းရွာသူရွာသားများ၊ ဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ သတင်းမေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်း မိတ်ဆွေများအား ကျေးဇူးအထူးတင်ရှိပါသည်။

ဇနိတံ-ပါကံ-ဇနေတိ တူသောအကျိုးများရရှိနိုင်ကြပါစေ။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မေရီလွယ်ခန့်နွမ်း(Mary Nang)
Pi Mary Luai Khan Nuam
မန်နေဂျာ(ငြိမ်း)စားထွေ/ကုန်သွယ်လယ်ယာ
အသက်(၇၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်နေ(Subedar Kham Za Nang-Pi Mann Cin) တို့၏သမီးထွေး၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ကျေးရွာနေ(ကျောင်းဆရာကြီး Pu Khai Kho Thang-Pi Vung Mang)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာ့ဝတီအိမ်ရာ၊ တိုက်(C)၊ အခန်း (၃၀၂)နေ Pu Ngo Cin Mang ဦးငိုကျင့်မန်(ခေတ္တ-ဂျပန်)၏ဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ Lia Mang Cing Khai, Lia Cing Lam Mang,Lia Thang Lam Cing နှင့် တောင်အာဖရိကနိုင်ငံ Pretoria နေ Nu Cin Sian Lian Cing(ယုဇနတင်) Pa Pome Thian Khai တို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၂၃-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ဒေသစံတော်ချိန် ည ၇း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် (စနေနေ့)တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ Shinnagawa,Gotenyama garden,Gloria Chapel ဘုရားကျောင်း၌ မွန်းတည့် ၁၂နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အရိုးပြာအား ၂၄-၅-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်၊ အမှတ် ၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝတ်ပြုအစည်းအဝေးပြုလုပ်ပြီး၊ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးနိုင်စိုး(ခ)ဦးသာဇံ (ပုသိမ်)
စား/ထွေ
အသက်(၇၅)နှစ်

လူသားတိုင်းအံ့တုယှဉ်ပြိုင်မရနိုင်သော သေခြင်းတရားတည်းဟူသော သင်္ခါရသဘောတရားလိုပဲ သတိသံဝေဂတရားအဖြစ် ကြိုးစားမှတ်ယူရပါသော်လည်း ဝမ်းနည်းပူဆွေးကြေကွဲမှုတွေကတော့ ရင်ထဲမှ ထာဝရလွမ်းဆွတ် ခံစားနေရပါတယ်။ **ကျန်ရစ်သူမိသားစု**

ချစ်ဇနီး - ဒေါ်ဝင်းကြည်
ချစ်သားသမီးများ - ဒေါ်အေးမီမီစိုး
ဦးအောင်နိုင်စိုး၊ ဦးဝင်းနိုင်စိုး
ဒေါ်ဝင်းပပစိုး၊ ဒေါ်မင်းပပစိုး

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ချစ်လှစွာသော ဖခင်ကြီး ဦးနထန်း (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဖလမ်းမြို့နယ်)မှ ခရစ်တော်ထံအိပ်ပျော်သွားခဲ့သည်မှာ ၂၃-၅-၂၀၁၄ရက်တွင် တစ်လတင်းတင်းပြည့်ခဲ့ပြီ။ ကျန်ရစ်သူမိသားစုဝင်များမှာ တစ်ရက်မှမမေ့မရနိုင်ပါ။ ဖေဖေ့၏ကျေးဇူးတရားများကို အောက်မေ့လျက် အစဉ်သတိရကြပါ၏။ ဖေဖေ၏ ဆိုဆုံးမစကားများကို အစဉ်ကြားယောင်လျက်…

ကျန်ရစ်သူမိသားစု

ဇနီး - ဒေါ်လှေမဲင်း (ဝင်းဆေးဆိုင်၊ ဖလမ်း)
သားကြီး - ကျုံးချင်ထန် (UN Peace Keeping, Congo)
သားလတ် - ကျုံးဇမန် (Warner Enterprise, U.S.A)
သားငယ် - ကျုံးအုပ်ပဲန်း (WFP၊ လားရှိုး)
သမီးကြီး - ဆွိုးငွန်တိဘ်လ် (ပြည်သူ့ဆောက်လုပ်ရေး၊ တွန်းဇံ)
သမီးငယ် - ဆွိုးလှေတိဘ်လ် (အထွေထွေအုပ်ချုပ်ရေး၊ ဖလမ်း)

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း
ဦးဝင်းမောင်(ခ)လင်ချင်ဟုတ် (ပုသိမ်မြို့)
Diamond Dragon Co.,Ltd.

လူတိုင်းအပေါ်တွင် မေတ္တာ၊ ကရုဏာ၊ စေတနာ ရှေ့ထား၍ ကူညီပေးတတ်သော ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ ကျေးဇူးရှင် အနန္တဂိုဏ်းဝင်ဖခင်ကြီး ဦးဝင်းမောင် မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၂-၅-၂၀၁၄ရက်တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။

နေ့စဉ်နေ့တိုင်း သတိရအောက်မေ့လျက် ဖခင်ကြီးအားရည်စူး၍ ပြုလုပ်ခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ **ချစ်ဇနီး ဒေါ်သန်းသန်းမော်နှင့် သားသမီးမြေးတစ်စု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကြည်ကြည်ညွန့် (ပါမောက္ခ၊ ဌာနမှူး)၊
အသည်းပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မြို့
အသက်(၅၂)နှစ်

ချစ်သူငယ်ချင်း ဒေါက်တာကြည်ကြည်ညွန့်သည် ၁၃-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂/၈၂ ဒုတိယ MB

ဆေးတက္ကသိုလ်
မန္တလေး ဝင် သူငယ်ချင်းများ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)

(BC.3592)

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)

တရားသူကြီး(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)

အသက်(၈၉)နှစ်

ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဦးအေးအောင် (မီးယပ်နှင့်သားဖွား အထူးကုဆရာဝန်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါ်ခင်မာကြည်ဝင်းတို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)သည် ၁၉-၅-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Prof. မြတ်သူ၊ Prof. အေးထွန်း၊ Prof. ခင်ဇော်၊
Prof. အေးမွန်၊ Dr. လွင်တင်အေး၊ Dr. ကိုကို၊
Dr. အောင်ချိုမြင့်၊ Dr. အောင်စန်း၊ Dr. ကျော်စိုး၊
Dr. မြတ်စိုး၊ Dr. ကြည်သန်းဦး၊ Dr. ထင်ကျော်၊ Dr. ဆန်းလွင်

ဝမ်းနည်းကြေကွဲခြင်း

ဦးနေထွန်းညို (သီပေါ)

အသက်(၈၃)နှစ်

ဦးနေထွန်းညို(သီပေါမြို့နယ်တရားသူကြီး၊ ငြိမ်း)သည် ၁၅-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် သီပေါမြို့၊ မြို့လယ်ရပ်၊ သြဘာလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သီပေါအသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြလေး

အသက်(၈၃)နှစ်

MOTHER INDUSTRIAL CO., LTD.မှ စီမံကိန်းအင်ဂျင်နီယာ ဦးအုန်းလွင်-ဒေါ်ရီရီမြင့်တို့၏မိခင် ကြို့ပင်ကောက်မြို့နယ်၊ သပြေရုံရွာနေ ဒေါ်မြလေးသည် ၂၂-၅-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

မန်နေဂျင်းဒါရိုက်တာနှင့်
MOTHER INDUSTRIAL CO., LTD.မှ
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာငွေးလှိုင်စိုး

ပါမောက္ခ ဒေါက်တာငွေးလှိုင်စိုးသည် ၂၁-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့်-မြတ်ဝဏ္ဏစိုး	**တူမ-ခင်ဒါလီထွန်း**
ဆေးရုံအုပ်ကြီး	**Sr. Lecturer**
အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ	**QIUP, Malaysia**

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းမူမြို့၊ (၁၇)ရပ်ကွက်နေ ဦးခင်သောင်း (ပညာရေး၊ ငြိမ်း)၏ဇနီး၊ မော်လမြိုင်မြို့၊ တပ်မတော်ဆေးရုံကြီး ၅/၃၀၀မှ ပါရဂူ ဒေါက်တာကျော်စွာဝင်း(ဆေးကုသမှုဌာနမှူး)-ဒေါ်သပြေနုနုဇော်၊ မရီရီလွင်၊ မဟန်မြမြတို့၏မိခင်ကြီး ဒေါ်မြင့်မြင့်(ပညာရေး၊ ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲကြရပါသည်။

ဒေါက်တာညွန့်ဝေ(ညွှန်ကြားရေးမှူး)
ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန-ဒေါ်ခင်ပြုံးရည်
ဘားအံမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမေအေးသန်း

ဒုတိယညွှန်ကြားရေးမှူး

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

အသက်(၅၉)နှစ်

ဒေါက်တာမေအေးသန်းသည် ၂၀-၅-၂၀၁၄ရက် နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ဆေးဝါးဗေဒအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒုတိယဗိုလ်မှူးကြီးမောင်ကြည် (ငြိမ်း)

အပတ်စဉ်(၄)၊ ကြည်း-၆၀၂၈

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ် ၂၊ တိုက်အမှတ် ၃၀၇၊ အခန်း ၆၊ အရှေ့ရန်ကင်းနေ ဒေါ်ရင်နု၏ခင်ပွန်း၊ ဦးမောင်မောင်ရီ-ဒေါ်တင်ထွေးထွေး(DAWN)(AUS:-)၊ ဦးခင်မောင်ကြည်-ဒေါ်ခင်သုဝေချို၊ ဒေါ်နုနုကြည်-ဦးခင်မောင်ထွန်း၊ ဒေါ်ပြုံး ပြုံးကြည်၊ ဦးခင်မောင်ထွေး (AUS:-)-ဒေါ်စင်သီယာ(ဘုတ်ဘုတ်)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၂-၅-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဟန်တင် (သထုံ)

(သိမ်ကြီးဈေး-D ရုံ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၈၂နေ (ဦးဘန်လိတ်-ဒေါ်ကျင်ထွေး)တို့၏သားကြီး၊ (ဦးဘီဇင်း-ဒေါ်ကျင်တိန်)တို့၏သားသမက်၊ (ဦးကြောင်ဝန်-ဒေါ်လှရီ)တို့၏မောင်၊ (ဦးနေဇီ-ဒေါ်မြကျင်)၊ ဦးဟန်စိန်-(ဒေါ်စိန်ကျင်)၊ (ဦးအောင်တင်-ဒေါ်သန်းကျင်) ဦးရှိန်တင်-(ဒေါ်ငွေလှိုင်)တို့၏အစ်ကို၊ ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း၊ လေ-စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်နှင်းရီ၊ ဦးရဲမြင့်[အမှုဆောင်အင်ဂျင်နီယာ (ခ) စက်မှု၊ငြိမ်း၊ MOGE]-ဒေါ်ကြည်ကြည်လွင်၊ ဒေါက်တာဒေါ်ရီရီမြင့်(MANA)၊ ဦးလှမြင့်(စစ်ဆေးရေးမှူး-၂၊ ကညန၊ ပြည်မြို့)-ဒေါ်နီနီဝင်း၊ ဦးထွန်းဝင်း-ဒေါ်နန်းမြင့်သိန်းအေး(တာချီလိတ်)၊ ဒေါ်ချိုချိုသင်းတို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၄ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တံတား၊စက်ရေတွင်း ဒါယိကာမကြီး

ဒေါ်တင်အုန်း(ခ) Dolly Chan

B.A (၁၉၅၅)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး

အင်းလျားဆောင်ကျောင်းသူဟောင်း

အသက်(၈၅)နှစ်

(ဦးတင်၊ Auto Cars-ဒေါ်ကြင်ယုံ)တို့၏သမီး၊ (ဦးအထွယ်-ဒေါ်လှမေ)တို့၏သမီးချွေးမ၊ (ဦးသိန်း-ဒေါ်ကြည်)တို့၏ညီမ၊ (ဦးမြင့်ဖေ၊ စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး)၏ဇနီး၊ ဦးကျော်ညွန့်ခိုင်(စာရင်းစစ်မှူး၊ မင်းလှစာရင်းရုံး)-ဒေါ်စန္ဒာဝိန်(စာရင်းစစ်)၊ ဦးခင်မောင်ဦး(ခေတ္တ-ဘန်ကောက်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓီလမ်း၊ အမှတ် ၅၈၂နေ ဦးရဲညွန့်-ဒေါ်ယုယုတို့၏မိခင်၊ မသင်းသန့်သန့်သူ (Grade-5 ၊ လှိုင်၊ TTC)၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမေအေးသန်း

ဒုတိယညွှန်ကြားရေးမှူး

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

အသက်(၅၉)နှစ်

ဒေါက်တာမေအေးသန်းသည် ၂၀-၅-၂၀၁၄ရက် နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်
ဆရာ ဆရာမများ၊ ဝန်ထမ်းများ
ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

ဒေါ်မြနု

(မာန်အောင်၊ အိုးဝ)

အသက်(၇၄)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာနေ (ဦးချမ်းအေး-ဒေါ်အောင်ဖြူ)တို့၏သမီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (ဘီ)ဘလောက်၊ ၃လမ်း၊ တိုက် ၂၁၊ အမှတ် ၃၀၁နေ (ဦးသာပု)၏ဇနီး၊ ဦးဆိပ်ကျော်-ဒေါ်မြခင်၊ဦးသန်းထွန်း-ဒေါ်ခင်သန်းရွှေ၊ ဦးထွန်းရွှေ(ခ)သချာရွှေကို-ဒေါ်အေးမြင့်ဦး၊ (ကိုသန်းမြင့်)တို့၏မိခင်၊ ဒေါ်ခင်အေးငြိမ်း၊ ဒေါ်ခိုင်ရည်သာ၊ မောင်ကျော်မင်းသူ၊ မောင်နိုင်နိုင်၊ မခင်ဇာနည်ထွန်း၊ မောင်စွမ်းရည်ထက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၅၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ယုဇနဥယျာဉ်မြို့တော်နေအိမ်နှင့် ၅၂(တ)၊ ကျွန်းတောလမ်း၊စမ်းချောင်းတို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံခွန်တိုင် ဒါယိကာမကြီး

ဒေါ်တင်လှိုင်(ခ) ဒေါ်ကျင်မွေး

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၆၆(က)၊ သူရ ၅လမ်း၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးကျင်-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ မစီစီမော် (ချမ်းမြေ့စံစတိုး)၊ဆင်မင်းလမ်း၊ မဝင်းဝင်းကြည်၊ ကိုအေးကျော်-(မကေခိုင်စိုး)၊ မနီနီမော်၊ မသီဂီမော်(သီဂီစတိုး၊ ဆင်မင်းဈေး၊ အလုံ)၊ ကိုအောင်သန်းထွဋ်-မနွယ်နီဝင်း၊ ကိုထွန်းထွန်းလင်း-မတင်မမမော်၊ ဗိုလ်မှူးရဲထွဋ်ကျော် (သီလဝါ ရေတပ်သင်္ဘောကျင်းဌာနချုပ်)-မဇာဇာဦး(မြင့်မြတ်ပညာ)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ရွှေ (မမ)

(ပိန်းဇလုပ်)

အသက်(၉၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပိန်းဇလုပ်မြို့နေ (ဦးစွန်တိတ်-ဒေါ်ညီမ)တို့၏သမီး၊ (ဦးစံဟုန်း)၏ဇနီး၊ ဒေါ်စီစီ-ဦးကျော်ထင်(ခေတ္တ-USA)တို့၏မိခင်၊ကိုပြည်စိုးထင်-မစိမ်းလဲ့စိုး(USA)၊ ကိုနေဖြိုးထင်(USA)တို့၏အဘွားသည် ၂၁-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၅ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အခန်းအမှတ်(4/B)၊တိုက်အမှတ် ၂၇၁၊ ရွှေဂုံတိုင်လမ်း၊ ဗန်ဒါပင်မှတ်တိုင်ရှေ့ နေအိမ်၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၂-၅-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်သန်း(ခ) ချွာလေကွား

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ ၂၂လမ်း၊အမှတ် ၅၅၊ ပထမထပ်နေ(ဦးအုံကင်ကြူး)၏ဇနီး၊ဦးသိန်းနိုင်(အရင်း)-ဒေါ်ဝေဝေ၊ ဦးသိန်းရွှေ-ဒေါ်အေးအေးသိန်း၊ ဦးစောဘန်ချွန်း-ဒေါ်ဟန်ကြည်၊ ဦးခင်ဇော်(ခ)ကိုအာလူး-ဒေါ်ခင်ခင်စန်း၊ ဒေါ်စန်းစန်း၊ ဦးထွန်းနိုင်(ခ)ကိုအပြုံး-ဒေါ်ခိုင်ခိုင်မြင့်တို့၏မိခင်၊ လင်းယုံရှီး-ဒေါ်ယဉ်ယဉ်မွန်၊ ဦးငြိမ်းချမ်း-ဒေါ်နွဲ့နွဲ့ကြူ၊ ဦးအောင်ရန်လင်း - ဒေါ်ယမင်းဝင်း၊ ဦးကျင်အောင်-ဒေါ်ခင်လေးမွန်၊ လီကျင်းဟုန်-ဒေါ်မြမြကြူတို့၏အဒေါ်၊ မြေး ၂၄ယောက်တို့၏ အဘွားသည် ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရွှေသီ

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၂၂၊ ပထမထပ်နေ [ဦးအောင်မြင့်(ခ) တန်တိတ်ကျွမ်း]၏ဇနီး၊ ဦးကျော်စိုး-(ဒေါ်ခင်ခင်)၊ (ဒေါ်တင်နွဲ့)၊ ဦးဇော်မြင့်-ဒေါ်ရှုကြည်၊ ဦးသန်းဇော်-ဒေါ်သီတာလွင်တို့၏မိခင်၊ မဥမ္မာမြတ်၊ မမို့မို့စံ၊ မောင်ဇော်လင်းမောင်၊ မဖြိုးရတနာမိုး၊ မဖြိုးသီရိဇော်တို့၏အဘွားသည်၂၂-၅-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၄ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဝင်း (ကျိုက်လတ်)

တပ်မတော်-ရေ (ငြိမ်း)

အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နေ (ဦးကြည်ဟန်-ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ကျောင်းလမ်း၊ အမှတ် D-5 နေ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း၊ ကိုဇော်စိုးဦး၊ ကိုနေလင်းဦး-မအိအိဖြိုး၊ မဇွန်လပြည့်ဝင်းတို့၏ဖခင်သည် ၂၁-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကောသလ္လ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်ကြီး၏ဦးစီးပဓာန မဟာနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အခမ်းအနားကို (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်) ၂၄-၅-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် စတင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် ရုပ်ကလာပ်တော်ကို အောင်မင်္ဂလာကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ ညနေ ၄နာရီတွင် အန္တိမအဂ္ဂိရုပ်ပန သာဓုကီဠနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယိကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ရုပ်ပနကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးညွန့်ရှိန်

မြန်မာတိုင်းရင်းသမားတော်ကြီး၊ ပဲခူးမြို့

အသက်(၉၆)နှစ်

ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်ကြီး၏ ရဟန်းခမည်းတော်၊ ပဲခူးမြို့၊ အမှတ် ၈၈၊ ဆည်မြောင်းရပ်ကွက်၊ ၂လမ်းနေ (ဦးဖိုးမှီ-ဒေါ်မညွန့်)တို့၏သား၊ (ဒေါ်မြစိန်-ဦးလှညွန့်)တို့၏ညီ/မောင်၊ (ဒေါ်တင်အေး)၏အစ်ကို၊(ဒေါ်သောင်းရှိန်)၊ဒေါ်စန်းရီ၏ခင်ပွန်း၊(ဗိုလ်မှူးညွန့်သိန်း)-ဒေါ်စန်းဝင်းမေ၊ ဦးကျော်ညွန့်ရှိန်၊ ကိုမင်းဟိန်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ရက် ညနေ ၃း၃၀နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ နတ်လမ်း၊ မဟာရံတံတိုင်း၊ ရွှေပြား၊ လမ်း၊ ရေကန် ဒါယကာကြီး

ဦးမျိုးအောင်

(ဌာနစုမှူး၊ ငြိမ်း၊ စစ်တောင်းစက္ကူစက်)

အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက် ၄၊ အခန်း ၂၀၆နေ ဒေါ်ခင်ခင်ဝေ(နှင်းယု၊ ရတနာရွှေဆိုင်၊ မြဂန္ဓမာဈေး)၏ခင်ပွန်း၊ (ဒေါ်သွယ့်သွယ့်ချော)၊ ဦးနှင်းယု-ဒေါ်နီနီအောင်၊ ဦးရဲသန်းထွန်း-ဒေါ်ဖြူဇာခင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းခင်

ကျုံကျိုက်ကျေးရွာ၊ ဖျာပုံမြို့နယ်

အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျုံကျိုက်ကျေးရွာနေ (ဒေါ်လှကြွယ်)၏ခင်ပွန်း၊ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပြပွဲဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်-ဒေါ်မြမြဝင်းတို့၏ဖခင်၊ လက်ထောက်ဆရာဝန် ဒေါက်တာလဲ့မဥ္ဇူ၏အဘိုးသည် ၂၁-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၁၄ရက်တွင် ကျုံကျိုက်ကျေးရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပခုက္ကူအသင်း(ရန်ကုန်)

အသင်းနာယက

ဦးကျော်ဦး (မြိုင်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ပင်လုံအိမ်ရာ၊ မြနှင်းဆီလမ်း၊ အမှတ် ၃၅နေ (ဦးညွန့်-ဒေါ်အိ)တို့၏သားကြီး၊ (ဦးကျော်လေး-ဒေါ်တင်ဦး)တို့၏အစ်ကို၊ ဒေါ်သန်းသန်းစီ၏ခင်ပွန်း၊ ဒေါ်ဦးဦး၊ ဒေါက်တာစမ်းစမ်းဦး၊ ဦးဇော်နိုင်ဦး-ဒေါ်မိမိခိုင်တို့၏ဖခင်သည် ၂၀-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးကျော်ဦး (မော်လမြိုင်)

မန္တလေး (G.T.I) (1982-EP)

လက်ထောက်ညွှန်ကြားရေးမှူး

(ETV -စက်မှု)

မြန်မာနိုင်ငံပညာရေး

သုတေသနအဖွဲ့ဦးစီးဌာန

အသက်(၅၇)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၃/က၊ ကမ်းနားလမ်းနေ (ဦးစံဒွေး-ဒေါ်ထားခင်)တို့၏သား၊ မန္တလေးမြို့၊ အကွက် (၁၀)၊ ဒေါနဘွား၊ နန်းရှေ့နေ(ဦးကျော်ဝင်း)-ဒေါ်ခင်သန်းတို့၏ သားသမက်၊ အမှတ် ၄၂၆၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ အခန်း ၅နေ ဒေါ်သိန်းသိန်းအေး၏ခင်ပွန်း၊ မမေဇွန်ဦး၊ မောင်ထက်ဝေယံဦး၊ မောင်ရဲမာန်ဦးတို့၏ ဖခင်သည် ၂၁-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည၇း၃၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၄ရက်(သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဝန်ထမ်းအိမ်ရာ နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး (မော်လမြိုင်)

မန္တလေး (G.T.I) (1982-EP)

လက်ထောက်ညွှန်ကြားရေးမှူး

(ETV -စက်မှု)

မြန်မာနိုင်ငံပညာရေး

သုတေသနအဖွဲ့ဦးစီးဌာန

အသက်(၅၇)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၃/က၊ ကမ်းနားလမ်းနေ (ဦးစံဒွေး-ဒေါ်ထားခင်)တို့၏သား၊ မန္တလေးမြို့၊ အကွက် (၁၀)၊ ဒေါနဘွား၊ နန်းရှေ့နေ(ဦးကျော်ဝင်း)-ဒေါ်ခင်သန်းတို့၏ သားသမက်၊ အမှတ် ၄၂၆၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ အခန်း ၅နေ ဒေါ်သိန်းသိန်းအေး၏ ခင်ပွန်း၊ ဦးမင်းသန်း-(ဒေါ်မြင့်မြင့်ကြည်၊ မန္တလေး၊ GTI ကျောင်းအုပ်ကြီး)၊ဦးသစ်လွင်-ဒေါ်အေးမြင့်၊ ဦးမျိုးလွင်(Malteser)-ဒေါ်မိချိုချို(သုတေသနမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)တို့၏မောင်၊ ဦးချစ်စိန် - ဒေါ်ခင်ဝင်းမာ၊ ဦးအောင်မိုးဇော် - ဒေါ်တင်အေးကြူ၊ ဦးကျော်ကျော်ဝင်း - မသန်းသန်းသိမ့်တို့၏အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေးသည် ၂၁-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဝန်ထမ်းအိမ်ရာ နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကောင်းမွန်သည့်ရလဒ်များ၊ အကျိုးရှိသည့်ပြောင်းလဲမှုများ အစည်းအဝေးမှ ရရှိမည်ယုံကြည်

နေပြည်တော် မေ ၂၂

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၊ Banquet Hall ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်၊ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO မှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ် အာဆီယံရည်မှန်းချက်အား ထင်ဟပ်စေသည့် လုပ်ငန်းအစီအစဉ်အရ *စာမျက်နှာ ၇ ကော်လံ ၁* ✳

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၃)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



တာချီလိတ်-မယ်ဆိုင် အမှတ်(၁)ချစ်ကြည်ရေးတံတား ပိတ်ထားသည်ကို တွေ့ရစဉ်။

ထိုင်း-မြန်မာနယ်စပ်ဂိတ်များ ရက်အကန့်အသတ်မရှိပိတ် ပိတ်မိမြန်မာနိုင်ငံသားများ ပြန်လာနိုင်ရန်စီစဉ်ဆောင်ရွက်နေ

တာချီလိတ် မေ ၂၂

နိုင်ငံရေးမတည်မငြိမ်ဖြစ်ပွားနေသော ထိုင်းနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာဦးဆောင်သည့် ထိုင်းတပ်မတော်က ယနေ့ မေ ၂၂ ရက် ထိုင်းစံတော်ချိန် ညနေ၄နာရီခွဲတွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းယူလိုက်ပြီးနောက် ည ၁၀ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်လိုက်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတား၊ အမှတ် (၂) ချစ်ကြည်ရေးတံတားများအပါအဝင် ထိုင်း-မြန်မာနယ်စပ်ဂိတ်များကို ရက်အကန့်အသတ်မရှိ ပိတ်သိမ်းလိုက်ကြောင်းကို တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်။

"လွန်ခဲ့တဲ့ရှစ်နှစ်က ဝန်ကြီးချုပ်သက်ဆင် ပြည်ပရောက်နေစဉ် ထိုင်းတပ်မတော်က *စာမျက်နှာ ၁၀ ကော်လံ ၁* ☆

မုန်တိုင်းငယ် လိမ္မော်ရောင်အဆင့်သတ်မှတ်

ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ဂွမြို့၏ အနောက်ဘက် ၁၅၀ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ၁၆၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏တောင်ဘက် မိုင် ၂၉၀ ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသော်လည်း ရခိုင်ကမ်းရိုးတန်းနှင့် အလွန်နီးကပ်နေပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ပါသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို *စာမျက်နှာ ၁၀ ကော်လံ ၃* ✳

မုန်တိုင်းသတိပေးကြေညာချက်အား မြန်မာ့အသံရေဒီယို၊ မန္တလေး FM၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံတို့မှ ၁၅ မိနစ်လျှင် တစ်ကြိမ်၊ မြန်မာ့ရုပ်မြင်သံကြား (MRTV) မှ မိနစ် ၃၀ လျှင်တစ်ကြိမ် မပြတ်ထုတ်လွှင့်ပေးနေပါသည်။

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ မေ ၂၃ ရက်။ သောကြာနေ့

Advertisement

ဝင်ကုန်ထုတ်ကုန် ... P S A တွင် Container- ...

လုပ်ကိုင်လိုသူများအတွက် "အမြန်ဆုံးဝင်ငွေရနိုင်ပြီ"

Phone - 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33

Tah Iee Gold Tah Iee Gold Tah Iee Gold Tah Iee Gold Tah Iee Gold Tah Iee Gold

ကျွန်ုပ်တို့ဆိုင်မှ ဝယ်ယူသော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏ ၉၀% လဲလျှင်ကာလတန်ဖိုး၏ ၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

White Gold ...

စိန်ရွှေရတနာဆိုင်

စိန်ထည် ရွှေထည်များကို ပန်းထိမ်ကြေးဖြင့် ... ပေးပါသည်။

အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

အိမ်အမြန်ရောင်းမည် ၊ ပွဲစားလိုသည် အကျိုးဆောင်ခ ၂%။

(၁၁၀ပေ×၁၀၀ပေ) ၊ နှစ်(၆၀) ၊ ဂရမ်မြေ (၅၀ပေ×၈၀ပေ) ၊ RCနှစ်ထပ်တိုက် MBR(၅)ခန်း ... ၊ ... ၊ MBR(၂)ခန်း ... ၊ 35KVA မီးစက် ... သည်။(ကျပ် ၂၀,၀၀၀သိန်း)

၀၁-၄၀၁၅၁၈ ၊ ၀၉-၇၃၁၅၇၁၀၄ ၊ ၀၉-၅၁၁၃၈၆၃ ၊ ၀၉-၂၅၄၀၄၆၄၉၈ ၊ ၀၉-၇၃၂၀၄၉၃

လက်ထောက်ဒေသခံ အခြေခံ ... စီမံချက် ...

4000 Ks

နဝမအကြိမ်မြောက် ကုန်သွယ်/လယ်ယာမိသားစုများ
ဆရာကန်တော့ပွဲကျင်းပမည်

ကုန်သွယ်/လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်း ရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီးဆရာများအား နဝမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၄ခုနှစ် မေ ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ သီးခြားဖိတ်စာဖြင့် ပေးပို့ဖိတ်ကြားနိုင်ခြင်းမရှိ၍ ဖိတ်စာမရရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများအားလုံးကိုလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ

မြနှင်းဆီ (Mra Hninsi)

အမြဲ ... ရှိနေပါသည်။

မိုးဧသာ ... (1) Junction ... Ph:571545, 09-5126882
(2) ... Ph:200917,09-43122884
(3) ... Ph:566592,09-421008133

သွာနုတ္တသမီးအဖြစ် အမွေပြတ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ပြည်ထောင်စုလမ်းတွင် နေထိုင်သူ ဦးခင်မောင်ဦး ၅/မရန(နိုင်)၀၃၆၄၈၅နှင့် ဒေါ်ဥမ္မာဆွေ ၅/မရန(နိုင်) ၀၅၃၅၇၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ပြည်ထောင်စုလမ်းတွင် နေထိုင်သူ ဦးခင်မောင်ဦး-ဒေါ်ဥမ္မာဆွေတို့၏သမီး မခင်ထက်ထက်ဆွေ(ခ)မနှင်းနှင်း အသက်(၁၉)နှစ် ၅/မရန(နိုင်)၂၇၂၉၇၇သည် ၂-၅-၂၀၁၄ရက်တွင် မိဘများ သဘောမတူသောသူနှင့်အတူ မိဘများစကားနားမထောင်ဘဲ နေအိမ်မှထွက်ခွာသွားခြင်း၊ ၈-၅-၂၀၁၄ရက်တွင် မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လူကြီးများရှေ့မှောက်၌ မိဘများဖြောင်းဖျပြောဆိုဆုံးမခြင်းကို နားမထောင်ဘဲ ယခင်ကလည်း ၂၈-၃-၂၀၁၄ ရက်တွင် တစ်ကြိမ်နေအိမ်မှ ထွက်သွားပြီး ၄-၄-၂၀၁၄ရက်တွင် ပြန်လည်ခေါ်ယူခွင့်လွှတ်ထားသော်လည်း မိဘများကို စိတ်နှလုံးဆင်းရဲအောင်နှင့် ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြောဆိုပြုမူခဲ့သည့်အတွက် ၎င်းအားနေအိမ်မှ ထွက်ခွာသွားသည့်ရက်မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းအား သွာနုတ္တသမီးအဖြစ် အမွေပြတ်ကြေညာကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် မိဘများနှင့်မည်သို့မျှ သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၆၈/၈၄)
ဆိုင်းတန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့
ဖုန်း-၀၉-၃၃၃၃၀၄၉၉

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ပြင်ဦးလွင်မြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃နှင့် ဆက်သွယ်သည့်
၂၀၁၄ ခုနှစ် တရားမ ဇာရီမှုအမှတ် ၁၆

ဦးတင်ရှိန်	နှင့်	၁။ ဦးထွန်းဝင်းအောင်
		၂။ ဒေါ်ကြည်ဝင်း
ဒီကရီအနိုင်ရသူ		တရားရှုံးများ

ပြင်ဦးလွင်မြို့၊ အမှတ် ၅၉၊ ၁၂ ညံ့ကွဲနေ (၁) ဦးထွန်းဝင်းအောင်၊ (၂)ဒေါ်ကြည်ဝင်း (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်ရှိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၄ ခုနှစ် မေ ၃၀ ရက် (၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီ အရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးအေးမြင့်)
တွဲဖက်မြို့နယ် တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

ကြော်ငြာကဏ္ဍ

Letter of Expression of Interest(LOEI)
တင်သွင်းရက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရှိ ကမ်းရိုးတန်းနှင့် မြစ်တွင်းသွားရေယာဉ်/ဆီတွဲများကို စက်သုံးဆီသယ်ယူပို့ဆောင်သည့်လုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ၁-၄-၂၀၁၄ရက်မှ ၇-၄-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ပြီး LOEI အဆိုပြုလွှာများအား ၁၅-၅-၂၀၁၄ရက် နောက်ဆုံးထား တင်သွင်းနိုင်သည်ဟု ဖော်ပြခဲ့ပါသည်။

၂။ LOEI အဆိုပြုလွှာပိတ်ရက်အား ၁၅-၅-၂၀၁၄ရက်အစား ၂၆-၅-၂၀၁၄ရက် (၁၆း၃၀) နာရီအထိ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပါသည်။

၃။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအားစိစစ်ပြီး အရည်အချင်းပြည့်မီသည့် အဆိုပြုလွှာများကိုသာ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်း၊ တံတား၊ ရေပေးရေး၊ နေရောင်ခြည်စွမ်းအင်၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၀-၅-၂၀၁၄ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁၈-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဤရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၄၀၀၃၀၁၁၉၆

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ အောက်ဖော်ပြပါမြို့နယ်များရှိ ငါးလုပ်ငန်းစခန်းများတွင် ငါးမွေးကန်တူးဖော်ခြင်း လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ရမ်ထလို (ဖလမ်း)ငါးလုပ်ငန်းစခန်း

(ခ) ခိုင်ကမ်း (တီးတိန်)ငါးသားပေါက်စခန်း

(ဂ) မင်းတပ်ငါးသားပေါက်စခန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၁၄ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၂၀-၆-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၉-၈၆၀၀၀၇၁၊ ၀၉-၅၀၂၇၄၆၂၊ ၀၉-၄၂၅၃၄၅၆၈၈တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Geological Equipments	၄ မျိုး
(ခ) သေလဗေဒနှင့် ဓာတုဗေဒဓာတ်ခွဲခန်းသုံးပစ္စည်း	၃ မျိုး
(ဂ) လွန်တူးလုပ်ငန်းသုံးပစ္စည်း	၂၁ မျိုး
(ဃ) သေလဗေဒဓာတ်ခွဲခန်းသုံးပစ္စည်း	၅ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၁၉-၅-၂၀၁၄ရက်မှ ၁၈-၆-၂၀၁၄ရက် ၁၂း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၀၇၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့မီးရထားပိုင် မန္တလေးမြို့၊ ၇၈ လမ်း၊ အနောက်ဘက်ခြမ်း(၃၁×၃၂)လမ်းကြားရှိ Fantasy World ဟုခေါ်တွင်သော အကျယ်အဝန်း ၂၀၈၅၃ စတုရန်းပေ၊ ၁၉၃၈ စတုရန်းမီတာရှိ မြန်မာ့မီးရထားပိုင်မြေနှင့် အဆောက်အအုံတစ်လုံးကို ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသို့ သုံးနှစ်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃)ရုံး မန္တလေးဘူတာကြီး၌ တစ်စောင်လျှင် ၁၀၀၀၀ဝိ/နှုန်းဖြင့် ၁-၆-၂၀၁၄ ရက်မှစ၍ ၂၀-၆-၂၀၁၄ရက် ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်းရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။

၃။ အဆိုပါငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာနှင့် တင်ဒါယှဉ်ပြိုင်ကြေးများကို မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံးသို့ ၂၅-၆-၂၀၁၄ရက် ၁၂း၀၀နာရီ နောက်ဆုံးထားပေးပို့ရန်နှင့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၅-၆-၂၀၁၄ ရက် ၁၃း၃၀ နာရီတွင် မန္တလေးဘူတာကြီး အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊ ၀၂-၃၅၈၂၉၊ ၀၆၇-၇၇၀၄၈ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကြော်ငြာကဏ္ဍ

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်း

(ခ) ကျောက်စိမ်းရုပ်တုအလုပ်ရုံသုံးပစ္စည်း

(ဂ) ကျောက်မျက်(ပန်းထိမ်)အလုပ်ရုံသုံးပစ္စည်း

(ဃ) သန့်ရှင်းရေးသုံးပစ္စည်း

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၉-၅-၂၀၁၄ ရက်

၃ **တင်ဒါပိတ်မည့်ရက်** - ၁၈-၆-၂၀၁၄ ရက် ၁၂း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၈၁၈ တွင် လာရောက်စုံစမ်းနိုင်ပါသည်

သတ္တုတွင်းဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းကိုးခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) ရုံးသုံးစက်ပစ္စည်းကိရိယာများ၊

(ခ) ရုံးသုံးပရိဘောဂများ၊

(ဂ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊

(ဃ) Toner, Cartridge & Computer Accessories

(င) Air Con (9) Nos

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းကိုးခုတွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀

အိမ်နှင့်ခြံရောင်းမည်

ပါရမီလမ်းအနီး၊ ငွေကြာရံရိပ်သာဝင်းအတွင်းရှိ ပေ(၈၁×၇၅) မြေကွက်နှင့် တစ်ထပ်တိုက်၊ ရေ/မီးအလွန်ကောင်း၊ 1MBR,2BR၊ နှစ်စီးဆံ့ဂိုဒေါင်၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းကင်း။ **(ပွဲစားမလိုပါ။)**

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၀၉၃၄၈၅
၀၉-၃၀၁၆၇၁၆၂

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲလမ်း၊ မြေကွက်အမှတ်၁၃၀၊ အမှတ် ၄၈၊ အကျယ်ပေ(၃၀×၅၀)ရှိ ဒေါ်ထွေးအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်အား ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်သန်းသန်းအေး၁၂/တမန(နိုင်)၀၄၇၁၃၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့်စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင်(LL.B,D.B.L)(စဉ်-၇၆၅၂)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ဒေါ်စုစုထွေး ၁၃/တကန(နိုင်)၁၄၃၆၆ဂနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးဟန်ဌေးဝင်း ၁၃/တကန(နိုင်)၁၅၁၈၈၀နှင့် ဒေါ်စုစုထွေး ၁၃/တကန(နိုင်)၁၄၃၆၆၈တို့သည် ၃-၁-၂၀၁၄ရက်တွင် တောင်ကြီးမြို့နယ်တရားရုံးတော်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါရက်မှစ၍ ၎င်းနှင့် ကျွန်တော်မှာ လုံးဝသက်ဆိုင်မှုမရှိတော့ကြောင်း၊ ကျွန်ုပ်၏ လူမှုရေး၊ စီးပွားရေး ကိစ္စရပ်များကို ၎င်းမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိတော့ကြောင်းနှင့် ဒေါ်စုစုထွေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဟန်ဌေးဝင်း ၁၃/တကန(နိုင်)၁၅၀၈၈၀
အမှတ် ၈၊ အောင်မြေလမ်း၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့

ကြော်ငြာကဏ္ဍ

အမည်ပြောင်း

ဦးသက်နောင်မျိုး၏သား ရွှေပြည်သာမြို့နယ်၊ ကောင်းစုအောင် ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-7(B)မှ မောင်စည်သူသက်နောင်အား မောင်မြတ်ဘုန်းညဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မြတ်ဘုန်းညဏ်

အမည်ပြောင်း

ဦးအောင်အောင် ၁၂/လကန(နိုင်)၀၀၂၀၃၉၏သမီး သဃ်န်းကျွန်းမြို့နယ် အထက(၁) ပဥ္စမတန်း(A)မှ မသီရိရွှန်းလဲ့အား မသက်သက်ဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသက်သက်ဝေ





ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၂၃၅၊ မြေကွက်တည်နေရာအမှတ် ၂၇၈၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးနီ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးနီ(ဖခင်)နှင့် (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်အေးအေးမြင့် ၁၂/ဒပန(နိုင်)၀၁၄၈၉၇၊ ဦးမျိုးတင့် ၁၀/ဘလန (နိုင်)၀၃၉၇၅၄၊ ဒေါ်စန်းစန်းဌေး ၁၂/သကတ(နိုင်)၀၈၅၂၉၉၊ ဒေါ်သန်းသန်းဌေး ၁၂/သကတ(နိုင်)၀၆၂၀၄၂၊ ဒေါ်အေးအေးမော် ၁၂/ဒပန(နိုင်)၀၁၄၇၂၁၊ ဒေါ်သန်းသန်းနု၁၂/ဒပန(နိုင်)၀၁၄၇၂၈တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ဦးဝင်းမောင်(ဘ)ဦးကျော် အထက်တန်းရှေ့နေ(၂၄၆၅/၂၀၀၆)လိုင်စင်(မူရင်း)အပါအဝင် အင်းစိန်မြို့နယ် တရားရုံးနှင့် ရွှေပြည်သာမြို့နယ်တရားရုံး ထောက်ခံချက် (မူရင်း)များ ၂၀-၅-၂၀၁၄ရက်တွင် ရွှေပြည်သာမြို့နယ် တရားရုံးအနီး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၃၈၈၀၉၊ ၀၁-၆၈၇၅၆၃

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ ညောင်ငူ ကျောင်းစု (အမက)တတိယတန်းတွင် ပညာသင်ကြားနေသော မောင်ဇွဲပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ကျော် ၁၂/အစန(နိုင်)၂၂၉၈၄၅ ဖြစ်ပါသည်။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၅-၂၀၁၆ရက်တွင် နေပြည်တော်၌ ပြုလုပ်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့် ရှမ်းပြည်နယ်မှ လားရှိုးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်သည် နိုင်ငံတော်နှင့်ပြည်သူတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ထိရောက်စွာ အကျိုးပြုဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်လျက်ရှိပါသဖြင့် လားရှိုးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်အား **“အကျိုးအမြတ်ရယူသောထူးချွန်စီးပွားရေးအသင်းအဖွဲ့အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်”**ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသင်းကြီး၏ သက်တမ်း(၆၄)နှစ်ပြည့်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုး၊ နိုင်ငံ့ဝန်ထမ်းများအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် အသင်းကြီး ဆတက်ထမ်းပိုးတိုး၍ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အသင်းသား/အသင်းသူဝန်ထမ်းများ
လားရှိုး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၁၇၊ ပထမထပ်၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဝင်းဖေ(ငွေစာရင်းကိုင်ချုပ်-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ဆွေရီ(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း)တို့၏ သား

မောင်ထင်အောင်ဝင်း B.Sc(Maths)
Assistant Demonstrator,Hotel and Tourism Training Center
Kandawgyi Palace Hotel

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ စပါယ်ရုံလမ်း၊ အမှတ် ၆၅၈နေ ဒေါက်တာမျိုးခင်(ခေတ္တညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါက်တာခင်မေဦး(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏ သမီး

မခိုင်စန္ဒာမျိုးခင်(ဂျူးဂျူး)
B.A(Japanese),Diploma in Integrated Web Technology (Japan Electronics College,Tokyo)
Business Executive,Techno-Rays Engineering Company Limited

တို့သည် ၁၈-၅-၂၀၁၆ရက်တွင် Summit Park View Hotel၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထင်အောင်ဝင်း-မခိုင်စန္ဒာမျိုးခင်

အလိုရှိသည်

မြန်မာ FAW တွင်တာဝန်ထမ်းဆောင်ရန် တရုတ်စကားပြန်တစ်ဦး အလိုရှိသည်။
ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်

ဖုန်း-၀၁-၂၄၆၆၂၆၊
၀၉-၇၃၁၉၀၇၈၇

အမည်ပြောင်း

ဦးကျော်စိုးသက်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ (အထက) သတ္တမတန်း(A)မှ မောင်အံ့မင်းမြတ်အား မောင်ဘုန်းသစ်ကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းသစ်ကိုကို

အမည်ပြောင်း

ဦးအောင်ဆွေ၏သား တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်မည့် မောင်ထက်နိုင်းနိုင်းအား မောင်ထက်ပိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထက်ပိုင်ဦး

အမည်ပြောင်း

ဦးလှထွန်းဦး၏သား အမက(၈) သင်္ဃန်းကျွန်း၊ သူငယ်တန်းအောင်မှ မောင်ကောင်းဆက်လင်းအား မောင်ဇေခန့်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇေခန့်အောင်

အမည်ပြောင်း

ဦးဖြိုးအောင်၏သား ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့ အမကဘုရားကြီးကုန်း၊ စတုတ္ထတန်းအောင်မှ မောင်ဇေယျာထူးအား သန့်ဘုန်းသီဟဟု ပြောင်းလဲခေါ်ဆိုပါရန်။ **သန့်ဘုန်းသီဟ**

ကြော်ငြာကဏ္ဍ

မင်္ဂလာဆုတောင်း

ဗိုလ်ကြီးသန့်ဇင်စိုး(ပြင်ဦးလွင်)-မမိုးနန္ဒာတို့၏ ၁၅-၅-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကျင်းပသော မင်္ဂလာဦးရက်မြတ်မှသည် နှစ်ပေါင်း ၁၂၀ တိုင် ရွှေလက်တွဲခိုင်မြဲပါစေ။

ဗိုလ်ကြီး ပိုင်ဇင်ဦး-ခင်သူဇာဝင်းနှင့်
သူငယ်ချင်းများ

ကြော်ငြာကဏ္ဍ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ၂၇/၇ (ရွှေပင်လုံအိမ်ရာ)၊ မြေကွက် ၂၀၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဗိုလ်မှူးကြီးတင်ငွေဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် ၂၀၅၆/၂၀၁၄ တင်ပြ၍ ဦးကျော်ဝင်း ၁၂/စခန(နိုင်)၀၅၃၀၈၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာကဏ္ဍ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၁/ယမုံနာ-၂၊ မြေကွက်အမှတ် (ခ/၅၉)၊ မြေကွက်တည်နေရာအမှတ် ခ/၅၉၊ စာတိုက်လမ်း၊ ယမုံနာ ၂ ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးမောင်မြ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မြ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်အေး ၁၂/ဒပန(နိုင်)၀၁၇၃၁၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် ၄၅ အိမ်နှင့်ခြံမြေ ခေါင်းရင်းပိုင်းတစ်ခြမ်း၊ အလျားပေ ၆၀×အနံ ၉ပေအား မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်းသွယ်၊ အမှတ်(၅၂)နေ ဒေါ်အေးအေးယု ၁၂/မရက(နိုင်)၀၀၁၇၁၄က အစ်မအရင်းတော်သူ ဒေါ်သင်းသင်းမြင့် ၁၂/မရက(နိုင်) ၀၂၂၂၈၈ အမည်ဖြင့် ဒေါ်လှိုင်မေ ၁၂/မရက(နိုင်)၁၁၇၀၂၆ထံမှ ဝယ်ယူပိုင်ဆိုင်ထားသော အိမ်နှင့်မြေဖြစ်ပါသည်။

အဆိုပါအိမ်နှင့်မြေအား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးအေးယု၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အိမ်ငှားတင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ဒေါ်အေးအေးယု ၁၂/မရက(နိုင်)၀၀၁၇၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်ထက်လှိုင်(စဥ်-၉၇၄၇)	**ဒေါ်တင်လေးနွယ်(ပြည့်ပြည့်)**
LL.B,D.B.L	LL.B,Dip in English
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ(စဥ်-၃၀၉၁၂)**

အမှတ် ၁၂၊ မြရတနာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁-ဓ/၁-က၊ ဧရိယာ ၀ဒသမ ၁၀၅၅ဧက အကျယ်ရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)
စဥ်-၆၇၀၂
အမှတ် ၅၆၁၊ (M.A.C Tower)အခန်း-၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်ရန် ရှိ၊ မရှိ ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ Lanmadaw Condo Centre အဆောက်အအုံ (B)၊ အခန်းအမှတ် ၀၇-၀၃ ကွန်ဒိုတိုက်ခန်းနှင့်တကွ ဆက်စပ်ပါဝင်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ကြည်ကြည်မြင့် ၁၂/ သကတ(နိုင်)၀၇၆၄၉၁ ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေအချို့အဝက် ပေးချေထားပြီးဖြစ်ကြောင်း၊ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ-

ဒေါ်သဲယုဆွေ LL.B,D.B.L	**ဦးဝင်းဌေး** LL.B,D.B.L,D.M.L
ဒေါ်မရန်ဂျာဆိုင်း LL.B,D.B.L,D.I.L	**တရားလွှတ်တော်ရှေ့နေ**

အထက်တန်းရှေ့နေများ
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၈၃ နေ ဒေါ်ချယ်ရီမြင့် ၁၂/ဆကခ(နိုင်)၀၀၉၈၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ချယ်ရီမြင့်သည် ဦးစောအောင်နိုင်လွင် ၁၂/ဆကခ(နိုင်)၀၀၉၆၇၅ နှင့် ၁၃-၂-၁၉၉၂ ကပင် တရားဝင်အိမ်ထောင်ပြုခဲ့ရာ (သား)ဖြိုးသူရကျော်၊ (သား)သော်ဇင်ကျော်တို့ ထွန်းကားခဲ့ပါသည်။

ဒေါ်ချယ်ရီမြင့်နှင့် ဦးစောအောင်နိုင်လွင်တို့သည် တရားဝင်အကြင်လင်မယားအဖြစ်ရပ်တည်နေပြီး လုံးဝကွာရှင်းပြတ်စဲခြင်းမရှိပါကြောင်း၊ ဒေါ်ချယ်ရီမြင့်သည်သာ ဦးစောအောင်နိုင်လွင်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဒေါ်ချယ်ရီမြင့်	**ဒေါ်ကေခိုင်ထွေး**	**ဒေါ်သန္တာဝင်း**
၁၂/ဆကခ(နိုင်)၀၀၉၈၅၅	**စဥ်-၄၀၇၄၆**	**စဥ်-၄၁၃၄၇**

အထက်တန်းရှေ့နေများ
အမှတ်-၅၈၊ တတိယထပ်၊ အခန်း ၃၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၄၂၆၈၄၊ ၀၉-၄၂၀၂၃၀၅၂၅

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ ရပ်ကွက် အောင်ရိပ်သာ ၂ လမ်း၊ မြေကွက်အမှတ် ၄၂၉၊ အမှတ် ၆၊ မြေကွက်၏ မခွဲမစိတ်ရသေးသော (ခြေရင်းဘက်)၊ ပေ(၂၀×၆၀)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောကျင် ၁၂/စခန(နိုင်)၀၀၈၉၈၈ အမည်ပေါက် ပိုင်ဆိုင်သူ ဦးငွေသိန်း(ကွယ်လွန်)၏ ဇနီးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးဝင်း ၁၂/ဒဂမ(နိုင်)၀၀၆၆၆၁ က အရောင်းအဝယ်ပြုလုပ်ရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သက်ထွန်း(ခ)ကိုနီ(LL.B)
အထက်တန်းရှေ့နေ (စဥ်-၂၂၆၅၁)
အမှတ် ၇၀၊ ဇေယျာဒီပလမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၁၀၆၈၇၊ ၀၁-၅၈၃၀၂၈

သင့်သွေးဖြင့် အသက်ကယ်ပါ

[illegible]

[illegible]

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ မေ ၂၃ရက်၊ သောကြာနေ့။

ပြည်တွင်းသတင်း

မော်လမြိုင်ဘူတာကြီးတွင် ပြည်သူများလက်ကိုင်ဖုန်းဖြင့် စာပေများဖတ်ရှုနိုင်

စာ - ၃

ပြည်တွင်းသတင်း

ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

စာ - ၆



ကမ္ဘာ့ဘောလုံးလောကကို လှုပ်ခတ်စေခဲ့တဲ့အက်သလက်တီကို

စာ - ၇

အီတလီမြေမှာနစ်မြုပ်နေတဲ့ စပိန်ကြယ်ပွင့် (သို့) ဘိုဂျာဗာ့လီရဲ့

စာ - ၇

မြန်မာ့အလင်း
၂၃-၅-၂၀၁၄ (သောကြာနေ့)

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းပေါင်း ၃၂ သင်းကို ပရိသတ်ကြိုတင်လေ့လာနိုင်ရန်အတွက် သုံးသပ်ဖော်ပြရန်ရည်ရွယ်ခဲ့ပြီး အဆိုပါရည်ရွယ်မှုအရ အုပ်စု (A) မှ အသင်းများအကြောင်းနှင့် အုပ်စု (B) မှ စပိန်၊ ဟော်လန်တို့အကြောင်းကို တင်ပြခဲ့ပြီးဖြစ်ရာ ယခုတစ်ပတ်တွင် အုပ်စု(B)မှ ချီလီနှင့် ဩစတြေးလျတို့အကြောင်းကို တင်ပြပေးလိုက်ပါသည်။

ကမ္ဘာ့ဖလားမိတ်ဆက်(၇)

အုပ်စုကိုကျော်ဖြတ်ရေးခက်ခဲနေမည့် ချီလီနှင့် ဩစတြေးလျ

ရန်းကန်သွားရနိုင်သည့်ချီလီ

ချီလီသည် နိုင်ငံတကာပြိုင်ပွဲများ တွင် အောင်မြင်မှုမရခဲ့သော်လည်း ဇာမိုရာ၊ မာဆယ်လို၊ ဆားလပ်စ်စသည့် ကစားသမားများနှင့် ကမ္ဘာ့ဘောလုံး လောကတွင် အစဉ်အလာတစ်ရပ်ကို ထုဆစ်နိုင်ခဲ့သော အသင်းတစ်သင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို စုစုပေါင်း ရှစ်ကြိမ် ပါဝင်ခဲ့ဖူးရာ ၁၉၆၂ ခုနှစ်တွင် တတိယရသည်အထိ အောင်မြင်မှုကို လည်း ရရှိခဲ့ဖူးသည်။ ထို့အပြင် ချီလီသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ထူးခြားသည့် မှတ်တမ်းများကိုလည်း ပိုင်ဆိုင်ထားခဲ့ ဖူးပြီး ချီလီတိုက်စစ်မှူးဟောင်း ဆူဘိုင်ဘရီသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပယ်နယ်တီလွဲချော်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်လျက် ရှိပြီး ချီလီကစားသမားတစ်ဦးဖြစ်သည့် ကေဇီလေးသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ဝါတစ်နီဖြင့် ပထမဆုံးထုတ်ပယ်ခံရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင် လျက်ရှိသည်။

ယခုနှစ်တွင် ချီလီသည် ခြေစစ်ပွဲ အောင်မြင်ခဲ့ရာ၌ တောင်အမေရိကဇုန် ခြေစစ်ပွဲတွင် တတိယရသည်အထိ ခြေစွမ်းပြနိုင်ခဲ့သည်။ ဒေသတွင်းပြိုင်ဘက် ကောင်းများဖြစ်သည့် အာဂျင်တီးနား၊ ကိုလံဘီယာတို့ပင် ချီလီကို ခက်ခဲစွာ ရင်ဆိုင်ခဲ့ရပြီး ချီလီသည် ခြေစစ်ပွဲအတွင်း ၂၉ ဂိုးအထိသွင်းယူနိုင်ခဲ့သည်။

အထူးသဖြင့် ဘာစီလိုနာတိုက်စစ်မှူး ဆန်းချက်ဇ်၊ ဗလင်စီယာတိုက်စစ်မှူး ဗားဂက်စ်၊ ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ဗီဒဲလ်တို့မှာ အရည်အသွေးပြည့်မီသော ကစားသမားများဖြစ်သည့်အလျောက် ချီလီကိုအကောင်းဆုံးဆွဲမြှင့်ပေးလျက်ရှိသည်။

သို့သော် လက်ရှိချီလီကို ကိုင်တွယ်နေသော နည်းပြဆမ်ပါအိုလီသည် အတွေ့အကြုံပိုင်းနုနယ်သူဖြစ်ပြီး ၅၄ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း အသင်းကြီးများကို တာဝန်ယူဖူးသူမဟုတ်ပေ။ ထို့ကြောင့် ချီလီအနေဖြင့် ဆမ်ပါအိုလီ၏ လက်အောက်တွင် နည်းဗျူဟာပိုင်းအရ အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်သကဲ့သို့ ခြေစစ်ပွဲတွင် ၂၅ ဂိုး အထိ ပေးခဲ့ရသော ခံစစ်ကြောင်းမှာလည်း လိုအပ်ချက်များ ရှိလျက်ရှိသည်။

ထို့ကြောင့် ချီလီအနေဖြင့် ဆန်းချက်ဇ်၊ ဗီဒဲလ်၊ ဗားဂက်စ်စသည့် ကစားသမားများရှိနေသောကြောင့် လျှော့တွက်၍မရဟုဆိုသော်လည်း ကိုယ်ပိုင်အားနည်းချက်အချို့ ရှိနေသည့်အပြင် အုပ်စုတွင်း၌ ဟော်လန်၊ စပိန်တို့ ကဲ့သို့သော အသင်းများနှင့် ကြုံတွေ့နေရသောကြောင့် ချီလီကို အုပ်စု(B)၏ ဖြတ်မြင်းအသင်းအဖြစ်သာ သတ်မှတ်၍ ရမည်ဖြစ်သည်။

ဆန်းချက်ဇ်

ချီလီနည်းပြ ဆမ်ပါအိုလီ

အဖြည့်ခံဩစတြေးလျ

ထိုနည်းတူ အုပ်စု (B) ၏ နောက်ထပ်ပြိုင်ပွဲဝင်အသင်းဖြစ်သော ဩစတြေးလျသည်လည်း အုပ်စုတွင်း၌ ချီလီထက်ပင် စွမ်းဆောင်ရည်နိမ့်ကျနိုင်မှု သဘောရှိသည်။

ဩစတြေးလျသည် ကမ္ဘာ့ဖလားပွဲနှင့် ယဉ်ပါးမှုသိပ်မရှိခဲ့ဘဲ ၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲမှသာ ပထမဆုံးအကြိမ် ခြေစစ်ပွဲ အောင်မြင်ခဲ့ဖူးခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲ၌ ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ၂၀၁၀ ပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။ အရင်က ရှဝါဇာ၊ ကာဟေးလ်၊ ကီးဝဲလ်တို့၏ ခြေစွမ်းများဖြင့် ကမ္ဘာ့ဘောလုံးလောကတွင် နေရာရခဲ့သည်ဆိုသော်လည်း ယနေ့အချိန်တွင် ရှဝါဇာ သည် လက်ရွေးစင် အသင်းမှ အနားယူသွားခဲ့ပြီး ကာဟေးလ်၊ ကိုးလ်မန်း၊ လူကပ်နေးလ်စသည့် ကစားသမားများမှာလည်း ခြေစွမ်းပိုင်းများ ကျဆင်းလျက်ရှိပေရာ ဩစတြေးလျ၏ အရည်အသွေးသည် အကျဘက်သို့ ရောက်လျက်ရှိသည်။

အထူးသဖြင့် ဩစတြေးလျလက်ရှိ နည်းပြပိုစတီကိုဂလူးသည် ဩစတြေးလျလက်ရွေးစင်အဖြစ်ပင် လေးပွဲသာ ပါဝင်ကစားဖူးသူဖြစ်သည့်အပြင် နည်းပြ အတွေ့အကြုံနုနယ်ကာ သူ့နည်းပြ သက်တမ်းအတွင်း ဩစတြေးလျ သည် ပထမဆုံးကိုင်တွယ်သည့် အသင်းဖြစ်နေသည်။ ထို့ကြောင့် ဦးဆောင်မှုအခန်းကဏ္ဍတွင် အားနည်းလျက်ရှိသော ဩစတြေးလျအနေဖြင့် မျိုးဆက်ပြတ်လပ်နေသည့်လက်ရှိအချိန်တွင် ၂၀၀၆ ခုနှစ်က အောင်မြင်မှုမျိုးပြန်လည်ရှာဖွေရန်မှာ ခက်ခဲလွန်းသောအခြေအနေတွင် ရှိနေသည်ဟုသာ ဆိုချင်မိပေသည်။

ချီလီ၏ ကမ္ဘာ့ဖလားမှတ်တမ်း

၁၉၃၀	- ပထမအဆင့်
၁၉၃၄-၃၈	- နုတ်ထွက်
၁၉၅၀	- အုပ်စုအဆင့်
၁၉၅၄-၅၈	- ခြေစစ်ပွဲမအောင်
၁၉၆၂	- တတိယ
၁၉၆၆	- အုပ်စုအဆင့်
၁၉၇၀	- ခြေစစ်ပွဲမအောင်
၁၉၇၄	- အုပ်စုအဆင့်
၁၉၇၈	- ခြေစစ်ပွဲမအောင်
၁၉၈၂	- အုပ်စုအဆင့်
၁၉၈၆	- ခြေစစ်ပွဲမအောင်
၁၉၉၀-၉၄	- ပြိုင်ပွဲဝင်ခွင့်မရ
၁၉၉၈	- ၁၆ သင်းအဆင့်
၂၀၀၂-၀၆	- ခြေစစ်ပွဲမအောင်
၂၀၁၀	- ၁၆ သင်းအဆင့်

ဩစတြေးလျ၏ ကမ္ဘာ့ဖလားမှတ်တမ်း

၁၉၃၀-၆၂	- ပါဝင်မှုမရှိ
၁၉၆၆-၇၀	- ခြေစစ်ပွဲမအောင်
၁၉၇၄	- အုပ်စုအဆင့်
၁၉၇၈-၀၂	- ခြေစစ်ပွဲမအောင်
၂၀၀၆	- ၁၆ သင်းအဆင့်
၂၀၁၀	- အုပ်စုအဆင့်

ဩစတြေးလျနည်းပြ ပိုစတီကိုဂလူး

ကီးဝဲလ်

ချီလီသည် ခြေစစ်ပွဲအောင်မြင်ခဲ့ရာ၌ တောင်အမေရိကဇုန်ခြေစစ်ပွဲတွင် တတိယရသည်အထိ ခြေစွမ်းပြနိုင်ခဲ့။

ဩစတြေးလျအနေဖြင့် မျိုးဆက်ပြတ်လပ်နေသည့် လက်ရှိအချိန်တွင် ၂၀၀၆ ခုနှစ်က အောင်မြင်မှုမျိုး ပြန်လည်ရှာဖွေရန်မှာ ခက်ခဲလွန်းသောအခြေအနေတွင်ရှိနေ။

သစ်မင်းအိမ်

ကမ္ဘာ့ဘောလုံးလောကကို လှုပ်ခတ်စေခဲ့တဲ့ အက်သလက်တီကို

နေ့က မေလ ၁၇ ရက်။ ပွဲက လာလီဂါပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်။ ပြိုင်ဘက်နှစ်သင်းက ဘာစီလိုနာနဲ့ အက်သလက်တီကို။ အဲ့ဒီနေ့ အဲ့ဒီပွဲဟာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေကျတယ်။ ဒီပွဲသရေကျမှုနဲ့အတူ အက်သလက်တီကိုဟာလည်း စပိန်လာလီဂါဆုဖလားကို သုံးမှတ်အသာနဲ့ သိမ်းပိုက်ရယူသွားနိုင်တယ်။ ဒါက အက်သလက်တီကိုအတွက် ၁၈ နှစ်ကြာမှ တစ်ကျော့ပြန်ရရှိတဲ့ လာလီဂါဆုဖလား။ ပြီးတော့ ၁၀ နှစ်အတွင်း ရီးရဲလ်နဲ့ ဘာစီလိုနာမဟုတ်တဲ့ ပထမဆုံးလာလီဂါချန်ပီယံအသင်း။

ပြောရရင် ဒီဖြစ်စဉ်ဟာ ကမ္ဘာ့ဘောလုံးလောကကို လှုပ်လှုပ်ခတ်ခတ် ဖြစ်စေတယ်။ အထူးသဖြင့် အက်သလက်တီကိုဟာ ထိပ်တန်းကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့အသင်းမဟုတ်ဘူး။ ကြွေးမြီပြဿနာတွေကြားမှာ သာမန်အဆင့်ကစားသမားတွေနဲ့သာ ဖွဲ့စည်းတည်ဆောက်ထားတဲ့အသင်း။ ဒီလိုအသင်းက လာလီဂါချန်ပီယံဆုကို ရီးရဲလ်နဲ့ ဘာစီလိုနာကိုကျော်ပြီး ရမယ်လို့ဘယ်သူမှမထင်တဲ့ကြားက ရယူသွားနိုင်တာဆိုတော့ အက်သလက်တီကိုရဲ့ စွမ်းဆောင်ရည်ကို အားလုံးကအသိအမှတ်ပြုကြတယ်။ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဒီလိုအောင်မြင်မှုတွေဆီ အရောက်လှမ်းနိုင်သလဲဆိုတာ သိချင်၊ မြင်ချင်လာကြတယ်။

အခြေခံကျတဲ့ဆီမြွန်နီ

တကယ်တော့ အက်သလက်တီကိုရဲ့ အောင်မြင်မှုဟာ နည်းပြဆီမြွန်နီဆီမှာ အခြေခံတယ်။ အထူးသဖြင့် ဆီမြွန်နီဟာ ၂၀၁၁ မှာ အက်သလက်တီကိုနည်းပြရာထူးကို ရယူပြီးတဲ့နောက် နေအင်အားအရ မပြည့်စုံတဲ့အသင်းကို သုံးနိုင်တာထက် ပိုမသုံးဘဲ မထင်ရှားတဲ့ အရည်အသွေးပြည့် ကစားသမားတွေ၊ အလားအလာရှိသူတွေနဲ့ ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းနိုင်တယ်။ ဒါကိုက အက်သလက်တီကိုအောင်မြင်ခြင်းရဲ့ အခြေခံ။ ပြီးတော့ ဆီမြွန်နီက ထိပ်တန်းအဆင့်ကစားသမားတွေမရှိတဲ့ သူ့အသင်းကို စိတ်ဓာတ်၊ နိုင်လိုစိတ်နဲ့တည်ဆောက်တယ်။

ပြောရရင် ဆီမြွန်နီတာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ အက်သလက်တီကိုဟာ ယူရိုပါလိဂ်ဆုဖလားကို ၂၀၁၁-၁၂ မှာရတယ်။ စပိန်ဘုရင့်ဖလားကို ၂၀၁၂-၁၃ မှာရတယ်။ ဥရောပစူပါဖလားကို ၂၀၁၂ မှာရတယ်။ နှစ်စဉ်နှစ်တိုင်း ဆုဖလားနဲ့ ကင်းဝေးတဲ့နှစ် မရှိခဲ့တဲ့အပြင် ဒီနှစ်မှာလည်း လာလီဂါဆုဖလားကိုပါ ထပ်ပြီးယူပြခဲ့တာကိုကြည့်ရုံနဲ့ အက်သလက်တီကိုရဲ့အောင်မြင်မှုဟာ ဆီမြွန်နီအပေါ်မှာ အဓိကကျကျတည်မှီတယ်ဆိုတာ မမှားဘူး။

နေကိုအန်တုသူများ

တကယ်တော့ ဆီမြွန်နီရဲ့ အက်သလက်တီကိုဟာ ရီးရဲ၊ ဘာစီလိုနာတို့လောက် ငွေမသုံးနိုင်ဘူး။ မက်ဒရစ်မြို့ခံပြိုင်ဘက်အသင်းအချင်းချင်း ယှဉ်မယ်ဆိုရင်တောင် ငွေသုံးနိုင်အားမှာ အက်သလက်တီကိုဟာ အတော်လေးနိမ့်နိမ့်ကျကျရှိတယ်။ ရီးရဲလ်က ပြီးခဲ့တဲ့ ၁၂ ရာသီမှာ ကစားသမားခေါ်ယူမှုအတွက် ပေါင် ၉၉၉ သန်း သုံးခဲ့တဲ့အချိန်မှာ အက်သလက်တီကိုက ပေါင် ၃၇၁. ၁ သန်းသာသုံးနိုင်တယ်။ ဒီရာသီမှာ ရီးရဲနဲ့ ဘာစီလိုနာက ဘေးလ်နဲ့ နေမာအတွက် တစ်သင်းကို ပေါင်သန်း ၁၀၀ နီးပါးသုံးခဲ့ကြချိန်မှာ ဆီမြွန်နီက အဲ့ဒီလို အားမဖြည့်နိုင်တဲ့အပြင် အဓိကတိုက်စစ်မှူး ဖယ်ကာအိုကိုတောင် လက်လွှတ်ခဲ့ရတဲ့ကြားက ဒီလိုအောင်ပွဲရတာဆိုတော့။ အက်သလက်ရဲ့ အောင်ပွဲကို အသိအမှတ်မပြုလို့မရဘူး။

အထူးသဖြင့် ကိုယ့်ထက်နေအင်အားရော၊ ကစားသမားအင်အားပါ တောင့်တင်းတဲ့ ရီးရဲကိုရော ဘာစီလိုနာကိုရော ဒီရာသီမှာ မရှုံးဘူး။ ရီးရဲကို တစ်ပွဲနိုင် တစ်ပွဲသရေ။ ဘာစီလိုနာကို နှစ်ပွဲစလုံးသရေ။ ဒါ့အပြင် လာလီဂါရဲ့ကောင်းပါတယ်ဆိုတဲ့ ဗီလာရီးရဲ၊ ဗလင်စီယာ၊ ဆီဗီလာ၊ ဆိုစီဒက်၊ ဘီလ်ဘာအိုတို့နဲ့ ရင်ဆိုင်ခဲ့ရာမှာလည်း အရှုံးလုံးဝ မရှိဘူးဆိုတော့ အက်သလက်နဲ့ ဆီမြွန်နီရဲ့ စွမ်းဆောင်နိုင်အားက ကမ္ဘာ့ဘောလုံးလောကကို လှုပ်ကိုင်နိုင်ခဲ့တယ်ဆိုတာ မလွန်နိုင်ဘူး။

နောက်ထပ်ခြေလှမ်း

ပြောရရင် အက်သလက်တီကိုရဲ့ လျှောက်လမ်းက ဒီလောက်နဲ့ရပ်မသွားဘူး။ သူတို့မှာ နောက်ထပ်မျှော်လင့်စရာ ဆုတံဆိပ်ကြီးကြီးမားမားတစ်ခုလည်း ရှိသေးတယ်။ အထူးသဖြင့် ဒီရာသီမှာ အက်သလက်တီကိုဟာ ဥရောပအဆင့်မှာပါ တန်းဝင်ဆိုတာထက် ပိုအောင်တောင်စွမ်းဆောင်နိုင်ပြီး အခုဗိုလ်လုပွဲရောက်နေပြီ။ ဗိုလ်လုပွဲမှာ ရင်ဆိုင်ရမှာက မြို့ခံပြိုင်ဘက် ရီးရဲမက်ဒရစ်။ အရှင်းဆုံးပြောရရင် အကြောင်းသိ၊ အဆင်းသိပြိုင်ဘက်။ လာလီဂါမှာ နှစ်ကျော့စလုံးမရှုံးတဲ့အပြင် တစ်ပွဲအနိုင်ယူခဲ့တာကိုကြည့်ရင် အဲ့ဒီပွဲမှာ ဆီမြွန်နီနဲ့ အက်သလက်တီကိုကို လျှော့တွက်ထားနိုင်ပါ့မလား။

တကယ်တော့ လာလီဂါဟာ ဝင်ငွေအရ ကွာခြားမှုပြင်းတယ်။ ရုပ်သံလွှင့်ခွင့်ကနေ ရရှိတဲ့အကျိုးအမြတ်မှာ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်ကို ကျန် ၁၈ သင်းစလုံးမယှဉ်နိုင်ဘူး။ အခုအက်သလက်တီကိုက ချန်ပီယံဖြစ်ခဲ့တယ်ဆိုပေမယ့် ဝင်ငွေအရမှာ ရီးရဲနဲ့ ဘာစီလိုနာကို ယှဉ်နိုင်ဖို့ဆိုတာက ခက်လွန်းတယ်။ ဒါပေမယ့် အခုချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအထိရောက်ခဲ့ခြင်းဟာ အက်သလက်တီကိုရဲ့ နေအင်အားပိုင်းကို ထိရောက်တဲ့ အထောက်အပံ့တစ်ခုလို့ပြောရင် မမှားဘူး။ ဗိုလ်မစွဲရင်တောင် လက်ရှိဗိုလ်လုပွဲရောက်နေတဲ့အနေအထားမှာ အက်သလက်တီကိုရဲ့ ဝင်ငွေဟာ အရင်ကထက် သိသိသာသာပိုတိုးလာနိုင်တာ သေချာတယ်။

တောက်ပလာဦးမယ့်အနာဂတ်

ပြောချင်တဲ့အဓိပ္ပာယ်က အက်သလက်တီကိုဟာ အောင်မြင်မှုတွေယူဆောင်နိုင်မှုနဲ့အတူ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာဟာ အကောင်းဆုံးပုံစံကို ရရှိနေပြီ။ ဒါ့အပြင် ချန်ပီယံလိဂ်မှာ ဗိုလ်လုပွဲအထိ ရောက်ရှိခဲ့မှုအရ ဝင်ငွေ မြိုးမြိုးမြက်မြက်ရလာမယ့် အခြေအနေအရ လာမယ့်နွေရာသီဈေးကွက်မှာပါ ထိထိရောက်ရောက် အားဖြည့်မှုတွေလုပ်လာရင် အက်သလက်တီကိုကို နောက်နှစ်ရော လျှော့တွက်နိုင်ပါ့မလား။ လက်ရှိအချိန်မှာ အက်သလက်တီကိုရဲ့ အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ အသင်းကိုစွန့်ခွာဖို့ အခြေအနေတွေ ရှိနေတာမှန်ပေမယ့် ဆီမြွန်နီရဲ့ ကစားသမားတွေအပေါ် လေ့လာသုံးသပ်နိုင်အား ကောင်းမွန်မှုကို မေ့လို့မဖြစ်ဘူး။

အထူးသဖြင့် မထင်မရှားကစားသမားတွေဖြစ်တဲ့ တူရန်၊ ဂိုဒင်၊ ကော်စတာ၊ ဖယ်ကာအိုတို့ကို ရှာဖွေခေါ်ယူပြီး သူတို့ရဲ့ ပင်ကိုအရည်အသွေးကို ပေါ်လွင်အောင် သုံးစွဲနိုင်စွမ်းရှိခဲ့မှုကိုက ဆီမြွန်နီရဲ့ကစားသမားတစ်ဦးတစ်ယောက်အပေါ် အကဲဖြတ်နိုင်အားက မြင်သာလွန်းတယ်။ ဒီလိုအရည်အသွေးကို ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်ရှိမှုကြောင့် ရရှိလာမယ့်ငွေကြေးအင်အားနဲ့ ပေါင်းဖက်ပေးလိုက်မယ်ဆိုရင် အက်သလက်တီကိုရဲ့ အနာဂတ်ဟာ ပိုပြီးဖြောင့်ဖြူးသွားနိုင်မယ်လို့လည်း မြင်ကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပဲ့ကိုင်ရှင်ဆီမြွန်နီရဲ့ ဦးဆောင်မှုအောက်မှာ ညီညွတ်တဲ့ စိတ်ဓာတ်၊ နိုင်လိုစိတ်ပြင်းထန်မှုတွေနဲ့အတူ လာလီဂါမှာ ရီးရဲ၊ ဘာစီလိုနာခေတ်ကို တစ်ခန်းရပ်စေခဲ့တဲ့အက်သလက်တီကိုဟာ ကမ္ဘာ့ဘောလုံးလောကကိုတောင် လှုပ်ခတ်စေတဲ့အထိ စွမ်းရည်ပြည့်ခဲ့တယ်ဆိုတော့။ တကယ်လို့ မေလ ၂၅ ရက်မှာ ကစားမယ့်ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရီးရဲကိုသာနိုင်ခဲ့ရင် အက်သလက်တီကိုနဲ့ ဆီမြွန်နီရဲ့ လားရာဟာ အကောင်းတကာ့အကောင်းဆုံး ဖြစ်နိုင်သလို၊ မနိုင်ဘူးဆိုရင်တောင် ဒီရာသီဟာ အက်သလက်တီကိုအတွက် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူပြီး အနာဂတ်အတွက် အုတ်မြစ်တစ်ခုချနိုင်ခဲ့တဲ့ ရာသီတစ်ခုလို့သာ ဆိုချင်မိပါတယ်။ ။

အက်သလက်တီကို ပဲကိုင်ရှင်
ဆီမြွန်နီ

ဝေမိုးဆက်

အောင်က

အီတလီမြေမှာနစ်မြုပ်နေတဲ့ စပိန်ကြယ်ပွင့်(သို့)ဘိုဂျာဗာလီရို

စပိန်ကစားသမားလို့ ဆိုလိုက်တာနဲ့ လူတိုင်းရဲ့စိတ်ထဲမှာ ဒေးဗစ်ဆေးလ်ဗား၊ မာတာ၊ အင်နီယေစတာနဲ့ ကာဇိုလာတို့ကိုသာ ပြေးမြင်မယ်ဆိုတာသေချာပါတယ်။ ဒီထက်ပိုပြီး စဉ်းစားမယ်ဆိုရင်တော့ ဒီနှစ်ရာသီများအတွင်းမှာ ခြေစွမ်းပြကစားလာနိုင်တဲ့ ကိုကီ၊ အယ်ကန်တာရာတို့ကိုသာ စဉ်းစားမိမှာ သေချာပါတယ်။ ပရိသတ်တွေအနေနဲ့ စီး ရီးအေကိုသာ အစဉ်တစိုက်စောင့်ကြည့်လေ့မရှိဘူးဆိုရင်လည်း ဖီအိုရင်တီးနားကွင်းလယ်ကစားသမား ဘိုဂျာဗာလီရိုကိုသတိထားမှာမဟုတ်ပါဘူး။ ဒါပေမယ့် သူဟာ အခြားစပိန်ထိပ်တန်း ကစားသမားတွေလိုပဲ အကောင်းဆုံးခြေစွမ်းတွေနဲ့ရှိနေတဲ့သူဆိုတာကို သူ့ရဲ့ခြေစွမ်းတွေက သက်သေပြနေပါတယ်။

တကယ်တော့ ဘိုဂျာဗာလီရိုရဲ့ ကစားသမားဘဝဟာ ရီးရဲမက်ဒရစ်အသင်း လူငယ်အကယ်ဒမီကျောင်းကထွက်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ လက်ရှိအချိန်မှာသူ့ရဲ့အသက်ဟာ ၂၉ နှစ်ရှိပြီဖြစ်တဲ့အတွက် သူဖြတ်သန်းခဲ့တဲ့ကစားသမားဘဝတွေကလည်း ရှည်ကြာပြီလို့ဆိုရမှာပါ။ သူဟာ မာယော့ကာ၊ ဝက်စ်ဘရွန်း၊ ဗီလာရီးရဲအသင်းတို့မှာ ကစားခဲ့ဖူးတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာဒီနှစ်ရာသီမှာတော့ ဖီအိုရင်တီးနားအသင်းကို အစဉ်အလာကြီးမားတဲ့ အေစီမီလန်၊ အင်တာမီလန်တို့ကိုဖြတ်ကျော်ပြီး စီးရီးအေ အမှတ်ပေးဇယားရဲ့ အဆင့် ၄ နေရာကို ဝင်ရောက်နိုင်ဖို့အတွက် အကောင်းဆုံး ကူညီပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ဖီအိုရင်တီးနားအသင်းမှာ အဓိကနာမည်ထွက်တဲ့ ကစားသမားတွေက ရော့ဆီ၊ ဂိုမက်ဇ်နဲ့ မက်ရီတို့ပဲဖြစ်ပါတယ်။ သူတို့သုံးဦးစလုံးဟာ ချန်ပီယံလိဂ်အတွေ့အကြုံကောင်းတွေပိုင်ဆိုင်ထားပြီး သူတို့ထဲက နှစ်ဦးဟာ ထိပ်တန်းဥရောပအသင်းကြီးတွေမှာ ပါဝင်ကစားနေခဲ့ဖူးတဲ့ ကစားသမားတွေဖြစ်ပါတယ်။ သူတို့နှစ်ဦးထက်ပိုပြီး သတိထားမိဖို့အလားအလာရှိတဲ့ ကစားသမားနှစ်ဦးကတော့ ဗလင်စီယာကစားသမားဟောင်း ဂျိုကွင်းနှင့် မန်စီးတီးကစားသမားဟောင်း ဆာဗစ်တို့ပါ။ ဒါပေမယ့် သူတို့ထက်အသင်းမှာ ပိုမိုကောင်းမွန်ပေမယ့် မထင်ရှားတဲ့ ကစားသမားကတော့ ဗာလီရိုလို့ဆိုရမှာပါ။ တကယ်တော့ ဗာလီရိုဟာ ဒေးဗစ်ဆေးလ်ဗားလို ကစားသမားမျိုးဖြစ်ပြီး အသင်းအတွက်မဖြစ်မနေ အကျိုးပြုနေခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ဗာလီရိုဟာ ဒီနှစ်ရာသီအတွက် ဘောလုံးဖြန့်ဝေမှုအကောင်းဆုံးလုပ်ဆောင်ပေးခဲ့ပြီး ပွဲတိုင်းလည်း ဘောလုံးပေးပို့မှုအများဆုံး ပြုလုပ်နိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ သူဟာ အသင်းအတွက် ဂိုးသွင်းယူနိုင်ဖို့အခွင့်အရေးနဲ့ တိုက်စစ်ပိုင်းအတွက် အကောင်းဆုံးဘောလုံးပေးပို့နိုင်တဲ့သူလည်းဖြစ်ပါတယ်။ ဒါ့အပြင်ဒီနှစ်ရာသီမှာ အသင်းအတွက်ဂိုးရရှိဖို့ ကိုးကြိမ်တိုင် ကူညီပေးခဲ့တဲ့သူပါ။

ဒါပေမယ့် ဒေးဗစ်ဆေးလ်ဗားနဲ့ ကာဇိုလာတို့ဟာ လျင်မြန်မှုကိုအသားပေးကစားတဲ့ ပရီမီယာလိဂ်မှာကစားနေခဲ့တာကြောင့် ဗာလီရိုထက်ဘောလုံး ပေးပို့နိုင်မှု ပိုမိုလုပ်ဆောင်နိုင်တာကို တွေ့တွေ့ရမှာပါ။ အတိအကျဆိုရင် တော့ဗာလီရိုဟာ ဒေးဗစ်ဆေးလ်ဗားထက် တစ်ရာသီလုံးမှာ ဘောလုံးပေးပို့နိုင်မှု ၁၀ ကြိမ်လျော့ပြီး ကာဇိုလာထက် ၃ ကြိမ် လျော့နည်းတာကို တွေ့ရမှာပါ။ ဒါပေမယ့် အောင်မြင်စွာဘောလုံးပေးပို့နိုင်မှုမှာတော့ သူဟာ ကာဇိုလာထက်သာတာကို တွေ့ရမှာပါ။ ဒါ့အပြင် သူ့ရဲ့ဘောလုံးပေးပို့နိုင်မှုဟာ စီးရီးအေမှာကစားနေခဲ့တဲ့ ကွင်းလယ်ကစားသမားတွေထဲမှာတော့ ထိပ်ဆုံးမှာရှိပြီး ၅၀ ရာခိုင်နှုန်းလောက်ကိုသာ တွေ့ရမှာပါ။

ဗာလီရိုရဲ့ ဘောလုံးပေးပို့ရာမှာ တိကျသေသပ်မှုတွေဟာ ဖီအိုရင်တီနားအသင်းကို ရိုးမား၊ ဂျူဗင်တပ်စ်အသင်းတို့ပြီးနောက် တတိယဘောလုံးပေးပို့ရာမှာ အတိကျဆုံးအသင်းအဖြစ် ရပ်တည်စေခဲ့ပါတယ်။ ဒါ့အပြင် တစ်ဖက်အသင်းရဲ့တိုက်စစ်အင်အားကို ပျက်ပြယ်စေဖို့ အတွက် ဘောလုံးလုယူနိုင်စွမ်းမှာလည်း အကောင်းဆုံးရှိပြီး ပြစ်ဒဏ်ဘောအနည်းဆုံးပေးရတဲ့အသင်းလည်း ဖြစ်ပါတယ်။ နောက်ထပ်ပြောနိုင်တာကတော့ ဖီအိုရင်တီးနားအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုကို အလေးထားပြီး တိုက်စစ်အသားပေးကစားတဲ့ စပိန်အသင်းတွေနဲ့တူတဲ့ စီးရီးအေအသင်းလို့ တောင်ပြောနိုင်ပါတယ်။

စီးရီးအေကလပ်အသင်းများအနေဖြင့် ထိပ်ဆုံးသုံးသင်းသာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာဖြစ်တဲ့အတွက် အဆင့် ၄ နေရာမှာရပ်တည်နေတဲ့ ဖီအိုရင်တီးနားအသင်းဟာ ချန်ပီယံလိဂ်နဲ့လွဲချော်မှာဖြစ်ပေမယ့် ဒီရာသီဟာ သူတို့အတွက် တော့ကြီးမားတဲ့အောင်ပွဲတွေရယူထားနိုင်တဲ့နှစ်လို့ဆိုရမှာပါ။ ဒါတောင် ဖီအိုရင်တီးနားအသင်းဟာ ပြီးခဲ့တဲ့နွေရာသီက အသင်းရဲ့ အဓိက ကစားသမားနှစ်ဦးဖြစ်တဲ့ လာမယ်လာနဲ့ ဂျိုဗီတစ်တို့ဟာ အသင်းကနေ ထွက်ခွာသွားခဲ့ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ ရာသီဝက်လောက်အထိ ခြေစွမ်းပြကစားနိုင်တဲ့ တိုက်စစ်မှူးမရှိဘဲ ရပ်တည်နေခဲ့တာလည်းဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်က ဘိုင်ယန်မြူးနစ်အသင်းကနေ ယူရိုပေါင်သန်း၂၀ နဲ့ ပြောင်းရွှေ့လာခဲ့တဲ့ တိုက်စစ်မှူး ဂိုမက်ဇ်ကလည်း အသင်းမှာ စီးရီးအေကိုးပွဲသာ ပါဝင်ကစားနိုင်ပြီး သုံးဂိုးသာ သွင်းယူထားနိုင်ခဲ့ပါတယ်။ ဒါတောင်မှ ဖီအိုရင်တီးနားအသင်းဟာ အင်တာမီလန်၊ အေစီမီလန်တို့အထက်မှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဖီအိုရင်တီးနားအသင်းရဲ့ လက်ရှိကစားပုံစံဟာ ကောင်းမွန်မှုရှိတာကြောင့် ဘောလုံးကျွမ်းကျင်သူတွေကတော့ မကြာမီနှစ်များအတွင်း စီးရီးအေရဲ့ထိပ်ဆုံးအထိ ပိုမိုတိုးတက်မှုရှိလာနိုင်တယ်လို့ ခန့်မှန်းကျပါတယ်။

ဒါပေမယ့် ဒီနှစ်ရာသီမှာ ဖီအိုရင်တီးနားရဲ့ အောင်မြင်မှုအခန်းကဏ္ဍတွေကိုပြောမယ်ဆိုရင် ကွင်းလယ်ကစားသမား ဗာလီရိုကိုတော့ ပစ်ပယ်လို့ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ဖီအိုရင်တီးနားအသင်းအတွက် ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကွင်းလယ်ကစားသမားဗာလီရိုဟာ အီတလီမြေမှာနစ်မြုပ်နေတဲ့ စပိန်ကြယ်ပွင့်လို့ ဆိုရမှာပါ။ ။

ကစားသမား	ပေးပို့မှု	အောင်မြင်စွာပေးပို့နိုင်မှု	အဓိကပေးပို့နိုင်မှု%
ဒေးဗစ်ဆေးလ်ဗား	၆၉. ၂	၈၈. ၂%	၄. ၆၂%
ဗာလီရို	၅၉. ၈	၈၈. ၁%	၄. ၀၁%
ကာဇိုလာ	၆၂. ၅	၈၆. ၃%	၃. ၅၂%

ဘိုဂျာဗာလီရို

မွန်ပြည်နယ်

မော်လမြိုင်ဘူတာကြီးတွင် ပြည်သူများလက်ကိုင်ဖုန်းဖြင့် စာပေများဖတ်ရှုနိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့ ဘူတာကြီးတွင် Public Mobile Phone,Tablet,note book, Laptop ကွန်ပျူတာတို့ကို အသုံးပြုပြီး မိမိတို့ ကြိုက်နှစ်သက်ရာစာအုပ်များကို ဖတ်ရှုနိုင်ရန် Public Digital Library Service ကို မေ ၂၀ ရက်က မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တပ်ဆင်ပေးထားကြောင်း သိရသည်။

"ဘူတာကြီးသို့ လာရောက်ကြသည့် ပြည်သူများအနေဖြင့် ရထားဝင်ချိန်နှင့် ရထားထွက်ချိန်မတိုင်မီ မိမိတို့တွင်ပါရှိသော Android စနစ်ပါ လက်ကိုင်ဖုန်းများဖြင့် စာအုပ်များကို အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် စာအုပ်များစုဆောင်းခြင်း၊ ထည့်သွင်းခြင်း၊ စက်တန်ဖိုးငွေများကျခံပေးခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က အကုန်အကျခံ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အများပြည်သူများ အသိပညာဗဟုသုတများ ရရှိနိုင်စေရန် ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း" ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောချစ်သန်းက ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက ပြည်သူများ Android စနစ်ပါ မိုဘိုင်းဖုန်းများဖြင့် စာအုပ်များဖတ်ရှုနိုင်ရန် ဆောင်ရွက်ပုံအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းသရုပ်ပြသခဲ့သည်။

ယခုကဲ့သို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက WiFi စနစ်နှင့် Public Digital Library Service ကို အသုံးပြုပြီး လက်ကိုင်ဖုန်းဖြင့် စာအုပ်များဖတ်ရှုနိုင်မှုအပေါ် ခရီးသွားပြည်သူဦးသန်းထိုက်အောင်က "အခုလို စီစဉ်ဆောင်ရွက်ပေးတာကို ကြိုဆိုပါတယ်။ ရထားမလာခင် ဖတ်ချင်တဲ့စာအုပ်ကိုရှာ၊ Download ဆွဲ၊ ဖုန်းထဲမှာသိမ်းထားပြီး ရထားပေါ်ခရီးသွားရင်း စာအုပ်မျိုးစုံကို ဖတ်လို့ရတဲ့အတွက် အလွန်ကောင်းပါတယ်။ Download ဆွဲရတာလည်းမကြာဘူးဆိုတော့ အဆင်ပြေတယ်လေ။ စာဖတ်လို့ရအောင်တော့ PDF Reader Software ကတော့ ဖုန်းတွေမှာရှိဖို့လိုတာပေါ့။ ခဏလေးအတွင်းမှာ စာအုပ်အများကြီးကို ဖုန်းထဲထည့်သိမ်းသွားလို့ရတဲ့အတွက် ပြည်သူတွေစာဖတ်ချင်စိတ်ရှိလာအောင်ဆောင်ရွက်ပေးလို့ ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်" ဟု ပြောကြားခဲ့တာကိုလည်း သိရှိခဲ့ရပါသည်။

ခဏလေးအတွင်းမှာ စာအုပ်အများကြီးကို ဖုန်းထဲထည့်သိမ်းသွားလို့ရတဲ့အတွက် ပြည်သူများစာဖတ်ချင်စိတ်ရှိလာအောင် ဆောင်ရွက်ပေးလို့ ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်

အဆိုပါ Public Digital Library Service သည် အင်တာနက်လိုင်းမလိုဘဲ စက်မှ ထုတ်လွှင့်သည့် WiFi စနစ်ဖြင့် စက်တပ်ဆင်သည့်နေရာမှ အတားအဆီးမရှိပါက မီတာ ၆၅၀ အကွာအဝေးအထိ Android မိုဘိုင်းဖုန်း၊ Tablet, note book, Laptop ကွန်ပျူတာတို့ကို အသုံးပြုပြီး သုတ/ ရသ ကဏ္ဍစုံစာအုပ်ပေါင်း ၆၀၀၀ ကျော် ပါဝင်သည့်အတွက် ကြိုက်နှစ်သက်ရာစာပေကို ဖတ်ရှုနိုင်ကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်း မော်လမြိုင်ဘူတာကြီးအပြင် သထုံ ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်း သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်ကြီးတွင်လည်း မေ ၁၅ ရက်က တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

(ယခင်အပတ်မှအဆက်)

လေးမျက်နှာမြို့နယ် ကညင်သောင်အုပ်စု ရွှေဘိုစုပန်းတာ တည်ဆောက်မှုကြောင့် လယ်ယာမြေများဆုံးရှုံးသည့်အတွက် လျော်ကြေး(နစ်နာကြေး) ပေးရန် တင်ပြချက်အပေါ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ချက်

- လေးမျက်နှာမြို့နယ် ကညင်သောင်အုပ်စု ရွှေဘိုစုပန်းတာ တည်ဆောက်မှုကြောင့် လယ်ယာမြေများဆုံးရှုံးသည့်အတွက် လျော်ကြေး(နစ်နာကြေး) ပေးရန် တင်ပြလာမှုအပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ခရိုင်/မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များက အကြိမ်ကြိမ်ကွင်းဆင်းစိစစ်ခဲ့ပါသည်။ ၅-၉-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့သော တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၄/၂၀၁၂) မှ ဒေသပေါက်ဈေးအရ ထောက်ပံ့ပေးသင့်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။
- အဆိုပါ ဆုံးဖြတ်ချက်အပေါ်တွင် ဒေသပေါက်ဈေးအမှန်မှာ တစ်ဧကလျှင် ၁၂ သိန်းမှ ၁၅ သိန်းကြားရှိသဖြင့် တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် တစ်ဧကလျှင် ၁၀ သိန်း ပေးအပ်သင့်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသွားရန် ဆုံးဖြတ်ခဲ့ပြီး လက်ငုတ်တောင်သူများအား နစ်နာကြေး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်း ထောက်ပံ့ပေးရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၃-၅-၂၀၁၃ရက်စွဲပါ စာအမှတ်-၃၀၀/၄-၁/ (၅၇၇) အစိုးရ(ဧရာဝတီ)/ထောက်-၁ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။ သို့ပါ၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြချက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် လမ်းညွှန်မှုများ ပြုလာသည့်အချိန်တွင် လမ်းညွှန်သည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မျိုးထုတ်လုပ်မှု၊ နည်းပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ

- စိုက်ပျိုးရေးဦးစီးဌာန၏ အဓိကတာဝန် သုံးရပ်ရှိပါသည်။ (၁) မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ (၂) သင်တန်းများပို့ချခြင်းနှင့် တောင်သူပညာပေးရေး၊ (၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဟူ၍ သုံးခုရှိပါသည်။ မျိုးစေ့ဌာနခွဲလက်အောက်ရှိ မျိုးသန့်ခြံများမှ မျိုးစေ့များထုတ်လုပ်လျက်ရှိသကဲ့သို့ကုမ္ပဏီများနှင့်ပူးပေါင်း၍လည်း မျိုးစေ့များ ထုတ်လုပ်နေပါသည်။ မျိုးသန့်ရန်အတွက် သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်း မျိုးလဲရပါသည်။
- နည်းပညာပေးလုပ်ငန်းများကို အထွက်တိုးစခန်းများဖွင့်၍ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအင်အားကို တိုးမြှင့်ခန့်ထားရန် အစီအစဉ်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဝန်ထမ်းတိုးမြှင့်ခန့်ထား၍ ကျေးရွာအရောက် ပညာပေးဆောင်ရွက်မည်ဖြစ်ပါသည်။ နည်းပညာပေးဝန်ထမ်းများကို ကျေးရွာများသို့ လှည့်လည်နည်းပညာပေးရန် စီမံဆောင်ရွက်နေပါသည်။ ယူရီးယားဓာတ်မြေသြဇာကို စွမ်းအင်ဝန်ကြီးဌာနတွင် လျှောက်လွှာတင်ပြီး ဝယ်ယူနိုင်ပါသည်။ တန် ၁၀၀ နှင့်အထက်ကို စွမ်းအင်ဝန်ကြီးဌာနသို့ စာတင်၍ ခွင့်ပြုမိန့် တောင်းခံရပါမည်။ တန် ၁၀၀ အောက်ကို စက်ရုံမှူး၏ ပါဝါဖြင့် ရောင်းချပေးနိုင်ခွင့်ရှိပါသည်။

ဝါးရုံချောင်းရွာမှ စာရေးကွင်းချောင်းအထိ အလျား ၄ ဒသမ ၅ မိုင်ရှိ ကျုံပဒိုချောင်းကို တူးဖော်ရန်ကိစ္စနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ချက်

- ဝါးရုံချောင်းရွာမှ စာရေးကွင်းချောင်းအထိ အလျား ၄ ဒသမ ၅ မိုင်ရှိ ကျုံပဒိုချောင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တူးဖော်ရန် ဆောင်ရွက်မည့်စာရင်းတွင် ထည့်သွင်းထားရှိပြီးဖြစ်သော်လည်း ရန်ပုံငွေမရရှိသည့်အတွက် မတူးဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လာမည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ယခင်နှစ်ကျန်လုပ်ငန်းစာရင်းတွင် ကျုံပဒိုချောင်းတူးဖော်ခြင်းလုပ်ငန်းကို ဦးစားပေးအဖြစ် ထည့်သွင်းတင်ပြ တောင်းခံသွားမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီး

မြစ်သားမြို့နယ်၌ ကွမ်းပင်များ ဖြစ်ထွန်းအောင်မြင်

ကျော်ငွေး

မြစ်သားမြို့နယ် ကျားတွင်းကျေးရွာတွင် ကွမ်းပင်များ စမ်းသပ်စိုက်ပျိုးလျက်ရှိရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိနေကြောင်း သိရသည်။ အဆိုပါကျေးရွာတွင် ယခင်က ကွမ်းပင်နှင့် ကွမ်းခြံလုပ်ကိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိ။ ကွမ်းခြံတစ်ခြံ တည်မည်ဆိုလျှင် ပျိုးပင်တစ်ထောင်စိုက်လျှင် ဆယ့်လေးငါးသိန်း ကုန်ကျစရိတ်ရှိသည်။ သို့အတွက်ကြောင့်လည်း ကွမ်းခြံတည်ရန် တောင်သူတိုင်း မတတ်နိုင်ကြချေ။ အရင်းအနှီးတတ်နိုင်သော တောင်သူများသာ စမ်းသပ်စိုက်ပျိုးနိုင်သည်။ တောင်သူများသည် နှစ်စဉ် စပါး၊ နှမ်း၊ ငရုတ်၊ ကြက်သွန်နှင့် အခြားသခွားမွှေး၊ စိန်တလုံးသရက်စသည့် သီးနှံမျိုးစုံစိုက်ပျိုးကြသည်။

"ကျွန်တော်ကွမ်းခြံစိုက်ခဲ့စဉ်က ကွမ်းခြံပျိုးပင် လေးထောင်စိုက်ပျိုးခဲ့ရာ သိန်းသုံးဆယ်ကျော်မျှ ကုန်ကျစရိတ်ရှိခဲ့တယ်။ ကွမ်းပင်ကို ဝါးလုံးနှင့်တိုင်ထောင်ပြီးစတင်စိုက်ပျိုးခဲ့တယ်။ ကျောက်စရစ်တိုင်ဆိုလျှင် ငွေအရင်းအနှီးများတယ်။ ယခုကျွန်တော်စိုက်ထားသော ကွမ်းခြံမှာ ဆယ်ရက်တစ်ကြိမ်ခူးနေရပြီ။ တစ်ကြိမ်ခူးလျှင် ကွမ်းရွက် အချိန်သုံးဆယ်လေးဆယ်ရရှိပါတယ်။ ယခုအချိန်မှာ ကွမ်းရွက်ပေါက်ဈေးက တစ်ပိဿာလျှင် လေးထောင်ကျော်မှ ငါးထောင်ကျော်အထိ ရောင်းကြတယ်။ ဒီလိုသာရောင်းရမယ်ဆိုရင် ကိုးလဆယ်လဆိုလျှင် အရင်းကျေပါတယ်" သို့အတွက်ကြောင့် အခြားတောင်သူများလည်း ကွမ်းစိုက်လိုက စိုက်နိုင်သည့်အကြောင်း ကွမ်းခြံပိုင်ရှင် ဦးငွေဝင်းထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး

စစ်တောင်းမြစ်ကမ်းနံဘေးမှ ပီတိဘဝင်သံများ

၂၀၁၄ ခုနှစ် မေ ၁၇ ရက်နံနက်ခင်း---။

နေရောင်ခြည်ကနုနုဖြစ်သော်လည်း အပူချိန်ခပ်ရင့်ရင့်က ပါဝင်လာသည်။ စစ်တောင်းမြစ်ကမ်းနံဘေးရှိ ကညင်ကျိုးကျေးရွာနှင့် ရွာနီးချုပ်စပ် ဒေသခံပြည်သူများက ရာသီဥတု၏ အပူဒဏ်ကို အန်တုကာသစ်လွင်ခံ့ညား ထည်ဝါလှသည့် အဆောက်အအုံသစ်ကြီး မှခ်ဦးရှေ့၌ ပြုံးပြုံးပျော်ပျော်၊ လှုပ်လှုပ်ရှားရှား တွေ့နေရသည်။ ထိုအဆောက်အအုံကြီးသည်ကား ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာတွင် နေ့ချင်းညချင်း ဆိုသလို ပေါ်ထွန်းလာခဲ့သည့် ငွေဝင်းသော်တာ နှစ်ထပ်အထက်တန်းကျောင်းဆောင်သစ်ကြီး ဖြစ်သည်။

ကျောက်တံခါးမြို့နယ် ကညင်ကျိုးဒေသနှင့် ရွှေကျင် ကျောက်ကြီးမြို့နယ် စစ်တောင်းမြစ်ဝှမ်း အရှေ့ဘက်ကမ်း၊အနောက်ဘက်ကမ်း ဒေသခံပြည်သူများ၏ မျက်ဝန်းအိမ်တွင် ဝမ်းသာမျက်ရည်များတွဲခို၍ နေလေသည်။ ဒေသခံပြည်သူတို့၏ ပျော်ရွှင်မှုအပြုံးများသည် နံနက်ခင်းနေရောင်ခြည်နုနုအောက်တွင်အလွန်မင်္ဂလာရှိပါသည်။ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကညင်ကျိုးကျေးရွာမှ အသက် ၆၄ နှစ်ရှိပြီဖြစ်သော အဘ ဦးလှမြင့်အား ကျောင်းဆောင်သစ်ကြီး လှူဒါန်းပေးအပ်မှုကြောင့် တွေ့မြင်ခံစားရသည့် ရင်တွင်းစကား စေ့ငုကြည့်မိရာ "ဟိုအရင်တုန်းက နယ်မြေကမငြိမ်းချမ်း။ ရွာကနေမြို့ကို သွားချင်ရင် ခြေကျင်၊ နွားလှည်းနှင့် လယ်ကွင်းများကြားထဲက ဖြတ်ပြီးသွားလာနေရတာ၊ အဲဒီလို ခက်ခဲတဲ့ ဒုက္ခကြုံရမှုကို ဖြေရှင်းနိုင်ဖို့ ပိန်းဇလုပ်၊ ကညင် ကျိုးကျေးလက်ဝဝံလမ်းပိုင်းကို ဖောက်ဆောင် ဖောက်လုပ်ပေးခဲ့လို့ ကားဖြင့်တစ်ဖုံ၊ ဆိုင်ကယ်စီး၍တစ်နည်း သွားလာလွယ်ကူချောမွေ့စေခဲ့တယ်။

ယခုတော့ရွာမှာ တိုက်နယ်ဆေးရုံသစ်၊ အထက်တန်းကျောင်း၊ မူလတန်းကျောင်းလည်းရှိ၊ ကျေးလက်ဆေးပေးခန်း၊ စာကြည့်တိုက်၊ တယ်လီဖုန်းတွေနဲ့ ယခုတစ်ဖန်ထပ်မံ၍ အနာဂတ်လူ့ဘောင်အတွက် နိုင်ငံ့သားကောင်းများ ဖြစ်လာမည့် လူငယ်များ၊ အရှိန်အဟုန်မပျက် သင်ကြားနိုင်ရေးငွေဝင်းသော်တာ နှစ်ထပ်ကျောင်းဆောင်အဆောက်အအုံသစ်ကြီး တည်ဆောက်လှူဒါန်းဖွင့်လှစ်ပေးနိုင်တဲ့အတွက် အဘတစ်သက်မှာ အခုလိုမြင်တွေ့ရမယ်လို့ မထင်မိခဲ့ပါဘူး။ **အရင်ကနဲ့မတူ တစ်မူပြောင်းလို့ ပျော်စရာကောင်းလှပါပြီနော်** ဆိုတဲ့ သီချင်းစာသားအတိုင်းပေါ့ကွာ" ဟု ဝမ်းသာကြည်နူး အပြုံးဖြာ ဖွင့်ဟသည်။

ငွေဝင်းသော်တာနှစ်ထပ် ကျောင်းဆောင်သစ်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအတွင်း စစ်တောင်းရေကာတာကြီး အနောက်ဘက်တွင် တည်ရှိသည်။ ၆ ဒသမ ၄၁ ဧက ကျယ်ဝန်းသည်။ မွေးရပ်မြေ ကညင်ကျိုးကျေးရွာအုပ်စုနှင့် ဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲ) ဦးကျော်မြင့်၊ သတင်းရဲတပ်ဖွဲ့ ရဲမှူးချုပ် တင်စိုးနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပညာဒါနအဖြစ် SMI ကုမ္ပဏီက အရှည် ပေ ၁၅၀၊ အနံ ပေ ၃၀ စာသင်ခန်း ခြောက်ခန်း၊ ဆရာ ဆရာမများနားနေခန်း နှစ်ခန်း၊ ရုံးခန်း အစည်းအဝေးခန်းမကြီးပါ သံမဏိသံပေါင် သံကူကွန်ကရစ် အာရ်စီနှစ်ထပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်း ၁၂၀၀ ကျော်အကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

သတင်းအဖွဲ့သည် ဝမ်းသာပီတိတွေဖြင့် ပြုံးပျော်စွာ လျှောက်လာကြသည့် ကရင်တိုင်းရင်းသား အမျိုးသမီးတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မတို့ နှစ်ဦးစလုံးက ကျောက်တံခါးမြို့နယ် ငဖယ်အင်းကျေးရွာမှာ နေပါတယ်။ ကျွန်မနာမည်နော်ချိုဖောပါ။ ကညင်ကျိုးကျေးရွာအထက်တန်းကျောင်းမှာ ကျောင်းဆောင်သစ်ဆောက်လုပ်မယ်ဆိုတော့ ကျွန်မသိပ်ကိုပျော်မိတာအမှန်ပဲ၊ အခုတော့ ကျောင်းဆောင်သစ်ကြီး ငွားငွားစွင့်စွင့် ဝင့်ကြွားစွာ ပေါ်ထွက်လာပါပြီ။ ကျွန်မတို့ စစ်တောင်းမြစ် ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းမှာရှိတဲ့ ကျေးရွာတွေက ကျောင်းသား ကျောင်းသူများရဲ့ အနာဂတ်ဘဝကတော့ လှပသာယာသွားပြီလို့ ပြောရင်လည်းရပါတယ်။ သက်ဆိုင်သူတွေကို ကျေးဇူးတင်ပါတယ်"ဟု ရင်တွင်းခံစားချက်ကို တိုင်းရင်းသားသံဖြင့် ဖွင့်ဟပြောခဲ့သည်။

ဆက်လက်၍ မကြာမီကျောင်းဖွင့်ရာသီ၌ ပညာဆည်းပူးသင်ကြားမည့် နဝမတန်းကျောင်းသား မောင်ကျော်လွင်မိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "သားကတော့ ကျောင်းဆောင်သစ်မှာ ပညာသင်ကြားရတော့မှာမို့ ဘယ်လိုပျော်မှန်းပြောမပြတတ်တော့ပါဘူး။ အဘတို့အားလုံးရဲ့ကျေးဇူးကြောင့် သားတို့ရဲ့ ပညာရေး၊ ကျန်းမာရေးတွေ တိုးတက်မြင့်မားတော့မှာပါ။ အားလုံးရဲ့ ကျေးဇူးကို ဆပ်သောအားဖြင့် ပညာရည်ထူးချွန်တဲ့ သားကောင်းတစ် ဦးဖြစ်အောင် ကြိုးစားသွားပါမယ်" ဟု ဖွင့်ဟပြောသွားသည်။

သတင်းအဖွဲ့ နောက်ဆုံးတွေ့ဆုံမေးမြန်းခဲ့သူ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း လေ့တန်းကျွန်းကြီးကျေးရွာမှ အသက် ၅၅ နှစ်ရှိ ဒေသခံပြည်သူ ဦးသိန်းကြိုင်ကလည်း "ဘယ်နှယ့်ပြောပါလိမ့်ဗျာ၊ လွှတ်ဝမ်းသာတာပေါ့။ ကျွန်တော်တို့ဒေသအတွက်အစစအရာရာ အထူးအားထားရပြီပေါ့ဗျာ။ ကျောင်းသား ကျောင်းသူများရဲ့ ပညာရေး၊ ကျန်းမာရေး မြင့်မားတိုးတက်စေတဲ့ ဒီကျောင်းဆောင်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့ ဝိုင်းဝန်းဆောင်ရွက်ထိန်းသိမ်းပေးသွားမှာပါ။ ကျောင်းဆောင်သစ် တည်ဆောက်လှူဒါန်းတဲ့ အလှူရှင်တွေကိုတော့ နယ်သူနယ်သားတွေအတွက် ကျေးဇူးကြီးလှသပေါ့ဗျာ" ဟု လှိုက်လှဲဝမ်းသာစွာ ရှင်းပြကြရှာသည်။

မှန်ပါသည်။ ကညင်ကျိုးဒေသ ငွေဝင်းသော်တာ နှစ်ထပ်ကျောင်းဆောင်ကြီးသည် ခမ်းနားထည်ဝါစွာ ပေါ်ထွန်းလာမှုနှင့်အတူ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကညင်ကျိုး၊ လက်ခံကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာငါးရွာနေ ကျေးလက်ပြည်သူ ၆၁၀၀ အတွက် သာမက ရွှေကျင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ထိုးဝါးစိုက်၊ ဒလဆိပ်၊ ဟသ်ာဝဲ အစရှိသည့် ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာကိုးရွာနေ ကျေးလက်ပြည်သူ ဦးရေ ၉၈၀၀ ခန့်၏ မျိုးဆက်သစ်ကျောင်းသားများအတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားလာခြင်းများကို ဤကျောင်းဆောင်သစ်ကြီးက ကျယ်ပြန့်ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ပေတော့မည်။

စစ်တောင်းမြစ်ကမ်းနံဘေး ကညင်ကျိုးဒေသ နယ်သူနယ်သားများအတွက် တည်ဆောက်ထားသည့် ငွေဝင်းသော်တာ နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပစဉ်က ဒေသခံပြည်သူများ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြသည်။ ငွေဝင်းသော်တာ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ)ဦးကျော်မြင့်၊ သတင်းရဲတပ်ဖွဲ့မှူးရဲမှူးချုပ်တင်စိုး၊ ပဲခူးတိုင်းဒေသကြီး ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးခင်မောင်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့မှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်လိုက်ချိန်တွင် ဒေသခံပြည်သူများ၏ တစ်ခဲနက် သြဘာသံများ ဘဝင်ညံသွားခဲ့ကာ စစ်တောင်းမြစ်အတွင်း လှိုင်းပုတ်သံများနှင့်အတူ ပီတိလှိုင်းဂယက်များ ဒေသခံပြည်သူများ၏ ရင်ထဲ၌ စီးဝင်ပျံ့နှံ့သွားခဲ့ပါတော့သည်။

သတင်းမြင်ကွင်း - ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံမှတ်တမ်း - ရန်အောင်ထွန်း (ပိန်းဇလုပ်)

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

မြောက်ပိုင်းလမ်းနှင့် အရှေ့ပိုင်းလမ်း

ကျွန်တော်တို့ "ဝ" ဒေသအတွင်းမှာ လမ်းအမျိုးအစား တစ်မျိုးပဲသတ်မှတ်ထားတယ်။ အဲ့ဒါကတော့ ကတ္တရာလမ်းဖြစ်လာရေးပဲ။ အကယ်၍သာ ယခုလိုနယ်မြေတည်ငြိမ်အေးချမ်းမှုရှိနေလျှင် ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ "ဝ"ဒေသအတွင်းက လမ်းအားလုံး ကတ္တရာလမ်းတွေဖြစ်လာစေရမယ်။ ကျွန်တော်တို့ ဒီလိုရည်မှန်းထားတယ်။ အခုလည်း တစ်ကီလိုမီတာကို ယွမ်ငွေသိန်း ၃၀ ကျခံသုံးစွဲပြီး ကွန်ကရစ်လမ်းလုပ်တယ်၊ နိုင်လွန်ကတ္တရာခင်းတယ်ဗျာဟု အားပါးတရပြောကြားခဲ့သော "ဝ" တိုင်းရင်းသားခေါင်းဆောင်တစ်ဦး၏ မှတ်ချက်ပြုစကားကို ကျွန်တော်သဘောကျသည်။ ထို့ထက်သူသည် စစ်ကိုင်းရွာသစ်ကြီး ဖွံ့ဖြိုးရေးသိပ္ပံ (ယခုပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) ကျောင်းဆင်းတစ်ဦးဖြစ်ကြောင်း သိလိုက်ရသောအခါ ပို၍လေးစားသွားမိသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် "ဝ"ဒေသအတွင်းရှိ ဟိုပန်- မိုင်းမော - ပန်ဆန်းလမ်း ၂၀၉ မိုင်၊ ပန်ဆန်း - မက်မန်းလမ်း ၄၈ မိုင်၊ ဟိုပန် - နမ့်တစ်လမ်း ကိုးမိုင်နှစ်ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းများအတွက် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေများ ခွင့်ပြုပေးခဲ့ရာ လုပ်ငန်းပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ကျောက်ခင်းလမ်းအတွက်သာရန်ပုံငွေခွင့်ပြုခဲ့သော်လည်း ၎င်းတို့က ဆိုခဲ့သည့်အတိုင်း လမ်းမိုင်တော်တော်များများကို ကတ္တရာခင်းပြီးဖြစ်နေသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်မူ "ဝ" ဒေသအတွင်းမှ လမ်းများကတ္တရာခင်းရန် ကတ္တရာတန် ၃၀၀၀၊ ပန်ဆန်း - မိုင်းပေါက်လမ်းအတွက် ကတ္တရာတန် ၅၀၀ စုစုပေါင်းကတ္တရာတန် ၃၅၀၀ ကို နိုင်ငံတော်က ထောက်ပံ့ပေးခဲ့သည်။

နိုင်ငံတော်က ထောက်ပံ့ပေးသည်ဆိုရာတွင်လည်း ငြိမ်းချမ်းရေးစတင်ရယူခဲ့သည့် ၁၉၈၉ ခုနှစ်စွန်းစွန်း အချိန်ကာလများက "ဝ"ဒေသ၏ အခြေအနေနှင့် ယနေ့ "ဝ"ဒေသအခြေအနေများ လုံးဝမတူနိုင်တော့ပါ။ ၁၉၉၄ခုနှစ် ပန်ဆန်း၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံတည်ဆောက်ပေးအပြီး "ဝ"တိုင်းရင်းသားကလေးများ ၆၀ ခန့်တီဗွီတစ်လုံး၏ရှေ့တွင် ဝိုင်းဝန်းကြည့်ရှုသဘောတွေကျနေကြသည့် မှတ်တမ်းဓာတ်ပုံ တစ်ပုံကို အမှတ်တရ ကျွန်တော်သိမ်းဆည်းထားပါသည်။ တစ်လုံးတည်းသောတီဗွီရှေ့တွင် တစ်လိုင်းတည်းသော ရုပ်/သံကို ဝိုင်းဝန်းကြည့်ရှုခဲ့ရသော ကာလနှင့်ဘဝများ။ ယနေ့ကာလ ပန်ဆန်းမြို့ကို သွားကြည့်ပါ။ လိုင်းပေါင်း ၁၀၀ ကျော်ထုတ်လွှင့်ပေးနေပေပြီ။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလား အထူးဒေသ(၄) အဖွဲ့သည်လည်း ၎င်းတို့ဒေသတွင်း လမ်း/တံတားလုပ်ငန်းများကို အထူးအာရုံစိုက်၍ ပြုပြင်ဖောက်လုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေခွင့်ပြုပေးခဲ့သည့် လမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိုင်းလား-ကျိုင်းခမ်း မြေလမ်း ၆၀ မိုင်
(ခ) ဆီလူး-ဝမ်ခါး-ယမ်းကောင် ကျောက်လမ်း ၁၂မိုင်
(ဂ) ဆီလူး/မိုင်းလားလမ်းခွဲမှ မူကြမ်းအထိ ကျောက်လမ်း ၁၈ မိုင်
(ဃ) နာဖီးဆွပ်နမ့်-ပါဆာကြီး ကတ္တရာလမ်း ၃၅ မိုင်
(င) ဆီလူး-မိုင်းယမ်း ကတ္တရာလမ်း ၁၀ မိုင်
(စ) မိုင်းယောင်း-မိုင်းဝ မြေလမ်း ၃၂မိုင် ၄ဖာလုံ

မိုင်းလားအထူးဒေသ(၄)နယ်မြေအတွင်း ၎င်းလမ်းများဖောက်လုပ်ခြင်းနှင့် အခြားသော ကျန်းမာရေးလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ငွေကျပ်သန်းပေါင်း ၃၀၉၉ဒသမ၇၀သန်းဖြစ်သည်။

"ဝ"အထူးဒေသ(၂)လမ်းများနှင့် မိုင်းလားအထူးဒေသ(၄)နယ်မြေရှိ လမ်းများကို ကြည့်ရင်း အဆိုတော် စိုင်းဆိုင်မောဝ်၏ အို. . . မြောက်ပိုင်းလမ်း××××မူဆယ်နမ့်ခမ်းလမ်း ×××× ဆိုသည့် သီချင်းတစ်ပိုင်းတစ်စသည်လည်းကောင်း၊ "ဝ"တိုင်းရင်းသားမိတ်ဆွေကြီး ပြောကြားခဲ့သည့် အကယ်၍သာ ယခုလိုနယ်မြေတည်ငြိမ်အေးချမ်းမှုရှိနေရင်. . . . ဆိုသည့် စကားသည်လည်းကောင်း အတွေးထဲမှာ တဝဲဝဲလည်လည် ပေါ်လာခဲ့သည်။ ၁၉၈၉ခုနှစ်မှ စတင်ရေတွက်ပါက ၂၅ နှစ်တည်းဟူသော အချိန်ကာလသည် မြောက်ပိုင်းလမ်းများကိုလည်း သာယာကောင်းမွန်စေခဲ့သည်။ အရှေ့ပိုင်းလမ်းများကိုလည်း သာယာကောင်းမွန်စေခဲ့သည်။ ထိုနည်းတူစွာ နိုင်ငံတော်အတွင်း ရှိရှိသမျှသောလမ်းများ သာယာကောင်းမွန်ဖို့ဆိုလျှင် မလွဲမသွေလိုအပ်သည့်အရာမှာ နယ်မြေတည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါလိမ့်မည်။ ကျွန်တော် ဤသို့တွေးဆထင်မြင်မိပါသည်။ ။

မြင့်စိုး (နတလ)



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကယားပြည်နယ်

ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ လွိုင်ကော်မြို့၌ကျင်းပ

ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ် မှခ်ဦးဖွင့်ပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ အဆိုပါဥယျာဉ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်နှင့် မြို့မိမြို့ဖဦးစိုင်း ခမ်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ်ကြီးသည် မိမိတို့ ပြည်နယ်အတွင်းမှ မိဘပြည်သူများအနေဖြင့် နေ့စဉ်၊လစဉ် လှုပ်ရှားရင်ဆိုင်နေကြရသည့် ဘဝအမောများကို ဖြေဖျောက်နိုင်ရန်အတွက် အထူးစီစဉ်ဆောင်ရွက်ပေးထားခြင်း ဖြစ်ကြောင်း၊ ကယားပြည်နယ် အထိမ်းအမှတ် ကိန္နရီ ကိန္နရာရုပ်တု၊ ကယားတိုင်းရင်းသား ရိုးရာအိမ်များ၊ သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)၊ မြို့နာမ်ရွှေစေတီတော်၊ ကြတ်ဂူ၊ ထီးပွင့်ကန်၊ ငွေတောင်ဆည်၊ လောပိတရေအားလျှပ်စစ်စက်ရုံ၊ ကန္ဒရဝတီအထိမ်းအမှတ်ကျောက်တိုင် စသည့်ပြည်နယ်၏ အထင်ကရ အထိမ်းအမှတ်ပုံစံငယ်များကို အနီးစပ်ဆုံး ပုံစံတူအောင် လှပသပ်ရပ်ခံ့ညားစွာ တည်ဆောက်ပေးနိုင်ရန်အတွက် တည်ဆောက်ရေးကာလလေးလကြာမြင့်ခဲ့ပြီးခံ့ညားထည်ဝါစွာ ပထမအဆင့်အနေဖြင့် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည့်ပုံစံငယ်များမှာ မော်ချီးသတ္တုတွင်းလုပ်ငန်း၊ ကန်ခုနစ်ဆင့်၊ သံလွင်မြစ်ကူးတံတား(ဖားဆောင်း)စသည်များအပြင် မိမိတို့ ပြည်နယ်အတွင်းရှိရှားပါးပြီး အလွန်လှပသည့်သစ်ခွမျိုးစိတ်များနှင့် ကယားသဇင်ပန်းများကိုရှာဖွေစုဆောင်းပြီး သစ်ခွပန်းရုံကြီးတစ်ခုစီစဉ်ဆောင်ရွက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်အတွင်း ပုံစံငယ်များဖြင့် ခင်းကျင်းပြသထားသော သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)၊ မြို့နာမ်ရွှေစေတီတော်၊ ကြတ်ဂူ၊ ထီးပွင့်ကန်၊ ငွေတောင်ဆည်၊ ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံအမှတ် (၁)၊ (၂)၊ (၃)၊ ကန္ဒရဝတီကျောက်တိုက်၊ ကယားတိုင်းရင်းသားမျိုးနွယ်စု ရိုးရာအိမ်များနှင့် ကိန္နရီကိန္နရာရုပ်တုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လောပိတစက်ရုံအမှတ်(၁)၊ (၂)၊ (၃)၏ ပုံစံငယ်များကို ယခုကဲ့သို့ပြသရခြင်းမှာစက်ရုံကို အမှန်တကယ်သွားရောက်မည်ဆိုလျှင် အချိန်လည်းအများကြီးပေးရမည်ဖြစ်ပြီး ခရီးလည်းကွာဝေးသည့်အတွက် ဤကဲ့သို့တစ်နေရာတည်းတွင် စက်ရုံသုံးရုံ၏လုပ်ဆောင်မှုများကို ပြသထားခြင်းသည် ကြွရောက်လာကြသည့် ပြည်သူပြည်သားအားလုံး၊ နိုင်ငံခြားသားအားလုံးအလွယ်တကူနှင့် တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါ ကြောင်း ဘီလူးချောင်းဓာတ်အားပေးစက်ရုံအမှတ်(၂)စက်ရုံမှူး ဦးသန်းဝင်းက ပြောကြားသည်။ ကယားပြည်နယ်တွင် နေသော်လည်း ဝေးသဖြင့် လောပိတကိုတစ်ခါမှမရောက်ဖူးကြောင်း၊ ကယားပြည်နယ်တွင်ရှိသော အထင်ကရနေရာများကို တစ်နေရာတည်းတွင် စုပြီး ပြုလုပ်ထားသောကြောင့် စုံစုံလင်လင်ရှိသဖြင့် လောပိတရောက်နေသည့်အတိုင်း ခံစားရကြောင်း ကွန်ပျူတာတက္ကသိုလ်မှ မမြနန္ဒာက ပြောသည်။ ကယားပြည်နယ်၏ အထင်ကရနေရာများ စုပြီးပြထားသည့်အတွက် ဤနေရာတွင် လာရောက်လေ့လာခြင်းအားဖြင့် ရောက်ဖူးသကဲ့သို့ ခံစားရကြောင်း လွိုင်ကော်မြို့နေမောင်နန်းဝင်းဦးက ပြောသည်။

"ကျေးလက်အိမ်ဆိုရင် မြို့ကြီးပြကြီးတွေမှာမြင်ဖို့တော်တော်ရှားပါတယ်။ ဒါကြောင့် ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ်မှာပဲ ကျေးလက်နေလူနေမှုအဆင့်အတန်းနဲ့ မြို့ပြနေ လူနေမှုအဆင့်အတန်း နှိုင်းယှဉ်ပြသရခြင်းဖြစ်ပါတယ်"ဟု ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဦးဆော်ရယ်က ပြောသည်။

(ပြည်နယ်ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး

ရှေ့ဘီးနှစ်ဘီးပါသော မော်တော်ဆိုင်ကယ် မော်ဒယ်အသစ်တစ်မျိုး မြိတ်ဈေးကွက်အတွင်းရောက်ရှိ

ရေလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြိတ်မြို့တွင် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းမှစ၍ မြို့တွင်းနှင့်အနီးအနားမြို့များသို့ သွားလာရေးအတွက် မော်တော်ဆိုင်ကယ်များကို အဓိကထားသုံးစွဲလာကြရာ မော်တော်ဆိုင်ကယ်မော်ဒယ်အသစ်များလည်း နှစ်စဉ်ဈေးကွက်အတွင်း ဒီဇိုင်းစုံဖြင့် ဝင်ရောက်လျက်ရှိသည်။

ယခု မေလအတွင်းတွင် ထိုင်းနိုင်ငံမှဝင်ရောက်လာသော (HONDA TRI CITY)(YAMAHA) အမျိုးအစားမော်တော်ဆိုင်ကယ် ဒီဇိုင်းအသစ်တစ်မျိုးဝင်ရောက်လာကြောင်းသိရသည်။ အဆိုပါဆိုင်ကယ်သည် ရှေ့တွင် ဘီးနှစ်ဘီးပါကာ အော်တိုဂီယာအမျိုးအစားဖြစ်ပြီး အင်ဂျင်ပါဝါမှာ 125 ဖြစ်သည်။ အင်ဂျင်စက်သံငြိမ့်ညောင်းပြီး ဓာတ်ဆီသုံးအင်ဂျင်ဖြစ်ကာ အရောင်အားဖြင့် အနီရောင်နှင့်အဖြူရောင်ဖြစ်သည်။ အဆိုပါ ဆိုင်ကယ်ကို မြိတ်မြို့ အမှတ်(၁)ကျောင်းလမ်း မြစ်ငယ်ရပ်ရှိ Easy Rider Motorbike Co.,Ltd. (Honda Show Room) ၌ လိုင်စင်အပြီး ငွေကျပ် ၂၆ သိန်းခန့်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



၂၀၁၄ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အဇာရင်ကာ ပါဝင်နိုင်မည်မဟုတ်

ဘီလာရုစ်နိုင်ငံသူ ကမ္ဘာ့အဆင့်(၅)တင်းနစ်မယ် ဗစ်တိုးရီးယားအဇာရင်ကာသည် ခြေထောက်ဒဏ်ရာကြောင့် ၂၀၁၄ ခုနှစ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ရတော့မည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ်ရှိ အဇာရင်ကာက ဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း သူ၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့ခြင်းဖြစ်သည်။

အဇာရင်ကာသည် ခြေထောက်ဒဏ်ရာကြောင့် ပြီးခဲ့သည့် မတ်လ ၃ ရက်မှ ၁၆ ရက်အထိ အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သော BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ် ပြိုင်ခဲ့ပြီးနောက်ပိုင်း အခြားပြိုင်ပွဲများ၌ ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ အဇာရင်ကာသည် ၂၀၁၄ ခုနှစ်အတွင်းတွင် ဆုဖလားရယူနိုင်မှုမရှိသေးပေ။

“ဒဏ်ရာပြဿနာကြောင့် ကျွန်မဟာ ကံမကောင်းစွာနဲ့ပဲ အခုနှစ်ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ရတော့မှာဖြစ်ပါတယ်။ တင်းနစ်ပြိုင်ပွဲတွေမှာ အမြန်ဆုံးပြန်လည်ပါဝင်နိုင်ဖို့ ပြင်းပြင်းထန်ထန် ကြိုးစားသွားမှာပါ။ ပရိသတ်တွေရဲ့အားပေးမှုအတွက် အလွန်ကျေးဇူးတင်ပါတယ်”ဟု အဇာရင်ကာက သူမ၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အဇာရင်ကာသည် လာမည့် ဇွန် လ ၂၃ ရက်တွင် စတင်ကျင်းပမည့် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲအမီ ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝလာဖွယ်ရှိသည်ဟုဆိုသည်။

ဩစတြေးလျအိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ချန်ပီယံဆု နှစ်ကြိမ်ရရှိထားသူ အဇာရင်ကာသည် အခြားဂရင်းဆလမ်း တစ်ဦးချင်းပြိုင်ပွဲများ၌ အောင်မြင်မှု မရရှိသေးဘဲ ပြင်သစ်အိုးပင်းပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ အမြင့်ဆုံးအဆင့်အဖြစ် ၂၀၁၃ ခုနှစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခြင်းသာ ရှိသည်။

၂၀၁၄ခုနှစ် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို မေ ၂၅ရက်မှ ဇွန် ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ရာဖေးလ်နာဒယ်လ်ကလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဆီရီနာဝီလျံကလည်းကောင်း ချန်ပီယံဆုများ ရရှိထားသည်။

■ အောင်က

၂၀၁၄ ခုနှစ်အတွက် မေဝဲသား၏ ဒုတိယမြောက်ပွဲ စက်တင်ဘာလအတွင်း ထိုးသတ်ရန် သတ်မှတ်

သစ်မင်းအိမ်

ပြီးခဲ့သည့် မေလ ၄ရက်က အာဂျင်တီးနားလက်ဝှေ့သမား မားကို့စ်မိုင်ဒါနာအား အမှတ်ဖြင့်အနိုင်ယူကာ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားသက်တမ်းတစ်လျှောက် ရှုံးပွဲမရှိစံချိန်ကို ထိန်းသိမ်းနိုင်ခဲ့သူ အမေရိကန်နိုင်ငံသား ဖလွိုက်မေဝဲသားသည် ၂၀၁၄ ခုနှစ်အတွင်း သူ၏ ဒုတိယပွဲအဖြစ်လာမည့်ပွဲကို စက်တင်ဘာ ၁၃ရက်တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



အဆိုပါပွဲတွင် မေဝဲသားနှင့်ထိုးသတ်မည့် ပြိုင်ဘက်၊ ထိုးသတ်မည့်နေရာတို့ကို ရွေးချယ်ဆုံးဖြတ်ရခြင်းမရှိသေးသော်လည်း မေဝဲသား၏ ပြိုင်ဘက်သည် ဗြိတိန်လက်ဝှေ့သမား အမီယာခန်းဖြစ်လာမည် မဟုတ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မေဝဲသား၏ ပွဲစီစဉ်ရေး အမှုဆောင်အရာရှိ လီယိုနာ့ဒ်အီလာဘီက “မေဝဲသားဟာ လာမယ့်စက်တင်ဘာ ၁၃ ရက်မှာ ၂၀၁၄ ခုနှစ်အတွက် ဒုတိယမြောက်ပွဲကို ထိုးသတ်သွားမှာပါ။ ဘယ်သူနဲ့ထိုးသတ်ရမလဲ၊ ဘယ်နေရာမှာ ထိုးသတ်ရမလဲဆိုတာကိုတော့ ကျွန်တော်တို့ ရှာဖွေစဉ်းစားနေဆဲဖြစ်ပါတယ်။ လက်စ်ဗီးဂက်စ်မှာရှိတဲ့ MGM Grand ကွင်းကတော့ အဲဒီပွဲ ထိုးသတ်ဖြစ်ဖို့ ထိပ်ဆုံးနေရာက ရှိနေပါတယ်။ဒါပေမယ့် ကျွန်တော်တို့မှာ အခြားရွေးချယ်စရာတွေလည်း ရှိနေပါသေးတယ်”ဟု ပြောသွားသည်။

အသက် ၃၇ နှစ်အရွယ်ရှိ WBA နှင့် WBC ဝယ်လ်တာဝိတ်တန်း ချန်ပီယံဖြစ်သူ မေဝဲသားသည် ၂၀၀၆ ခုနှစ်မှစတင်၍ တစ်နှစ်အတွင်း နှစ်ပွဲထက် ပိုမိုထိုးသတ်ခဲ့ခြင်းမရှိခဲ့ပေ။

မေဝဲသားအား အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသူ မိုင်ဒါနာက အဆိုပါပွဲအပြီးတွင် မေဝဲသားနှင့် ပြန်လည်ထိုးသတ်ရန် စဉ်းစားထားကြောင်း ဖွင့်ဟပြောဆိုခဲ့ခြင်းကြောင့် လာမည့်စက်တင်ဘာ ၁၃ ရက်တွင် ထိုးသတ်မည့်ပွဲ၌ မိုင်ဒါနာသည် မေဝဲသား၏ ပြိုင်ဘက်ဖြစ်လာဖွယ်ရှိကြောင်း ထင်ကြေးပေးမှုများ ထွက်ပေါ်လျက်ရှိသည်။

လီယိုနာ့ဒ်အီလာဘီက မိုင်ဒါနာသည် မေဝဲသားနှင့် ထိုးသတ်ခဲ့သည့် ပွဲတွင် မလျော်ကန်သည့် နည်းဗျူဟာများ အသုံးပြု ထိုးသတ်ခဲ့ကြောင်း ပြစ်တင်ပြောဆိုခဲ့ဖူးသည်။ အမေရိကန် လက်ဝှေ့သမားများဖြစ်သည့် ဒန်နီဂါစီယာ(၂၆ နှစ်)၊ ရှောင်ပေါ်တာ(၂၆နှစ်)နှင့် ကိသ်သာမန်(၂၅နှစ်)တို့သည်လည်း မေဝဲသား၏ ပြိုင်ဘက်များ ဖြစ်လာဖွယ်ရှိနေသည် ဟုဆိုသည်။

ကမ္ဘာ့ဖလားမိတ်ဆက် - ၇

အုပ်စုကိုကျော်ဖြတ်ရေး ခက်ခဲနေမည့် ချီလီနှင့် ဩစတြေးလျ

စာ - ၂